မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၇၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

၂၀၁၄ ခုနှစ်၊ မတ် ၂၂ ရက်၊ စနေနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်မည်ဟု ယုံကြည်

အာဆီယံဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အာဆီယံလူထုဖိုရမ်သို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၄ ခုနှစ်၊ မတ်လ ၂၁ ရက်

ဒီကနေ့မတ်လ ၂၁ ရက်နေ့မှာ ကျင်းပတဲ့အာဆီယံလူထုဖိုရမ်သို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် အာဆီယံဥက္ကဋ္ဌ တာဝန်ယူထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတတစ်ဦးအနေနှင့် များစွာဝမ်းမြောက်ဂုဏ်ယူမိကြောင်း ပြောကြားလိုပါသည်။ တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံအနေနှင့် အာဆီယံလူထုဖိုရမ်ကို လက်ခံကျင်းပခွင့်ရရှိအောင် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံးကို ချီးကျူးဂုဏ်ပြုကြောင်း ပြောကြားလိုက်ပါသည်။ ယနေ့ အာဆီယံလူထုဖိုရမ်ကို တက်ရောက်လာကြသူများအားလုံးကို ကျွန်ုပ်နှင့်တကွ မြန်မာပြည်သူပြည်သားအားလုံးက လှိုက်လှဲစွာကြိုဆိုပါကြောင်းနှင့် ယခုဖိုရမ်ကတစ်ဆင့် အာဆီယံပြည်သူများအနေဖြင့် ဒေသတွင်းကိစ္စရပ်များနှင့် ပတ်သက်ပြီး အောင်မြင်သည့် ပူးပေါင်းဆောင်ရွက်မှုများနှင့်ရလဒ်ကောင်းများ ရရှိကြပါစေဟုလည်း ဆန္ဒပြုပါသည်။

လက်ရှိအချိန်ကာလသည် မြန်မာပြည်သူပြည်သားများအတွက်သာမက အာဆီယံနိုင်ငံများအတွင်း၌ မှီတင်းနေထိုင်ကြသည့် ပြည်သူပြည်သားများအားလုံးအတွက်ပါ အလွန်အရေးကြီးသည့်အချိန်ကာလဖြစ်ပါသည်။ ရှေ့လအနည်းငယ်အတွင်း ကျွန်ုပ်တို့၏ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များ၊ ချမှတ်လိုက်သည့် မူဝါဒများသည် ဒေသတွင်းရှိ သန်းပေါင်းများစွာသော ပြည်သူများ၏ဘဝများအပေါ် လာမည့်ဆယ်စုရာစုနှစ်များအထိ အကျိုးသက်ရောက်မှုများ ရှိနေမည်ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်ခန့်က အရှေ့တောင်အာရှဆိုလျှင်

စာမျက်နှာ ၃ ကော်လံ ၁ ❋

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆေးတက္ကသိုလ် (၁) အပန်းဖြေခန်းမ၌ ခင်းကျင်းပြသထားသော သင်ကြားရေး သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဦးပိန်တံတားကြီးပြုပြင်ရန် အခန်းပေါင်း ၂၁ ခန်းအတွက် ကျပ်သိန်း ၁၃၀ ခန့်မှန်း

မန္တလေး မတ် ၂၁

မန္တလေးမြို့ရှိ ကမ္ဘာကျော် ဦးပိန်တံတားကြီးကို ပြန်လည်ပြုပြင်မှုများ လုပ်ဆောင်ရန် လေ့လာစစ်ဆေးချက်များအရ ပထမဦးစားပေးအဆင့်အနေဖြင့် အခန်းပေါင်း ၂၁ ခန်း စတင်ပြုပြင်နေပြီး ကျပ်သိန်း ၁၃၀ ခန့်မှန်းထားကြောင်း ရှေးဟောင်းသုတေသနဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါပြုပြင်မှုကို တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပြီး သင်္ကြန်ကာလမတိုင်ခင်အပြီးလုပ်ဆောင်သွားမည်ဖြစ်ကာ အလားတူ ပျက်စီးယိုယွင်းနေသည့် အခန်းများကိုလည်း ဆက်လက်ပြုပြင်ရန် စီစဉ်လျက်ရှိကြောင်း ၎င်းက ပြောသည်။

ရှေးဟောင်း သုတေသနဌာနမှ ကွင်းဆင်း လေ့လာစစ်ဆေးချက်များအရ တံတားကြီးအခန်းအလိုက် စစ်ဆေးပြီး ပျက်စီးမှုအခြေအနေများကို ဓာတ်ပုံမှတ်တမ်းများဖြင့် ပြုစုထားရှိပြီး ပြုပြင်ထိန်းသိမ်းရန်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြုပြင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များမှာ အစားထိုးလဲလှယ်ရန် လိုအပ်သောတိုင်များ၊ ရက်မများ၊ ဆင့်တန်းများလဲလှယ်ခြင်း၊ မူလရှိပြီးတိုင်များနှင့် ချိတ်ဆက်ထားသည့် ဘိုးနက်များကိုအသစ်လဲလှယ်တပ်ဆင်ခြင်း၊ ထောက်ကြားနှင့် တန်းများထည့်ခြင်း၊ ကြမ်းခင်းများအစားထိုးခြင်း၊ ကြမ်းခင်းဘေးနှစ်ဖက်တွင် ဇလီဖြင့် ဖုံးအုပ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လျာထားလျက်ရှိပြီး မူလလက်ရာမပျက် သစ်သားများဖြင့်သာ အစားထိုးဆောင်ရွက်ရန်စီစဉ်ထားသည်။

ဦးပိန်တံတားကြီးကို ရှေးဟောင်းသုတေသနဌာနမှ တာဝန်ရှိသူများက တံတားကြီးအခြေအနေကို စဉ်ဆက်

စာမျက်နှာ ၉ ကော်လံ ၃ ■

ဆေးပညာအရည်အသွေးမြင့်မားရေး အားလုံးအကြံပြုဆွေးနွေး

ရန်ကုန် မတ် ၂၁

"နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများကို ကျန်းမာရေးဝန်ဆောင်မှုပေးရန်နှင့် မိမိတို့နိုင်ငံ၏ ဆေးပညာအရည်အသွေး မြင့်မားစေရေးအတွက် ဆရာကြီး၊ ဆရာမကြီးများက အကြံပြုဆွေးနွေးကြစေလိုကြောင်း၊ ဆရာဝန်၊ သူနာပြုနှင့် သားဖွားဆရာမများအနေဖြင့်လည်း ကျင့်ဝတ်များကို မမေ့မလျော့ လက်ကိုင်ထားရန်လိုအပ်ကြောင်း၊ လူနာများကို စေတနာ၊ မေတ္တာ၊ ကရုဏာဖြင့် ဆက်ဆံခြင်းဖြင့် အရည်အသွေးကို မြှင့်တင်ရန် လိုအပ်ကြောင်း" ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁)နှင့် သူနာပြုတက္ကသိုလ်၊ ရန်ကုန်(ပင်မ)၌ ပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံနေစဉ် ပြောကြားခဲ့သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ဆေး

စာမျက်နှာ ၈ ကော်လံ ၁ ❁

စစ်တွေမြို့နှင့် အနီးတစ်ဝိုက်တွင် ပဉ္စဝတီFM လှိုင်းနှုန်း ပြောင်းလဲထုတ်လွှင့်

စစ်တွေမြို့နှင့် အနီးတစ်ဝိုက်တွင် ပဉ္စဝတီ FM ထုတ်လွှင့်ခြင်းကို ယခင်လှိုင်းနှုန်း 88.9MHz ဖြင့် ထုတ်လွှင့်လျက်ရှိရာမှ ၃၀-၃-၂၀၁၄ ရက်နေ့မှစ၍ လှိုင်းနှုန်း 88.3MHz ဖြင့် ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လုပ်ချင်ကိုင်ချင်စိတ်မွေးပါ

မည်သည့်အလုပ်ကိုလုပ်ကိုင်သည်ဖြစ်စေ လုပ်ချင်ကိုင်ချင်စိတ်သည် ပဓာနအကျဆုံးဖြစ်သည်။ ပြင်းပြသော လုပ်ချင်ကိုင်ချင်စိတ်သည် အလုပ်အထမြောက်အောင်မြင်ခြင်း၏ တံခါးပေါက် ဖြစ်၏။ အလုပ်အောင်မြင်ပြီးမြောက်စေရန် ပထမဆုံးခြေလှမ်းပင်ဖြစ်၏။ ပြီးမြောက်အောင်မြင်သောလုပ်ငန်းတိုင်းသည် လုပ်ချင်ကိုင်ချင်စိတ်မှအစပြုခဲ့ခြင်းပင်ဖြစ်၏။ အစဆုံးသောခြေလှမ်းကို မလှမ်းသေးလျှင် အလုပ်ပြီးမြောက်ခြင်းမဖြစ်နိုင်ပါ။ အလုပ်ပြီးမြောက်ခြင်းမရှိလျှင် အောင်မြင်သည်ဟူ၍လည်း မပြောနိုင်ပါ။ ထို့ကြောင့် ဦးစွာပထမ လုပ်ချင်ကိုင်ချင်စိတ်မွေးပြီး အလုပ်ကိုစတင်ရမည်ဖြစ်ပါသည်။

လောက၌ မရှိတာလည်းရှိအောင်လုပ်လို့ရပါသည်။ မသိတာလည်း သိအောင်လုပ်၍ရပါသည်။ သို့သော် မလုပ်ချင်တာကိုတော့ မည်သို့မျှလုပ်နိုင်လိမ့်မည်မဟုတ်ကြောင်း ယောမင်းကြီးဦးဖိုးလှိုင်က မင်းတုန်းမင်းကြီး၏အမေးကို ဖြေလျှောက်ဖူးပါသည်။ မှန်ပါသည်။ လုပ်ချင်ကိုင်ချင်စိတ်မရှိလျှင် မည်သည့်အရာမျှ အထမြောက်အောင်လုပ်နိုင်တော့မည်မဟုတ်ပါ။ မလုပ်နိုင်လျှင်မဖြစ်နိုင်ပါ။ တကယ်လုပ်မှသာ အဟုတ်ဖြစ်နိုင်ပါသည်။

အလုပ်တိုင်းသည် လုပ်ချင်ကိုင်ချင်စိတ်ပါဝင်ရပါမည်။ သို့မှသာ ထိုအလုပ်သည် ပြောင်မြောက်နိုင်ပါသည်။ ကောင်းမွန်နိုင်ပါသည်။ စိတ်ပါလက်ပါလုပ်သောအလုပ်နှင့် စိတ်မပါဘဲအလုပ်မှာမတူနိုင်ပါ။ အလုပ်ချင်းတူသော်လည်း အရည်အသွေးချင်းကွာခြားပါသည်။ တန်ဖိုးချင်းလည်းမတူနိုင်ပါ။ စိတ်ပါ လက်ပါလုပ်သော အလုပ်သည် အသေးအဖွဲဖြစ်စေကာမူ တန်ဖိုးကြီးမားစွာရတတ်ပါသည်။

အစကတည်းက လုပ်ချင်ကိုင်ချင်စိတ်မရှိလျှင် စိတ်ပါလက်ပါလုပ်ကိုင်ရန် မဖြစ်နိုင်ပါ။ အလုပ်မလုပ်မီကပင် လုပ်ချင်ကိုင်ချင်စိတ်မွေးပြီးလုပ်ကိုင်တတ်မှသာ စိတ်ရောကိုယ်ပါလုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ လုပ်ချင်ကိုင်ချင်စိတ်သာရှိပြီး မလုပ်နိုင်သေးတာက အရေးမကြီးပါ။ မလုပ်နိုင်သေးလျှင် တစ်ချိန်ချိန်တွင် လုပ်နိုင်ပါလိမ့်မည်။ လုပ်ချင်ကိုင်ချင်စိတ်သာ ဦးစွာမွေးမြူဖို့လိုပါသည်။ လုပ်ချင်ကိုင်ချင်စိတ် ပြင်းထန်လာလျှင် အလုပ်စတင်ရန် နီးလာမည်ဖြစ်ပါသည်။

သို့သော် နေရာများစွာတို့၌ လုပ်ချင်ကိုင်ချင်စိတ်မရှိဘဲ လုပ်ကိုင်နေကြသူများစွာရှိပါသည်။ တစ်နည်းအားဖြင့် စိတ်ဓာတ်ကျဆင်းပြီးလုပ်နေကြရပါသည်။ လုပ်ချင်လည်းလုပ်၊ မလုပ်ချင်လည်းလုပ်၊ စိတ်ပါလည်းလုပ်၊ စိတ်မပါလည်းလုပ်နေကြရပါသည်။ စိတ်မပါဘဲလုပ်ရခြင်းသည် အလုပ်တန်ဖိုးကို ကျဆင်းစေနိုင်ပါသည်။ ကောင်းမွန်သပ်ရပ်ခြင်း၊ ပြီးပြည့်စုံခြင်း၊ လက်ရာမြောက်ခြင်းဆိုသည့်အလုပ်၏ ကောင်းသောအင်္ဂါရပ်များနှင့်မပြည့်စုံဘဲဖြစ်တတ်သည်။ အလုပ်သာပြီးသွားသော်လည်း တစ်ခုခုလိုနေတတ်သည်။

သို့ပါ၍ လူတိုင်းလူတိုင်းသည် မည်သည့်အလုပ်ကိုလုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ လုပ်ချင်ကိုင်ချင်စိတ် ရှိဖို့လိုပါသည်။ လုပ်ချင်ကိုင်ချင်စိတ်ရှိပါမှ အလုပ်တွင်စိတ်ပါလက်ပါလုပ်နိုင်ပြီး လုပ်ငန်းတိုးတက်အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်တွင်းသတင်း

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး။

☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စုစည်းညီညွတ်သော ပြည်ထောင်စုကိုအခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေး။

ဇမ္ဗူသီရိမြို့နယ်၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

နေပြည်တော် မတ် ၂၁

အနာဂတ်လူငယ်များသည် ယဉ်ကျေးပြီး တိုင်းပြည်နှင့် လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ နေပြည်တော်ကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မစိုးရိမ်ကျောင်းတိုက်၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၈ နာရီက ကျင်းပရာ မစိုးရိမ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဦးအဂ္ဂဓမ္မ တက်ရောက်ချီးမြှင့်ခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ရခြင်းသည် တိုင်းပြည်အတွက် ကျရာတာဝန်များကို ပခုံးပြောင်း တာဝန်ထမ်းဆောင်နိုင်ရန်နှင့် နိုင်ငံတော်၏သားကောင်းရတနာများ၊ လူတော်၊ လူကောင်းများဖြစ်လာစေရန်နှင့် မိမိတို့ကိုးကွယ်နေသော အမျိုးဘာသာသာသနာကို လေးစားတန်ဖိုးထားစောင့်ထိန်းနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း လျှောက်ထားတင်ပြသည်။

ဆက်လက်၍ မစိုးရိမ်ကျောင်းတိုက်ပဓာနနာယကဆရာတော်ဘဒ္ဒန္တအဂ္ဂဓမ္မအား နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီးနောက် သင်တန်းသား သင်တန်းသူများအား သင်တန်းဝတ်စုံနှင့် စာအုပ်များကိုပေးအပ်ခဲ့သည်။ ယင်းနောက် လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အဆိုပါသင်တန်းသို့ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူ ၁၈၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(ရုပ်ဗေဒ)

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ပေါင်းတည်အကျဉ်းထောင် ကြည့်ရှုစစ်ဆေး

ပဲခူး မတ် ၂၁

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် ပဲခူးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဝင်း၊ ပြည်ခရိုင်တရားသူကြီး ဒေါ်ဆောင်းတင်တို့လိုက်ပါလျက် မတ် ၁၉ ရက် နံနက် ၉ နာရီခွဲက ပေါင်းတည်အကျဉ်းထောင်ရှိ အကျဉ်းသူအကျဉ်းသားများ၏ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ/မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ/မရှိ၊ ကျန်းမာရေးပြည့်စုံမှု ရှိ/မရှိ၊ မကျန်းမာပါက ဆေးကုသရန် အခွင့်အရေးရှိ/မရှိ၊ အမျိုးသမီးအကျဉ်းသူများအား လုံခြုံစွာ အစောင့်အရှောက်ဖြင့်ထားခြင်း ရှိ/မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ/မရှိနှင့်ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ/မရှိတို့ကို အကျဉ်းသား အကျဉ်းသူများအား တွေ့ဆုံမေးမြန်းကြည့်ရှုပြီး ပေါင်းတည်အကျဉ်းထောင် အိပ်ဆောင်၊ စားဖိုဆောင်၊ သောက်သုံးရေသုံးစွဲမှုများကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းထောင်မှူး ဦးဝင်းခိုင်က ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

သန့်စင်(ပဲခူး)

အရန်မျိုးများကြိုတင်စုဆောင်းထားရေးနှိုးဆော်ချက်

၁။ တချို့ဒေသများတွင် မိုးဦးလေဦးနှင့် မိုးတွင်းကာလများတွင် သဘာဝဘေးအန္တရာယ်များမှာ ရာသီစာကဲ့သို့ ဖြစ်ပွားတတ်ရာ သီးနှံများ အချိန်မီစိုက်ပျိုးရန်နှင့် ပျက်စီးသွားသောနေရာများတွင် အချိန်မီ ဖာထေးစိုက်ပျိုးရန်အတွက် ဒေသတွင်း မြို့နယ်အလိုက် လိုအပ်သော အရန်မျိုးများကို စနစ်တကျကြိုတင်စုဆောင်းထားရှိရန် လိုအပ်ပါသည်။

၂။ သို့မှသာလျှင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက တောင်သူများသို့ အချိန်မီ လွယ်လင့်တကူ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ရာသီစာကဲ့သို့ ဖြစ်လေ့ဖြစ်ထရှိသော မြို့နယ်များတွင် အရန်မျိုးများ ကြိုတင်တွက်ဆ၍ ကြိုတင်ပြင်ဆင်စုဆောင်းထားရှိနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန

စက်မှုလုပ်ငန်းမျိုးစုံအကျိုးတူလုပ်ကိုင်ရန်

- စက်မှုမြေဧကကျယ်ကျယ်
- ကိုယ်ပိုင် Transformer နှင့် လုပ်ငန်းသုံး ရေ
- စက်ရုံအဆောက်အအုံအပါ (သို့) မြေသီးသန့်ရှိသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၃၀၁၈၅၁၅၇

ဂန္ထဝင်ရွှေပုဂံ Travels & Tours

မန္တလေး+မိုးကုတ်	(၅ညအိပ်-၆ရက်)	၃.၂ သိန်း
စစ်တွေ-မြောက်ဦး-ငပလီ	(၅ညအိပ်-၆ရက်)	၆.၅ သိန်း
ပုဂံ-ပုပ္ပါး-မန္တလေး-ပြင်ဦးလွင်	(၅ညအိပ်-၆ရက်)	၂.၂ သိန်း
မန္တလေး-လားရှိုး-မူဆယ်-ရွှေလီ	(၇ညအိပ်-၈ရက်)	၃.၅ သိန်း
ထားဝယ် (ရှင်ကိုးရှင်-ကန်ချနာဘူရီ)-မော်လမြိုင်	(၆ညအိပ်-၇ရက်)	၃.၆ သိန်း
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော	(၄ညအိပ်-၅ရက်)	၁.၉၅ သိန်း
မုံရွာ-အလောင်းတော်ကဿပ-စစ်ကိုင်း-ပြင်ဦးလွင်	(၅ညအိပ်-၆ရက်)	၂.၆ သိန်း

No.67,Baho Rd,Sanchaung,Ph: 01-500191,519292,510218,510491,519360
E/1,35 Rd,Bet7 2 x 73 Street,Mandalay
Ph: 09-73013856,09-31693339
Hot Line: 09-73003772

ပြည်တွင်းသတင်း

❋ ***ရှေ့ဖုံးမှ***

စစ်ပွဲများ၊ အနိဋ္ဌာရုံများနှင့် ပြည့်နှက်နေသည့် နေရာတစ်ခုအဖြစ် လူသိများခဲ့ကြပါသည်။ ကျွန်ုပ်တို့နိုင်ငံ အများအပြားသည် ကြမ်းတမ်းသည့် ပဋိပက္ခများနှင့် အစာရေစာရှားပါးမှုများကို ရင်ဆိုင်ခဲ့ကြရပါသည်။ စစ်အေးကာလ၏ လွန်ဆွဲမှုများ၊ ဖိနှိပ်ချုပ်ချယ်မှုများအတွက် သန်းပေါင်းများစွာသော ပြည်သူများ၏အသက်များကို စတေးခဲ့ကြရပါသည်။

လက်ရှိအချိန်တွင်မူ အာဆီယံဒေသသည် လုံးဝပြောင်းလဲသွားပြီဖြစ်ပါသည်။ အရှေ့တောင်အာရှနိုင်ငံအားလုံးပါဝင်သည့် အာဆီယံအဖွဲ့ကြီးသည် ကမ္ဘာကအတုယူလေးစားစရာ ဒေသတွင်းအဖွဲ့အစည်းကြီးတစ်ခု ဖြစ်လာပါသည်။ အာဆီယံနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ကမ္ဘာတွင် မကြုံဖူးသေးသည့် အမြန်နှုန်းဖြင့် တိုးတက်လျက်ရှိပါသည်။ အာဆီယံနိုင်ငံများအကြား လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုသည်လည်း စိတ်ကူးကြည့်ရန်ပင် ခက်ခဲနေပြီဖြစ်ပါသည်။ မည်သည့်အချိန်ကမှ မရှိဖူးသေးသည့်ပိုမိုလွတ်လပ်ပွင့်လင်းမှုများ၊ လူ့အခွင့်အရေးများကို ရရှိခံစားနေကြပြီဖြစ်ပါသည်။

သို့သော်လည်း ကျွန်ုပ်တို့အနေဖြင့် လက်ရှိအခြေအနေနှင့် ရောင့်ရဲတင်းတိမ်မနေသင့်ပါ။ အာဆီယံနိုင်ငံများအကြား လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုမရှိသလောက် နည်းပါးသွားပြီဖြစ်သော်လည်း မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံအချို့တွင်မူ လက်နက်ကိုင်ပဋိပက္ခများကိုဖြေရှင်းနေရဆဲဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ဆယ်စုနှစ် ခုနစ်ခုကြာ ကြုံတွေ့ရသည့် လက်နက်ကိုင်ပဋိပက္ခကို အဆုံးတိုင်ဖြေရှင်းနိုင်ရေးအတွက် သမိုင်းဝင်မည့် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရေး နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် ပြင်ဆင်နေချိန်လည်းဖြစ်ပါသည်။ ပြည်သူလူထုတို့သည် မိမိကိုယ်ကိုအုပ်ချုပ်မည့်ဥပဒေများနှင့် မူဝါဒများကို အသိဉာဏ်ပညာပြည့်ဝစွာဖြင့် ရွေးချယ်ဆုံးဖြတ်နိုင်ရေး၊ ဒီမိုကရေစီစနစ်အသက်ဝင်စေရေး စသည့်ကိစ္စများသည် ကျွန်ုပ်တို့အားလုံးအတွက် အရေးကြီးသည့် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။

အခြားအရေးကြီးသည့် စိန်ခေါ်မှုတစ်ရပ်မှာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်သူအများစု လက်လှမ်းမီ ပါဝင်ခံစားနိုင်စေရန်ဖြစ်ပါသည်။ သန်းပေါင်းများစွာသော ပြည်သူတို့၏ဘဝများ တိုးတက်ကောင်းမွန်သည်ကို တွေ့ရှိရသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေသေးသည်ကိုလည်း မြင်နေရဆဲဖြစ်ပါသည်။ ကျွန်ုပ်တို့အာဆီယံနိုင်ငံများအတွင်း၌ ဆင်းရဲချမ်းသာကွာဟမှုများ၊ လူမှုစီးပွားဘဝမညီမျှမှုများသည် အရေးကြီးသည့် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် အာဆီယံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်မည်ဟုယုံကြည်ပါသည်။ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ရာတွင်လည်း လူအနည်းစုကို အကျိုးပြုသည့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမျိုးမဖြစ်စေဘဲ ပြည်သူအများကို အကျိုးပြုသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမျိုး ဖြစ်စေရန်အတွက် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ အဆိုပါ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများသည် ကျွန်ုပ်တို့၏ ငြိမ်းချမ်းရေးတည်ဆောက်မှုကြိုးပမ်းချက်များ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအားထုတ်မှုများနှင့် တရားမျှတမှုပိုမိုအားကောင်းလာအောင် ထောက်ပံ့ကူညီသည့်အခြေအနေမျိုးဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် စီးပွားရေးမူဝါဒများချမှတ်ရာတွင် ဖွံ့ဖြိုးတိုးတက်မှုနှုန်း ပိုမိုမြန်ဆန်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းအများအပြား ဖန်တီးနိုင်ရေးတို့အတွက် လူမှုစီးပွားရေးကွာဟမှုများကို လျှော့ချနိုင်ရန် ရည်မှန်းချက်ထားရှိလျက် ဆောင်ရွက်သကဲ့သို့ ကျွန်ုပ်တို့၏သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတာဝန်သည် အာဆီယံနိုင်ငံအားလုံးအတွက် အရေးကြီးပါသည်။ ကျွန်ုပ်တို့၏သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့်တစ်မူထူးခြားသည့် ဇီဝမျိုးကွဲများ ကာကွယ်စောင့်ရှောက်မှုတို့ကို အခြားနိုင်ငံများအတွက် စံပြဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

> **ပြည်သူများအကြား တွေ့ဆုံဆွေးနွေးငြင်းခုံသည့် အလေ့အထများ အားကောင်းခိုင်မာလာအောင် ဆောင်ရွက်ပေးသည့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးရန်လို။**
>
> **နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရတစ်ရပ်တည်း၏ အင်အားဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ပူးပေါင်းပါဝင်မှုနှင့်အတွေးအမြင်များလိုအပ်။**

ယခင်က အရှေ့တောင်အာရှသားအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြီးပြင်းခဲ့ကြသူများဖြစ်ပါသည်။ သို့သော် လာမည့်နှစ်များအတွင်းတွင် မြို့ပြနေထိုင်သူများဖြစ်လာကြမည်ဖြစ်ပါသည်။ သန်းပေါင်းများစွာသော ပြည်သူများ ပြောင်းရွှေ့နေထိုင်ကြမည်ဖြစ်သည့်အတွက် မြို့ပြစီမံကိန်းများကို စနစ်တကျ ချမှတ်ရမည်ဖြစ်ပြီး ပြည်သူ့ရေးရာဝန်ဆောင်မှုများအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အဆင့်အတန်းမြှင့်တင်သွားရမည်ဖြစ်ပါသည်။ ပြည်သူများ လက်လှမ်းမီသည့် အိမ်ရာစီမံကိန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ပြီး မြို့ပြများတွင် ပြည်သူများ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်။

အထက်တွင် ဖော်ပြထားသည့် အရေးတကြီးဆောင်ရွက်ရမည့်ကိစ္စရပ်တိုင်း၌ အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပြီး ၎င်းအဖွဲ့အစည်းများ၏ အထောက်အကူပြုမှုများ၊ ဝေဖန်အကြံပြုချက်များနှင့် ပါဝင်လုပ်ဆောင်မှုများ အားကောင်းလာအောင် ဆောင်ရွက်ကြရန် အရေးကြီးပါသည်။ အထူးသဖြင့် ပြည်သူများအကြား တွေ့ဆုံဆွေးနွေးငြင်းခုံသည့် အလေ့အထများ အားကောင်းခိုင်မာလာအောင် ဆောင်ရွက်ပေးသည့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။ နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရတစ်ရပ်တည်း၏ အင်အားဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ပူးပေါင်းပါဝင်မှုနှင့် အတွေးအမြင်များ လိုအပ်သည်ဟု ကျွန်ုပ်အနေဖြင့် ယုံကြည်မိပါသည်။

အထက်တွင် ပြောကြားခဲ့သည့်ကိစ္စရပ်များနှင့် စိန်ခေါ်မှုများအပြင် တွေ့ဆုံဆွေးနွေးပွဲများမှ ပေါ်ထွက်လာမည့် အခြားအကြောင်းအရာများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းသည့်အချိန်တွင် အာဆီယံလူထုဖိုရမ်ကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့် အဖွဲ့အစည်းများ၏ အကြံပြုမှုများကို ရယူဆောင်ရွက်သွားလိုပါသည်။

ယခုအာဆီယံလူထုဖိုရမ်သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအနေဖြင့် ဒေသတွင်းကိစ္စရပ်များကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးရင်း အကြံဉာဏ်ကောင်းများ ထွက်ပေါ်ကြပါစေကြောင်းနှင့် မြန်မာနိုင်ငံသို့ရောက်ရှိစဉ်အတွင်း မိမိတို့၏ အိမ်ရာကဲ့သို့ ပျော်ရွှင်စွာ နေထိုင်လည်ပတ်ကြပါရန် ဆန္ဒပြုလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား နိုင်ငံခြားဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၁

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား နယ်စည်းမထားဆရာဝန်များအဖွဲ့၊နိုင်ငံတကာဥက္ကဋ္ဌ Dr.Joanna Liu နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

အင်အားပြင်းငလျင်လှုပ်

နေပြည်တော် မတ် ၂၁

မတ် ၂၁ ရက် မြန်မာစံတော်ချိန် ၂၀ နာရီ ၁၃ မိနစ် ၂၄ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် မိုင် ၆၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ(Nicobar Islands, India Region)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr. PARK, Byeong Seung ဦးဆောင်သည့်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။

(ယာပုံ)

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ရန်ကုန်-သန်လျင်အမှတ်(၂)တံတားအနီး၊ ၁/ဧက = **ကျပ် သိန်း ၅၀၀**
ကုလားဝဲကျေးရွာဝန်းကျင်၊ သီလဝါစက်မှုဇုန်သို့သွားသော
ခြောက်လမ်းသွား အမှတ်(၂)လမ်းမကြီးဘေး၊သန်လျင်လယ်မြေ(၁၆/ဧက)၊
(မြှုပ်နှံထားလျှင် တန်ဖိုးအလွန်တက်ရန်ရှိသောမြေများ)

၂။ သာကေတအဝိုင်း၊ ၁၀၈/တောင်ဘုရားနှင့် ရတနာလမ်းဆုံကြား၊ သန်လျင်တံတားသွားလမ်းမကြီးဘေး၊ ဘဏ်ဖွင့်လိုသူများ၊ ကားအရောင်းပြခန်းဖွင့်လိုသူများ၊ ဆီဆိုင်ဖွင့်လိုသူများနှင့် စီးပွားရေးလုပ်ကိုင်လိုသူများအတွက် အချက်အချာကျနေရာကောင်း၊ ဧရာဝဏ် လမ်းမကြီးဘေး၊ မျက်နှာ၀ 110'၊ အနောက် 85'၊ ခြံစည်းရိုးခတ်ပြီး၊ ရေ၊ မီးပါ။
ကျပ် သိန်း ၁၅,၀၀၀

၃။ TOYOTA LANDCRUISER,96-97 MODEL, 24 Valve,HDJ-81 ဒီဇယ်၊ ၆ဃ/---ပါးပိုက်၊ နယ်သုံးအလွန်ကောင်း၊ ကားအလွန်သန့်သည်။ **ကျပ် သိန်း ၃၆၀**

အငှား

၁။ Diamond Condo ၊ (ရှစ်လွှာ)၊ 1350 Sqft၊ နှစ်ယောက်အိပ်ခန်း တစ်ခန်း၊ ရိုးရိုးအိပ်ခန်းနှစ်ခန်း၊
(US$ 2000)

Aircon လေးလုံး၊ ပရိဘောဂအစုံ၊ ကြိုးဖုန်းပါ။

ဆက်သွယ်ရန်ဖုန်း - 560787, 246792, 09-5178979, 09-43022828, 09-420301091, 09-5504071, 09-420079424

နိုင်ငံတကာသတင်း

ဗင်နီဇွဲလားနိုင်ငံအပေါ် လေးစားသမှုရှိရန် အမေရိကန်အား ဘိုလီးဗီးယားသမ္မတတိုက်တွန်း

ကာရာကတ်စ် မတ် ၂၁

ဘိုလီးဗီးယားသမ္မတ အီဗိုမိုရာလက်က အမေရိကန်အနေဖြင့် ဗင်နီဇွဲလားနိုင်ငံ၏ ဒီမိုကရေစီအရေးနှင့် ဒီမိုကရေစီနည်းလမ်းကျကျ ရွေးချယ်ထားသော သမ္မတနီကိုလ်မာဒူရိုတို့အား လေးစားသမှုရှိရန် မတ် ၂၀ ရက်က တိုက်တွန်းလိုက်သည်ဟု သိရသည်။

“အမေရိကန်အနေနဲ့ ဗင်နီဇွဲလားသမ္မတကို လေးစားမှုရှိရပါမယ်။ အလားတူ ဗင်နီဇွဲလားရဲ့ ဒီမိုကရေစီစနစ်နဲ့ နိုင်ငံရေးရပ်တည်မှုကိုလည်း လေးစားသမှုထားရပါမယ်။ ဘာလို့လဲဆိုတော့ ဗင်နီဇွဲလားဆိုတာ ကာရေဘီယံနဲ့ လက်တင်အမေရိက မြေပေါ်မှာရှိနေလို့ပါ” ဟု ဘိုလီးဗီးယားရောက် အမေရိကန်နိုင်ငံ၏ ဥပဒေပြုအဖွဲ့ ငါးဦးနှင့် တွေ့ဆုံစဉ် ဘိုလီးဗီးယားသမ္မတက ပြောကြားခဲ့သည်။

ဗင်နီဇွဲလားအစိုးရက နိုင်ငံရေးအတိုက်အခံများအပေါ် ဖိနှိပ်တင်းကျပ်မှုများ ပြုလုပ်သည်ဟု စွပ်စွဲနေသော အမေရိကန်အစိုးရထံသို့ အမေရိကန်အထက်လွှတ်တော်အမတ်များမှတစ်ဆင့် အမှာစကားပေးပို့ချင်သည်ဟု ဘိုလီဗီးယားသမ္မတက ဆိုသည်။

ပြီးခဲ့သည့် မတ် ၁၉ ရက်ကလည်း ဝါရှင်တန်အနေဖြင့် မာဒူရိုအစိုးရကို ယိမ်းယိုင်စေရေး ဆန့်ကျင်သူများအား သွေးထိုးပေးနေသည်ဟု လူသိရှင်ကြား စွပ်စွဲမှုများပြုလုပ်ခဲ့ပြီး ဗင်နီဇွဲလားနိုင်ငံအရေး အမေရိကန်၏ ကြားဝင်မှုရပ်တန့်စေရန် လက်တင်အမေရိကခေါင်းဆောင်များအား သမ္မတက တောင်းဆိုခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံအနောက်ပိုင်း ဆန်ခရစ္စတိုဘယ်၌ ဖေဖော်ဝါရီ ၄ ရက်က ပဋိပက္ခဖြစ်ပွားမှုများကြောင့် အနည်းဆုံး ၂၈ ဦး သေဆုံးကာ လူ ၄၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ မြို့တော်ကာရာကတ်စ်နှင့် အခြားသောမြို့များစွာတို့သည်လည်း ကွဲထွက်နေလျက်ရှိသည်။

(ဆင်ဟွာ)

လုပ်ခလစာတိုးမြှင့်ရေးအတွက် တိုယိုတာစက်ရုံနှစ်ခုတွင် အလုပ်သမားများ တောင်းဆိုကြစဉ်။

အိန္ဒိယနိုင်ငံရှိ စက်ရုံနှစ်ရုံကို တိုယိုတာကုမ္ပဏီပိတ်သိမ်း

နယူးဒေလီ မတ် ၂၁

ကမ္ဘာ့အကြီးဆုံး ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော တိုယိုတာကုမ္ပဏီသည် အိန္ဒိယနိုင်ငံရှိ ၎င်းကုမ္ပဏီပိုင်စက်ရုံနှစ်ရုံကို ပိတ်သိမ်းတော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ကုန်ပစ္စည်းထုတ်လုပ်မှုအတွက် ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးထားသော အလုပ်သမားများအနေဖြင့် စာချုပ်သက်တမ်းကာလအတွက် မတ် ၂၄ ရက်တွင် ပြန်လာကာ အလုပ်လုပ်ရမည်ဖြစ်သည်ဟု ကုမ္ပဏီက ဆိုသည်။ ပြီးခဲ့သည့် ၁၀ လတာ ကာလတစ်လျှောက် လုပ်ခလစာ တိုးမြှင့်ပေးရေး ဆွေးနွေးအကောင်အထည်ဖော်လျက်ရှိသော်လည်း မပြီးပြတ်သေးသော ကိစ္စရပ်များ ကျန်ရှိနေဆဲပင်ဖြစ်သည်။

တိုယိုတာကုမ္ပဏီသည် အလုပ်သမားများက ကြီးကြပ်သူများအား ခြိမ်းခြောက်မှုများ ပြုလုပ်သည်ဟု ဆိုပြီးနောက် ပိတ်သိမ်းမှုရှိခဲ့ခြင်းဖြစ်သည်။ အလုပ်သမားများသည် ကုန်ပစ္စည်း ထုတ်လုပ်မှုများတွင် တမင်သက်သက်ပိတ်ဆို့မှုများ၊ စီးပွားရေးလုပ်ငန်းကို အဆက်မပြတ်နှောင့်ယှက်သည့်အနေဖြင့် ကြီးကြပ်သူများအား ရင့်ရင့်သီးသီးပြောဆိုဆက်ဆံမှုများဖြင့် လုပ်ငန်းရပ်တန့်ရန် တွန်းအားပေးခဲ့သည်ဟု ကုမ္ပဏီက ဆိုသည်။

အိန္ဒိယနိုင်ငံရှိ အဆိုပါစက်ရုံနှစ်ရုံမှ နှစ်စဉ်ကားစီးရေ ၃၁၀၀၀ ထိ ထုတ်လုပ်ပေးလျက်ရှိပြီး စက်ရုံအလုပ်သမား ၆၀၀၀ မက ရှိသည်။ ပြီးခဲ့သည့်နှစ်ကပင် တိုယိုတာကားရောင်းချမှု၏ ၁ ဒသမ ၆ ရာခိုင်နှုန်းကို ၎င်းစက်ရုံနှစ်ရုံမှ ထုတ်ပေးနိုင်ခဲ့သည်။

(ဘီဘီစီ)

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၅၄ နိုင်ငံကျော် အမေရိကန်က ကာကွယ်ပေးရန် ကတိပြုပြောကြား

ဝါရှင်တန် မတ် ၂၁

ကမ္ဘာပေါ်ရှိ ဒေသအသီးသီးမှ နိုင်ငံပေါင်း ၅၄ နိုင်ငံက စစ်ရေးအကူအညီတောင်းခံလာလျှင် စစ်ရေးအရ အမေရိကန်က ကာကွယ်ပေးမည်ဖြစ်ကြောင်း ကတိပြု ပြောဆိုလိုက်သည်။

ယင်းတို့တွင် ၁၉၄၉ ခုနှစ် ဧပြီ ၄ ရက်က ချုပ်ဆိုခဲ့သော မြောက်အတ္တလန္တိတ်စာချုပ်အရ ဥရောပ သို့မဟုတ် မြောက်အမေရိကနိုင်ငံများ ပါဝင်သည်။ ယင်းစာချုပ်အရ စစ်ရေးအရ တိုက်ခိုက်လာပါက အပြန်အလှန်ကူညီပေးရန်ဖြစ်သည်။ ယင်းစာချုပ်အရ အမေရိကတိုက်က နိုင်ငံပေါင်း ၃၀ ကျော်ကို စစ်ရေးအကူအညီပေးရမည်ဖြစ်သည်။

ထို့အတူ အမေရိကန်က ၁၉၅၁ ခုနှစ် ဩဂုတ် ၃၀ တွင် ဖိလစ်ပိုင်နှင့်လည်း စာချုပ်ထားသည်။ ၁၉၅၄ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် အရှေ့တောင်အာရှစာချုပ်အရ ဩစတြေးလျ၊ ပြင်သစ်၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗြိတိန်နိုင်ငံတို့အား ကာကွယ်ပေးရမည်ဖြစ်သည်။ ထို့အတူ အမေရိကန်က ဂျပန်နိုင်ငံနှင့် လည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံနှင့်လည်းကောင်း စာချုပ်ထားသည်။

အမေရိကန်က ၁၉၄၇ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ချုပ်ဆိုသော ရီယိုစာချုပ်အရ အမေရိကတိုက်နိုင်ငံအားလုံးကို စစ်ရေးအကူအညီတောင်းခံလာပါက အကူအညီပေးရမည်ဖြစ်သည်။ အဆိုပါ စာချုပ်များအရ ကမ္ဘာ့နိုင်ငံပေါင်း ၅၄ နိုင်ငံကျော်မှ ပြည်တွင်း လုံခြုံရေးအတွက် စစ်ရေးအကူအညီတောင်းခံလာလျှင် အကူအညီပေးမည်ဟု ကတိပြုပြောဆိုလိုက်သည်။ **(ပရက်စ်တီဗွီ)**

အာဖဂန်မြို့တော်ကဘူးလ်ရှိ ဟိုတယ်တစ်လုံး၌ တာလီဘန်များတိုက်ခိုက် လေးဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ကဘူးလ် မတ် ၂၁

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်မြို့လယ်ရှိ နိုင်ငံခြားသားများ တည်းခိုနေသော ဟိုတယ်တစ်ခု၌ မတ် ၂၀ ရက် ညအချိန်တွင် တာလီဘန်များ တိုက်ခိုက်မှုကြောင့် ပြင်းထန်စွာဒဏ်ရာရရှိသူ သုံးဦးရှိပြီး သောင်းကျန်းသူလေးဦး သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဖြစ်စဉ်မှာ ခြေအိတ်ထဲ၌ ပစ္စတိုများဝှက်၍ ယူဆောင်လာသော လူလေးဦးသည် ဒေသစံတော်ချိန် ညနေ ၆ နာရီခန့်တွင် သမ္မတနန်းတော်အနီး ဆီရီနာဟိုတယ်သို့ ညစာစားရန်လာသော ဧည့်သည်များအဖြစ် ဟန်ဆောင်ခဲ့ပြီး ည ၉ နာရီခန့်တွင် သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ လုံခြုံရေးကင်မရာများကို စစ်ဆေးကြည့်ခြင်းဖြင့် တိုက်ခိုက်သူများသည် အသက် ၂၀ နှင့် ၂၀ အောက် လူငယ်များဖြစ်ကြောင်း ရဲဌာနက ပြောကြားသည်။ ၎င်းတိုက်ခိုက်မှု၌ ဒေသလုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးနှင့်ဟိုတယ်ရှိ နိုင်ငံခြားသားအလုပ်သမားတစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။

တာလီဘန် စစ်သွေးကြွအုပ်စုသည် ယခုတိုက်ခိုက်မှုကို ၎င်းတို့လုပ်ဆောင်ခဲ့ပြီး နှစ်သစ်ကူးပွဲတော်ကျင်းပချိန်ကလည်း နိုင်ငံခြားသားများစွာနှင့် အာဖဂန်အရာရှိများကို သတ်ခဲ့သည်ဟု တာလီဘန်ပြောရေးဆိုခွင့်ရှိသူက ဒေသမီဒီယာကို ပြောကြားခဲ့သည်။

တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် နိုင်ငံခြားသားများနှင့် ဒေသတွင်းဧည့်သည်များကို ကြယ်ငါးပွင့်အဆင့်ဟိုတယ် မြေညီထပ်ရှိ လုံခြုံသောနေရာသို့ ပို့ဆောင်ထားခဲ့သည်။ ထို့အပြင် များစွာသောဧည့်သည်များကို သေနတ်သမားများက ဓားစာခံလုပ်ခေါ်ဆောင်သွားသည်ဆိုသော အစောပိုင်း ဖော်ပြချက်များကိုလည်း ၎င်းဌာနက ငြင်းဆိုခဲ့သည်။

နန်ဂါဟာပြည်နယ် အရှေ့ပိုင်းတွင် မတ် ၂၀ ရက်အစောပိုင်းကလည်း အသေခံဗုံးခွဲတိုက်ခိုက်သူငါးဦးအပါအဝင် တာလီဘန်များ အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်ငါးဦးနှင့် အရပ်သားတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

အီဂျစ်တရားရုံးက ကျောင်းသားများအား ထောင်ဒဏ်နှစ်ရှည်ချ

ကိုင်ရို မတ် ၂၁

အီဂျစ်တရားရုံးက ၂၀၁၃ ခုနှစ် ဆန္ဒပြစဉ် အယ်လ်အဇာတက္ကသိုလ်ကျောင်းသား ၁၇ ဦးအား ယင်းတို့၏ တက္ကသိုလ်ဌာနချုပ်ကို ခဲနှင့်ပစ်ပေါက်ခဲ့မှုဖြင့် ထောင်ဒဏ် ၁၄ နှစ်စီ ချမှတ်လိုက်သည်။

ကိုင်ရိုအခြေစိုက် အဆိုပါ တရားရုံးက တရားခံများကို ကြာသပတေးနေ့က ထောင်ဒဏ်အမိန့်ချမှတ်လိုက်ခြင်း ဖြစ်သည်။ ယင်းတို့သည် ဖြုတ်ချခံရသော သမ္မတမော်စီကို ထောက်ခံသူများဟု ယူဆရသည်။

အဆိုပါဆန္ဒပြသူများသည် မွတ်စလင်ညီနောင်များ ပါတီနှင့်အတူ အဓိကရုဏ်းတွင်ပါဝင်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ဖျက်ဆီးမီးရှို့ခြင်း၊ မော်တော်ယာဉ်များကို မီးရှို့ခြင်း၊ တက္ကသိုလ်လုံခြုံရေးကို တိုက်ခိုက်ခြင်းတို့နှင့်စပ်လျဉ်း၍ စွဲချက်များအပေါ် ပြစ်ဒဏ်များချမှတ်ခံရခြင်းဖြစ်သည်။ အီဂျစ်တရားရုံးက အီဂျစ်ပေါင် ၉၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၃၀၀၀) ပေးဆောင်ရန်လည်း ဒဏ်ငွေချမှတ်လိုက်သည်။

အဆိုပါ တက္ကသိုလ်၌ အစာအဆိပ်သင့်ပြီး ရာနှင့်ချီသော ကျောင်းသားများ ဆေးရုံတင်လိုက်ရပြီးနောက် ဆန္ဒပြမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းတို့သည် ပြီးခဲ့သည့်နှစ် မေလမှစတင်ပြီး ပြစ်ဒဏ်များကိုခံကြရမည်ဖြစ်ကြောင်း တရားရုံးထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အဆိုပါ တရားစီရင်မှုသည် အီဂျစ်လုံခြုံရေးတပ်က မြို့ကြီးအချို့၌ အစိုးရဆန့်ကျင်ဆန္ဒပြသူများအား ဖြိုခွင်းစဉ် အနည်းဆုံး ကျောင်းသားသုံးဦး သေဆုံးပြီး တစ်ရက်အကြာတွင်ဖြစ်သည်။

(ပရက်စ်တီဗွီ)

ရုရှားနှင့် ထိပ်သီးအစည်းအဝေး အီးယူဖျက်သိမ်း

အီးယူ မတ် ၂၁

အီးယူက ခရိုင်းမီးယားဒေသကို ရုရှားနိုင်ငံအတွင်း သွတ်သွင်းရေးလူထုဆန္ဒခံယူပွဲ ကျင်းပခဲ့မှုအပေါ် မော်စကိုနှင့် ထိပ်သီးအစည်းအဝေးကျင်းပရန် စီစဉ်ထားခြင်းကို ဖျက်သိမ်းလိုက်သည်။ အီးယူ ၂၈ နိုင်ငံက ဆိုချီ၌ ဇွန် ၃ ရက်တွင် ပူးတွဲထိပ်သီးအစည်းအဝေးကျင်းပရန် စီစဉ်ထားခြင်းကို ဖျက်သိမ်းလိုက်ကြောင်း ဥရောပကောင်စီဥက္ကဋ္ဌ ဟာမန်ဗင်ရွန်ပွိုင်းက ဘရပ်ဆဲလ်၌ ကြာသပတေးနေ့က ကျင်းပသော အီးယူခေါင်းဆောင်များအစည်းအဝေးအပြီး ပြောကြားလိုက်ခြင်းဖြစ်သည်။ အီးယူက အရေးယူပိတ်ဆို့မှုပြုလုပ်ပြီးနောက် ရုရှားမှ ပုဂ္ဂိုလ် ၁၂ ဦးအား နာမည်ပျက်စာရင်းတွင် ထပ်မံထည့်သွင်းလိုက်သည်။ ရုရှားနိုင်ငံသား ၁၃ ဦးနှင့် ခရိုင်းမီးယားမှ ရှစ်ဦးတို့အား ခရီးသွားလာခွင့်နှင့် ပိုင်ဆိုင်မှုများ ထိန်းချုပ်သည့် အရေးယူမှုများပြုလုပ်ပြီးနောက် ထပ်မံ၍ နာမည်ပျက်စာရင်းသွင်းခဲ့သည်။

ထိုသို့ အရေးယူပိတ်ဆို့မှုမှာ ခရိုင်းမီးယားက ယူကရိန်းထံမှ လွတ်လပ်ရေးကြေညာပြီးနောက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ခရိုင်းမီးယားဒေသခံများက ရုရှားနှင့် ပူးပေါင်းရန် မတ် ၁၆ ရက်တွင် လူထုဆန္ဒခံယူပွဲပြုလုပ်ခဲ့ရာ ၉၆ ဒသမ ၈ ရာခိုင်နှုန်းက ယူကရိန်းမှခွဲထွက်ရန် ဆန္ဒပြုခဲ့ကြသည်။

(ပရက်စ်တီဗွီ)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် နယူးဇီလန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၁

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်သံအမတ်ကြီးH.E.Mr Tony Lynch အား ယနေ့မွန်းလွဲ ၁ နာရီတွင် အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးနေဝင်းထွန်း၊ ဒေါ်နန်းနီနီအေး၊ အဖွဲ့ဝင်ဦးကံညွန့်၊ ဦးတင်ရှန်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အနာဂတ်တွင် လုံခြုံစိတ်ချမှုရှိစေရန် လူငယ်များ၏ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ပေးရန်လိုအပ်

ရန်ကုန် မတ် ၂၁

အာဆီယံအရပ်ဘက် လူမှုအဖွဲ့အစည်း/အာဆီယံပြည်သူ့ဖိုရမ် ညီလာခံ(၂၀၁၄)ကို မတ် ၂၀ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည် တို့က သဝဏ်လွှာများပေးပို့ခဲ့ကြပြီး အာဆီယံ အထွေထွေအတွင်းရေးမှူး Mr.Le Luong Minhနှင့် အခမ်းအနားဖြစ်မြောက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒေါက်တာ မေမေပြုံးတို့က အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။

မြန်မာ ကွန်ဗင်းရှင်း စင်တာ၌ အာဆီယံ ပြည်သူ့ ဖိုရမ် ညီလာခံ (၂၀၁၄) ကျင်းပစဉ်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဖတ်ကြားသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတကြွယ်ဝသော်လည်း ကျန်းမာရေးနှင့် ပညာရေးတွင် နိမ့်ပါးလျက်ရှိနေသေးကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးအမြတ် တစ်ခုတည်းသာမကဘဲ လူထုဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်မှုမျိုးရရှိလာစေရန် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အာဆီယံဒေသတွင်းနိုင်ငံများသည် အနာဂတ်တွင် လုံခြုံစိတ်ချမှုရှိစေရန်အတွက် လူငယ်များ၏ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေလုပ်ဆောင်ပေးရန် လိုအပ်ကြောင်းဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးတင်ဦးဖတ်ကြားခဲ့သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာတွင်ပါရှိခဲ့သည်။

အာဆီယံအထွေထွေ အတွင်းရေးမှူး Mr.Le Luong Minh က "အာဆီယံနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ရာတွင် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အာဆီယံအနေဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏အကျိုးရှိသော ဝေဖန်မှုများကို လက်ခံသည်သာဖြစ်ကြောင်း၊ အာဆီယံသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အပြန်အလှန်နီးစပ်နားလည်မှုရှိမှသာလျှင် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်အသီးသီးတွင် လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည် ဖြစ်ကြောင်း၊ အာဆီယံသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစရှိသည့်ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် အာဆီယံ၏ ဦးတည်ချက်နှင့် ရေရှည်မျှော်မှန်းချက်ဖြစ်သည့် ကမ္ဘာ့မိသားစုအလယ်တွင် တင့်တောင့်တင့်တယ်ဖြင့် အာဆီယံပြည်သူများဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း"ဖြင့် ပြောကြားခဲ့သည်။

အဆိုပါ အာဆီယံအရပ်ဘက်လူမှုအဖွဲ့အစည်းညီလာခံ/အာဆီယံပြည်သူ့ဖိုရမ် (ACSC/ APF)ကို မတ် ၂၃ ရက်အထိ သုံးရက်တာကျင်းပမည်ဖြစ်သည်။ အဆိုပါ ညီလာခံသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှအရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အရှေ့တီမောနှင့် အာဆီယံအပေါ် စိတ်ဝင်စားသည့်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံရှိအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

အာဆီယံအရပ်ဘက် လူမှုအဖွဲ့အစည်းညီလာခံကို ပထမအကြိမ်အဖြစ် ၂၀၀၅ ခုနှစ်က အာဆီယံဥက္ကဋ္ဌအဖြစ်ဆောင်ရွက်လျက်ရှိသည့် မလေးရှားနိုင်ငံအစိုးရက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။

မြတ်သန္တာမောင်

ကမ္ဘာလှည့်ခရီးသွား ပိုလန်နိုင်ငံသူထံမှ ပစ္စည်းလုယူသူများအား ဖမ်းဆီးရမိ

ငွေဆောင် မတ် ၂၁

မတ် ၈ ရက်တွင် ပုသိမ်ခရိုင် ငွေဆောင်မြို့နယ်ခွဲ ပုလဲငွေဆောင်ဟိုတယ်သို့ ရောက်ရှိတည်းခိုနေထိုင်သည့်ပိုလန်နိုင်ငံသူ Ms.KATAR-ZYNA JOANNA (၃၇နှစ်)သည် မတ် ၁၀ ရက် ည ၉ နာရီခန့်တွင် ရွှေဟသ်ာဟိုတယ်မှ ကမ်းခြေအတိုင်း တစ်ဦးတည်းလမ်းလျှောက်၍ပြန်လာစဉ် Silver Coast ဟိုတယ်ရှေ့အရောက် ၎င်း၏နောက်မှ လူနှစ်ဦး လိုက်ပါလာကာ မျက်နှာကိုလက်သီးနှင့်ထိုးပြီး လက်ဆွဲအိတ်အပြာရောင်ကို လုယူထွက်ပြေးသွားသည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ ငွေဆောင်ရဲစခန်းမှ စခန်းမှူးဒုရဲမှူး တင်မိုးဦးက တရားလိုပြုလုပ်၍ မတ် ၁၁ ရက် ညနေ ၃ နာရီတွင် ၁၄/၂၀၁၄ ပြစ်မှုပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိရာ ငွေဆောင်မြို့ (၂)ရပ်ကွက် ၁ လမ်းရှိ သုတဖုန်းဆိုင်ပိုင်ရှင် ကိုဝင်းထွဋ်အောင်က မတ် ၂၀ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ယင်းဆိုင်၌ ပိုလန်နိုင်ငံသူ၏ ဖုန်းအမျိုးအစားနှင့်တူသော iPad ဖုန်းအား လာရောက်ပြချိန် မသင်္ကာကြောင်း ဒုတိယစခန်းမှူး ရဲအုပ်ဝင်းထက်သူထံ ဖုန်းဆက်သတင်းပေးသဖြင့် ယင်းဖုန်းကို လာရောက်ပြသသူ မင်းချစ်ကို (ခေါ်) ဖိုးသံချောင်း (၂)ရပ်ကွက် ၁ လမ်းနေသူအား ခေါ်ယူစစ်ဆေးရာမှ ဆံရှည်(ခေါ်) မြင့်လွင် (၃၆နှစ်) ဈေးရောင်း၊ ချမ်းသာအမှတ်(၂)ရပ်ကွက် ငွေဆောင်မြို့၊ ဖိုးအောင်(၃၉နှစ်) The CALM Beach Hotel အမှတ် (၃)ရပ်ကွက် ငွေဆောင်မြို့နေသူတို့ နှစ်ဦးမှာ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်ခဲ့ပြီး ၎င်းတို့ ပိုလန်နိုင်ငံသူထံမှ လုယူသွားသော ပစ္စည်းများကို ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး ၎င်းတို့ကို ထိရောက်သော ပြစ်ဒဏ်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

မီးခိုးမြူကြောင့် တာချီလိတ်လေဆိပ် လေယာဉ်ဆင်းရန်အခက်တွေ့

တာချီလိတ် မတ် ၂၁

စည်းကမ်းမဲ့ တောင်ယာမီးရှို့မှုများကြောင့် တာချီလိတ်မြို့ အနီးဝန်းကျင်တစ်ဝိုက် မီးခိုးမြူများ အုံ့မှိုင်းနေကာ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိသလို လေကြောင်းခရီးစဉ်များကိုလည်း ထိခိုက်လျက်ရှိနေကြောင်း သိရသည်။ "ဒီနံနက် ၉ နာရီ ကွင်းချိန်း ၁၀ နာရီခွဲ ပုံမှန်ဆင်းသက်ရမယ့် sun far ခရီးစဉ်ဆိုရင် မွန်းလွဲ ၂ နာရီခွဲတဲ့အချိန်အထိ မြင်ကွင်းမရှင်းလို့ မဆင်းသက်နိုင်သေးပါဘူး၊ အဲပုဂံလေကြောင်းလိုင်းကတော့ ရာသီဥတုအခြေအနေကြောင့် လေယာဉ်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ပါပြီ။ ကျန်တဲ့ လေကြောင်းလိုင်းတွေကတော့ အခြေအနေကို စောင့်ကြည့်နေကြပါတယ်" ဟု ပုဂ္ဂလိကလေကြောင်းလိုင်းတစ်ခုမှ တာဝန်ခံတစ်ဦးက ရင်ဖွင့်သည်။

"ကျွန်တော်တို့ နှစ်စဉ် တောင်ယာမီးရှို့မှုတွေမပြုလုပ်ဖို့ တင်းတင်းကျပ်ကျပ်တားမြစ်ထားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဒေသက မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံ ဆုံစည်းရာဖြစ်နေတော့ ဘယ်နိုင်ငံက စည်းကမ်းမဲ့တောင်ယာမီးရှို့တယ်ဆိုတာ အတပ်ပြောလို့မရပါဘူး။ ရေ၊ မြေ သဘာဝအရလည်း တောတောင်ထူထပ်တဲ့ဒေသဖြစ်နေတဲ့အတွက် ဝေးလံခေါင်သီတဲ့ တောတောင်တွေကြားထဲကနေ စည်းကမ်းမဲ့ခိုးရှို့နေကြတာမို့ ဘယ်ဘက်ကရှို့တဲ့ တောင်ယာမီးပဲဖြစ်ဖြစ် အနိမ့်ပိုင်းဖြစ်တဲ့ တာချီလိတ်တစ်ဝိုက်ကိုပဲ မီးခိုးက ဦးတည်လာတာမို့ အခုလို မီးခိုးမြူတွေ အုံ့ဆိုင်းနေရတာဖြစ်ပါတယ်" ဟု ဌာနဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မောင်ယဉ်ကျေး

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

တီဘီရောဂါပပျောက်ရေး တစ်ယောက်မကျန်စစ်ဆေးကုသပေး

မောင်ခေတ်သစ်

၂၀၁၄ ခုနှစ် မတ် ၂၄ ရက်သည် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ၂၀၀၇ ခုနှစ်၌ ကမ္ဘာတစ်ဝန်းတီဘီရောဂါဖြစ်ပွားသူဦးရေ ကိုးသန်းခန့်ရှိပြီး နှစ်စဉ်ကမ္ဘာပေါ်တွင် တီဘီရောဂါကြောင့် လူဦးရေတစ်သန်းခွဲခန့် သေဆုံးနေရသည်။ ထို့ပြင် တစ်ကမ္ဘာလုံးတွင် တစ်နှစ်လျှင်ကျန်းမာရေးစောင့်ရှောက်မှုများမှ ကင်းကွာနေသော တီဘီရောဂါဝေဒနာရှင်ဦးရေမှာ သုံးသန်းခန့်ရှိသည်ဟု သိရသည်။

တီဘီရောဂါသည် ပိုးကြောင့် ကူးစက်သောရောဂါဖြစ်သည်။ ရောဂါပိုးရှိသူ၏ တံတွေး၊ သလိပ်အစရှိသည့် အရည်တို့တွင်ပါရှိသော တီဘီရောဂါပိုးတို့သည် ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကျယ်လောင်စွာစကားပြောခြင်း၊ သီချင်းဆိုခြင်း၊ တံတွေးထွေးခြင်းအားဖြင့် လေထဲသို့ အလွယ်တကူပျံ့နှံ့သွားပြီး ဘေးပတ်ဝန်းကျင်ရှိလူများ ရှူရှိုက်မိရာမှ ရောဂါပိုးကူးစက်ခံရနိုင်ပေသည်။ တီဘီရောဂါသည် မျိုးရိုးလိုက်၍ ကူးစက်ခြင်းမဟုတ်ပေ။ ရောဂါပိုးရှိသူမှတစ်ဆင့် မိသားစုသို့လည်းကောင်း၊ ရောဂါဝေဒနာရှင်အနီးရှိ အခြားသူများသို့လည်းကောင်း ရောဂါပိုးပါရှိသော လေကိုရှူရှိုက်မိခြင်းမှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်။

သို့ပါ၍ လူစုလူဝေးများပြားသောနေရာများဖြစ်သည့် စတိုးဆိုင်၊ ကုန်တိုက်၊ ဈေးဆိုင်၊ ရထားဂိတ်၊ ကားဂိတ်၊ ဗီဒီယိုရုံ၊ ရုပ်ရှင်ရုံများတွင်ရောဂါဝေဒနာရှင်မှတစ်ဆင့် အနီးအနား၌ရှိသော သူများသို့လည်းကောင်း၊ ဘတ်စ်ကား၊ ယာဉ်ရထား၊ သင်္ဘော၊ လေယာဉ်စီးခရီးသွားလာသည့်ဝေဒနာရှင်မှ ပတ်ဝန်းကျင်ရှိလူများသို့လည်းကောင်း၊ ရုံးခန်း၊ စာသင်ခန်း၊ စက်ရုံအလုပ်ရုံ၊ ဆေးလိပ်ခုံ၊ တီဗွီဂိမ်းနှင့်ကျူရှင်ကျောင်း၊ ဝိုင်းကျူရှင်၊ ဘော်ဒါဆောင်စသည့် နေရာများတွင် ဝေဒနာရှင်မှတစ်ဆင့် အတူနေလုပ်ဖော်ကိုင်ဖက်များသို့လည်းကောင်း၊ ရောဂါဝေဒနာရှင်မှတစ်ဆင့် အတူနေမိသားစုဝင်များသို့လည်းကောင်း ရောဂါပိုးအလွယ်တကူကူးစက်နိုင်ပါသည်။ သို့သော်လည်း တီဘီရောဂါပိုးကူးစက်ခံရသူတိုင်းသည် တီဘီရောဂါကူးစက်ဖြစ်ပွားလေ့မရှိချေ။

သို့ရာတွင် အောက်ပါပုဂ္ဂိုလ်များမှာ တီဘီရောဂါပိုးကူးစက်ခံရပါက အလွယ်တကူတီဘီရောဂါဝေဒနာ ပိုမိုဖြစ်ပွားနိုင်ပါသည်။ (၁) အာဟာရချို့တဲ့ခြင်း၊ (၂) ခုခံအားကျဆင်းနေခြင်း၊ (၃) ဆေးလိပ်၊ အရက်အလွန်အကျွံသောက်သုံးခြင်း၊ (၄) အသက်အရွယ်ကြီးသူနှင့် ငါးနှစ်အောက်ကလေးများဖြစ်ခြင်း၊ (၅) ဆီးချိုရောဂါရှိသူများ၊ (၆) အစာအိမ်ဖြတ်တောက်ခံထားရသူများ စသည်တို့ဖြစ်သည်။ ထိုမျှမက နေအိမ်အကျယ်အဝန်းနှင့်နေထိုင်သူဦးရေမမျှတခြင်း၊ မိသားစုဝင်ဦးရေများပြားခြင်း၊ နေထိုင်သောအိမ် သို့မဟုတ် အလုပ်လုပ်သည့်နေရာမှာ လေနှင့်အလင်းရောင် ကောင်းမွန်စွာမရရှိခြင်း၊ လူမှုစီးပွားရေးနိမ့်ကျခြင်း စသည်တို့မှာလည်း ရောဂါဖြစ်ပွားစေရန် အားပေးသည့်အခြေအနေများဖြစ်ပေသည်။

တီဘီရောဂါသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး၊ ယောကျ်ားမိန်းမမရွေး၊ ရောဂါပိုးကူးစက်ခံရနိုင်ပြီး ရောဂါဝေဒနာဖြစ်ပွားနိုင်ပါသည်။ အထူးသဖြင့် တီဘီရောဂါသည် အဆုတ်တွင်အများဆုံးဖြစ်ပြီး ကိုယ်ခန္ဓာ၏အခြားနေရာများဖြစ်သည့် ဦးနှောက်၊ အဖုအကျိတ်များ၊ အစာအိမ်အူလမ်းကြောင်း၊ ကျောက်ကပ်၊ အရိုးအဆစ် စသည့်နေရာအနှံ့အပြားတွင်လည်း ဖြစ်ပွားနိုင်ပါသည်။

တီဘီရောဂါ၏ ယေဘုယျလက္ခဏာများမှာ (က) အများအားဖြင့် ညနေပိုင်းတွင် အဖျားတက်ခြင်း၊ ကိုယ်နွေးနွေးပူခြင်းနှင့်အဖျားတာရှည်ခြင်း၊ (ခ) အစားအသောက်ပျက်ပြီး ကိုယ်အလေးချိန်ကျခြင်းဖြစ်တတ်ပါသည်။ သို့ရာတွင် တီဘီရောဂါ၏ အဓိကလက္ခဏာများမှာ (က) ရက်သတ္တသုံးပတ်၊ ၂၁ ရက်ကျော်မျှ ချောင်းဆိုးခြင်း၊ (ခ)ချောင်းဆိုးစဉ် သလိပ်ထဲတွင် သွေးများပါခြင်း၊ (ဂ) ရင်ဘတ်နှင့်ကျောအောင့်ခြင်း၊ (ဃ) အင်အားချည့်နဲ့မောပန်းလွယ်ခြင်း စသည်တို့ဖြစ်တတ်ပါသည်။

တီဘီရောဂါ၏ ယေဘုယျလက္ခဏာနှင့် အဓိကလက္ခဏာများကို သတိပြုနေထိုင်ပြီး ရက်သတ္တသုံးပတ်ကျော်မျှချောင်းဆိုးလျှင် ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်းစသည်တို့ထံသွားရောက်ပြီး သလိပ်ပေးပို့စစ်ဆေးခြင်း၊ ရင်ခေါင်းဓာတ်မှန်ရိုက်စစ်ဆေးခြင်းပြုလုပ်ရပေမည်။ သလိပ်စစ်ဆေးရာတွင် သက်ဆိုင်ရာဆေးရုံ ဒေသန္တရကျန်းမာရေးဌာနများတွင် ပိုးသတ်ထားသော ဘူး(ခွက်)ကို သလိပ်၊ တံတွေးနမူနာထည့်ရန် သွားရောက်ယူဆောင်ကြရပေမည်။ သလိပ်ကိုမိမိအစီအစဉ်ဖြင့် အဆင်ပြေသော ပုလင်းတွင်ထည့်ပြီး ပေးပို့၍မရပေ။

ပထမတစ်ရက်တွင် သလိပ်နမူနာနှစ်ဘူးပေးပို့ရပါမည်။ ပထမတစ်ဘူးအတွက် သလိပ်ယူရာတွင် အိပ်ရာထပြီးနောက် သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်းမပြုမီ သလိပ်နှင့်တံတွေးကို ကျန်းမာရေးဌာနမှ ထုတ်ပေးလိုက်သော သလိပ်ထည့်သည့် ဘူး(ခွက်)ထဲသို့ ထည့်ရပါမည်။ ၄င်းနောက် မျက်နှာသစ်သွားတိုက်အစာစားပြီး နောက်တစ်ကြိမ် သလိပ်နှင့် တံတွေးကို ဒုတိယခွက်တွင် ထည့်ရပါမည်။ ဤသို့သလိပ်ခွက်နှစ်ခွက်ကိုခံယူပြီးနောက် သက်ဆိုင်ရာကျန်းမာရေးဌာန၊ ဆေးရုံဆေးပေးခန်းသို့ နှစ်ဘူး(ခွက်)ကို တစ်ပြိုင်တည်းပေးပို့ရပါမည်။

အကယ်၍မိမိတွင် တီဘီရောဂါပိုးစစ်ဆေးတွေ့ရှိပါက မိမိ၏အိမ်တွင် ကျန်ရှိသော မိသားစုအားလုံးရောဂါပိုးရှိ မရှိ တစ်ယောက်မကျန် စစ်ဆေးရပေမည်။ သို့ရာတွင် မိသားစုအတွင်း ကူးစက်ခံထားရမှုအခြေအနေကို သိရှိပြီး ပြုစုကုသမှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

ရောဂါပိုးကူးစက်ခံရပြီးသော ရောဂါဝေဒနာခံစားနေရသူများသည် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းပညာရှင်(အထူးသဖြင့် ဆရာဝန်များ)၏ ညွှန်ကြားချက်အတိုင်း တိတိကျကျ ဆေးကုသမှုခံယူကြရမည်ဖြစ်သည်။ ရောဂါအမျိုးအစားအလိုက် အတွဲလိုက်ဆေးများကိုအနည်းဆုံးခြောက်လမှ ရှစ်လအထိ မပျက်မကွက်သောက်သုံးခြင်း၊ ထိုးနှံခြင်းဖြင့် ကုသမှုခံယူကြရပေမည်။ ယေဘုယျအားဖြင့် အတွဲလိုက်ဆေးများကို တစ်ပေါင်းတည်းအစာမစားမီ တစ်နာရီခွာ၍လည်းကောင်း၊ အစာစားပြီးဖြစ်ပါက အစာစားပြီးချိန်နှင့် သုံးနာရီခြား၍(ခွာ၍) ဆေးသောက်ရန်ဖြစ်ပါသည်။ ဤသို့ဆေးသောက်ရာတွင် သောက်ဆေးကြောင့် ဆီးအရောင်၊ ဝမ်းအရောင်မှာ အနီရောင်ဖြစ်တတ်ပါသည်။ ဤကဲ့သို့ ကလေး သို့မဟုတ် လူကြီးတို့၏ မစင်အရောင်နီခြင်းမှာ စိုးရိမ်စရာမရှိပါချေ။

အထူးသတိပြုရန်မှာ သတ်မှတ်ထားသောဆေးတွဲများကို အချိန်မှန်မှန် သတ်မှတ်သည့်ကာလအထိ အပြည့်အဝမသောက်ခြင်း၊ ပြတ်တောင်းပြတ်တောင်းသောက်ခြင်းပြုလုပ်လျှင် ဆေးယဉ်ပါးသည့်အန္တရာယ်ဖြစ်လာနိုင်ပေသည်။ ဆေးယဉ်ပါးခြင်းဆိုသည်မှာ လူနာ၏ရောဂါပိုးသည် သောက်သည့်ဆေးအာနိသင်ကိုခံနိုင်ရည်ရှိပြီး ဆေးမတိုးတော့ခြင်းဖြစ်သည်။ ဤသည်ကို အချို့က"ဆေးပြီး"သည် (ဆေးမတိုးတော့ခြင်း၊ ဆေးယဉ်ပါးခြင်း၊ ဆေးဒဏ်ကိုခံနိုင်ခြင်း) ဟုဆိုကြသည်။ ဤအခြေအနေတွင် မည်သို့ပင်ဆေးထိုးဆေးသောက်ခြင်းပြုလုပ်စေကာမူ ဆေးအာနိသင်မှာ ထိရောက်ခြင်းမရှိတော့ဘဲ တီဘီရောဂါပိုးကို သေအောင်မသတ်နိုင်တော့ပေ။

၂၀၁၄ ခုနှစ် မတ် ၂၄ ရက်သည် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးအထိမ်းအမှတ်နေ့ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ၂၀၀၇ ခုနှစ်၌ ကမ္ဘာတစ်ဝန်းတီဘီရောဂါဖြစ်ပွားသူဦးရေ ကိုးသန်းခန့်ရှိပြီး နှစ်စဉ်ကမ္ဘာပေါ်တွင် တီဘီရောဂါကြောင့် လူဦးရေတစ်သန်းခွဲခန့် သေဆုံးနေရသည်။ ထို့ပြင် တစ်ကမ္ဘာလုံးတွင် တစ်နှစ်လျှင်ကျန်းမာရေးစောင့်ရှောက်မှုများမှ ကင်းကွာနေသော တီဘီရောဂါဝေဒနာရှင်ဦးရေမှာ သုံးသန်းခန့်ရှိသည် . . .

တီဘီရောဂါပိုးသည် ထိုးဆေး၊ သောက်ဆေးတို့ဖြင့် စနစ်တကျသောက်သုံးထိုးနှံပြီးကုသမှုခံယူလျှင် ပျောက်ကင်းသော်လည်း ဆေးမှန်မှန်မသောက်ခြင်း၊ ဆေးပတ်လည်အောင်မသောက်ခြင်း၊ သတ်မှတ်ဆေးညွှန်းအတိုင်း ဆေးတွဲအလိုက်တိတိကျကျမသောက်ပါက ကုသ၍မပျောက်ကင်းနိုင်သောအခြေအနေကိုရောက်ရှိသွားတတ်ပေသည်။ ယနေ့ကမ္ဘာနှင့်အဝန်း ဆေးယဉ်ပါးသည့် ပြဿနာများမှာ ကျန်းမာရေးကဏ္ဍတွင် အဓိကရင်ဆိုင်နေရသော အကြောင်းတစ်ရပ်အဖြစ် ပါဝင်နေသည်။

ရောဂါဝေဒနာရှင်အများအပြားကိုကုသမှုပေးရာတွင် ထိုးဆေးသောက်ဆေးတို့၏ အာနိသင်ကိုပြသည့် တုံ့ပြန်လက္ခဏာများ၊ ဓာတ်မတည့်သည့် လက္ခဏာများ၊ ဘေးထွက်ဆိုးကျိုးများရှိတတ်ပေသည်။ ထို့အတူ တီဘီရောဂါဝေဒနာရှင်များအတွက် တိုက်ကျွေးသောဆေးအတွဲများသည် တုံ့ပြန်လက္ခဏာများ ဖြစ်ပေါ်လေ့ရှိသည်။ အများအားဖြင့် တီဘီရောဂါ၏ ထိုးဆေးသောက်ဆေးများကို ထိုးနှံသောက်သုံးနေစဉ်တွင် မူးဝေခြင်း၊ နားလေထွက်ခြင်း၊ နားအကြားအာရုံနှင့်မျက်စိအမြင် အာရုံလျော့ပါးခြင်း၊ အရေပြားယားယံပြီး အဖုအပိမ့်အနီစက်များထွက်ပေါ်ခြင်းစသည်တို့ဖြစ်တတ်ပါသည်။ ဤသို့ဖြစ်လာပါက ဆေးသောက်ခြင်းကို ခဏရပ်ထားပြီး နီးစပ်ရာ ဆေးရုံဆေးခန်းသို့သွားရောက်ပြသရန်ဖြစ်သည်။ မိမိသဘောဖြင့်ဆေးမသောက်ဘဲနေခြင်း၊ ဆေးရုံဆေးခန်းသို့မသွားခြင်းတို့ကို မလုပ်သင့်ပေ။ ထို့ပြင် ဆေးကုသမှုခံယူနေစဉ်တွင် တာဝန်ရှိပုဂ္ဂိုလ်၏ညွှန်ကြားချက်အတိုင်း သလိပ်ပြန်၍စစ်ခြင်းလည်း ပြုလုပ်ရပါမည်။ တီဘီရောဂါသည် စနစ်တကျကုသလျှင်ပျောက်ကင်းနိုင်သောရောဂါဖြစ်၍ လက်ရှိတစ်ကမ္ဘာလုံးကျင့်သုံးနေသောကုထုံးမှာ "တိုက်ရိုက်ကြည့်ရှုအချိန်တိုကုထုံး" နည်းဗျူဟာပင် ဖြစ်သည်။

ယင်းနည်းဗျူဟာမှာ "ကျန်းမာရေးဝန်ထမ်း သို့မဟုတ် စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သား သို့မဟုတ် စေတနာ့ဝန်ထမ်းတစ်ဦးဦးက တီဘီလူနာအား တီဘီဆေးဝါးများကို အချိန်မှန်မှန်သောက်သုံးရန် ဂရုတစိုက်တိုက်ရိုက်စောင့်ကြပ်ကြည့်ရှု၍ ရောဂါပျောက်ကင်းသည်အထိ ဆေးတိုက်ကျွေးခြင်းပင်ဖြစ်သည်"ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဤသို့ဖြင့် တီဘီရောဂါဆေးယဉ်ပါးခြင်းကို ကျော်လွှားလွတ်မြောက်ပြီး ရောဂါဝေဒနာရှင်များအားလုံး ရောဂါပျောက်ကင်းစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။

သို့ရာတွင် တီဘီရောဂါဝေဒနာရှင်များသည် မိမိထံမှ ရောဂါပိုးများ အခြားသူများကိုထပ်မံကူးစက်မှုမဖြစ်စေရန် သတိပြုဆင်ခြင်နေထိုင်တတ်ဖို့လိုပါသည်။ အထူးသဖြင့် တီဘီရောဂါဝေဒနာရှင်များသည် ချောင်းဆိုးခြင်း၊ နှာချေခြင်းပြုသည့်အခါတွင် အဝတ် သို့မဟုတ် လက်ကိုင်ပဝါဖြင့် ပါးစပ်ကို လုံအောင်ဖုံးအုပ်ဖို့လိုပါသည်။ ထို့ပြင် သလိပ်နှင့်တံတွေးများကို တွေ့ရာနေရာတွင် မထွေးဘဲ အဖုံးပါသောခွက် သို့မဟုတ် ထွေးခံခွက်အတွင်းထွေးရန်နှင့် ၎င်းခွက်ထဲသို့ ဖီနိုးပိုးသတ်ဆေးရည်၊ ကာဘော်လစ်ဆပ်ပြာရည် ထည့်ထားရန်လိုအပ်ပါသည်။ ထိုသို့မဟုတ်လျှင် ခွက်ထဲတွင် ရေထည့်ထားရန်လိုပါသည်။ ယင်းသလိပ်များ၊ တံတွေးများကို ရေအိမ်အတွင်း သို့မဟုတ် မြေကြီးတွင် တွင်းတူး၍ စွန့်ပစ်ရန်လိုပါသည်။

တီဘီရောဂါဝေဒနာရှင်များသည် အစားရှောင်သည့်အလေ့အကျင့်ကို ရှောင်ပြီး အာဟာရပြည့်ဝသောအစားအစာကိုစားသုံးခြင်း၊ သင့်တင့်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ လေဝင်လေထွက်ကောင်းပြီး နေရောင်ခြည်တိုက်ရိုက်ရနိုင်သည့်နေရာများ၊ အခန်းများတွင်နေထိုင်ခြင်းနှင့် နံနက် ၈ နာရီနှင့် ညနေ ၄ နာရီနောက်ပိုင်းအချိန်တို့တွင် နေပူစာလှုံခြင်းဖြင့် ဗီတာမင်ဒီဓာတ်များရရှိနိုင်သည်။ ဗီတာမင်ဒီသည် တီဘီရောဂါပိုးကိုသေစေနိုင်သော အစွမ်းရှိပေသည်။ တီဘီရောဂါဝေဒနာရှင်များအသုံးပြုပြီးသော အဝတ်အထည်၊ လက်ကိုင်ပဝါ၊ အသုံးအဆောင်စသည်များကို လျှော်ဖွပ်သန့်စင်နေပူလှန်းပြီးနောက် ပြန်လည်အသုံးပြုနိုင်ပေသည်။

အထူးသတိပြုစေလိုသည့်အချက်မှာ တီဘီရောဂါကူးစက်မှုမရှိစေရန်အတွက် ကလေးငယ်ဘဝမှာပင် ရင်သွေးငယ်အား ဘီစီဂျီကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံထားခြင်းဖြင့် စောစီးစွာကာကွယ်နိုင်ပေသည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက်ပို၍ ကောင်းမွန်သည်ဆိုသောဆောင်ပုဒ်အရ ကလေးငယ်များအား ကာကွယ်ဆေးခုနစ်မျိုးကို ငယ်ရွယ်စဉ်ကာလမှစ၍ အကြိမ်ပြည့်ထိုးနှံတိုက်ကျွေးခြင်းဖြင့် ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း ရောဂါဝေဒနာခံစားနေကြရသူများအား DOTS နည်းဗျူဟာဖြင့် ပြုစုကုသပေးရာတွင် လူတိုင်းကျရာကဏ္ဍမှ ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပြီး ပြုစုကုသစောင့်ရှောက်ပေးခြင်းဖြင့် ရောဂါများပျောက်ကင်းစေနိုင်ပေသည်။

တီဘီရောဂါပိုးသည် လေထဲတွင်ပျံ့နှံ့ပြီး လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ခြင်း၊ မိသားစုအတွင်းကူးစက်ခြင်းတို့ကြောင့် အိမ်ထောင်စုအတွင်းရှိ မိသားစုဝင်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ စာသင်ခန်းများ၊ ပွဲလမ်းသဘင်နှင့် ခရီးသွားလာခြင်း၊ အပန်းဖြေအနားယူရာနေရာအားလုံး၊ လုပ်ငန်းခွင်အားလုံးတွင် ရှိကြသော သူသူငါငါပုပု ရွှရွလူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး လူသားအားလုံးတို့တွင် ကျန်းမာရေးသတိ၊ ကျန်းမာရေးအသိရှိကြရန်လိုအပ်ပြီး တီဘီရောဂါ၏ သာမန်ရောဂါလက္ခဏာများ၊ အဓိကရောဂါလက္ခဏာများ တစ်စုံတစ်ရာတွေ့မြင်သိရှိကြရလျှင် သလိပ်စစ်ခြင်း၊ ရင်ခေါင်းဓာတ်မှန်ရိုက်စစ်ခြင်းကို တစ်ဦးမကျန်စစ်ဆေးဆောင်ရွက်ရန် သတိပြုအလေးထားကြဖို့နှိုးဆော်တိုက်တွန်းလိုပေသည်။ တီဘီရောဂါကူးစက်ခံရမှုလက္ခဏာရှိသူ မည်သူ့ကိုမဆို လိုအပ်သောစစ်ဆေးမှုပြုလုပ်ရန်အတွက် လူတိုင်းလူတိုင်းက ကျန်းမာရေးသတိ၊ ကျန်းမာရေးအသိဖြင့် အမျိုးသားရေးတာဝန်အဖြစ် ပါဝင်ဆောင်ရွက်ကြပါစို့ဟူ၍ နှိုးဆော်လျက် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက် မီးငြှိမ်းသတ်ယာဉ် ၁၁ စီးရောက်ရှိ

သီပေါ မတ် ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ သီပေါမြို့နယ် ၁၁ မြို့နယ်အတွက် ရေဂါလန် ၈၀၀ ဆံ့ တရုတ်နိုင်ငံလုပ် ဒေါင်ဖန်းမီးငြှိမ်းသတ်ယာဉ် ၁၁ စီးသည် မတ် ၁၉ ရက် မွန်းလွဲပိုင်းက သီပေါမြို့သို့ရောက်ရှိလာရာ **(ယာပုံ)** မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းနှင့် မီးသတ်ရဲဘော်များ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအဖွဲ့များက ကြိုဆိုကြပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံး၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

ပေးပို့

အဆိုပါ မီးငြှိမ်းသတ်ယာဉ် ၁၁ စီးကို ပြည်ထဲရေးဝန်ကြီးဌာန ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေဖြင့် ဝယ်ယူသည့် မီးသတ်ယာဉ်များမှ ခွင့်ပြုပေးပို့ခြင်းဖြစ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ သီပေါ၊ နောင်ချို၊ နမ္မတူ၊ မိုးမိတ်၊ လားရှိုး၊ တန့်ယန်း၊ ဟိုပန်၊ သိန်းနီ၊ ကွတ်ခိုင်၊ မူဆယ်နှင့် နမ့်ခမ်းမြို့နယ်များအတွက် ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှူး၏ ပြောပြချက်အရ သိရသည်။

စိုင်း(သီပေါ)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ကျန်းမာရေးအသုံးစရိတ်ကို စုစုပေါင်းအသုံးစရိတ်၏ ၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်သုံးစွဲရန်လျာထား

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုလွှတ်တော် န၀မ ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ်(၁၁)ခုဖြင့် ကျင်းပရာ **ပြင်ဆင်ရေးဆွဲထားသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း**ကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က လွှတ်တော်သို့ တင်သွင်းရာ၌ ဆွေးနွေးအကြံပြုချက်များအပေါ်အခြေခံပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူတစ်ရပ်လုံး၏ လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်စေရန်အတွက် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ပြုစုလျာထားဆောင်ရွက်ခဲ့ပါကြောင်း။

ပြင်ဆင်ချက်အရ နောက်ဆက်တွဲ ၂(က) နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုတွင် မူလလျာထားချက် ကျပ် ၆၈၅၅ ဒသမ ၇၀၁ဘီလီယံထက် ကျပ်၄ ဒသမ ၂၂၀ဘီလီယံ ပိုမိုထည့်ဝင်ပြီး ကျပ် ၆၈၅၉ ဒသမ ၉၂၁ ဘီလီယံကို အပြီးသတ်လျာထားရရှိခဲ့ပါကြောင်း။

နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုတွင် ထိုကဲ့သို့ ဆောင်ရွက်ခဲ့သည့်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ လိုအပ်ချက်ဖြစ်သော လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတို့ကို တာဝန်ခံဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပညာရေးဝန်ကြီးဌာနတို့၏ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုခွဲဝေလျာထားပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး GDP နှင့် တိုးတက်မှုနှုန်း (Growth Rate)ကိုထိခိုက်ခြင်း မရှိသည့်အပြင် ဘတ်ဂျက်လိုငွေနှင့် GDP အချိုးကိုလည်း ထိခိုက်မှုမရှိပါကြောင်း။

သို့ပါ၍ ပြည်ထောင်စုလွှတ်တော်တွင် ညှိနှိုင်းဆွေးနွေးလျာထားသည့်အတိုင်း ပြင်ဆင်ရေးဆွဲထားသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုနိုင်ရန် တင်ပြအပ်ပါကြောင်းဖြင့် တင်သွင်းခဲ့သည်။

ထို့အတူ **ပြင်ဆင်ရေးဆွဲထားသော ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**ကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လွှတ်တော်သို့ တင်သွင်းရာ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်လိုငွေနှင့် ဂျီဒီပီအချိုး ၄ ဒသမ ၁၆ ရာခိုင်နှုန်း၊ နိုင်ငံတော်၏ စုစုပေါင်းရငွေနှင့်ဂျီဒီပီ အချိုး ၂၈ ဒသမ ၉၆ ရာခိုင်နှုန်း၊ နိုင်ငံတော်၏ စုစုပေါင်းသုံးငွေနှင့် ဂျီဒီပီအချိုး ၃၃ ဒသမ ၁၁ရာခိုင်နှုန်း၊ ပြည်ထောင်စု၏ရငွေနှင့် တိုင်းဒေသကြီး/ ပြည်နယ်ရငွေအချိုး ၈၆ ဒသမ ၁၁ အချိုး၁၃ ဒသမ ၆၉၊ ပြည်ထောင်စု၏အသုံးစရိတ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် အသုံးစရိတ်အချိုး ၈၈ ဒသမ ၀၃ အချိုး ၁၁ ဒသမ ၉၇၊ နိုင်ငံတော်၏ အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုး ၇ ဒသမ ၄၇ ရာခိုင်နှုန်း၊ပြည်ထောင်စု၏ အခွန်အကောက်ရငွေနှင့် စုစုပေါင်းအချိုး ၂၉ ဒသမ ၅၇ ရာခိုင်နှုန်း၊ ပြည်ထောင်စု၏ အခွန်အကောက်ရငွေနှင့် စုစုပေါင်းသုံးငွေအချိုး ၂၅ ဒသမ ၃၅ ရာခိုင်နှုန်းနှင့် ပြည်ထောင်စု၏ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်အချိုး ၆၈ ဒသမ ၁၆ အချိုး၂၉ ဒသမ ၄၆ ဖြစ်ပါကြောင်း။

ပြည်ထောင်စု၏ရငွေ၊ သုံးငွေအချိုးသည်၂၀၁၃-၂၀၁၄ ခုနှစ်တွင် ရငွေ ၉၁ ဒသမ ၄၆ ရာခိုင်နှုန်း၊ သုံးငွေ ၉၂ ဒသမ ၈၃ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ခုနှစ်တွင် ရငွေ ၈၆ ဒသမ ၃၁ ရာခိုင်နှုန်း၊ သုံးငွေ ၈၈ ဒသမ ၀၃ ရာခိုင်နှုန်းဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များ၏ ရငွေ၊ သုံးငွေအချိုးသည် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ရငွေ ၈ ဒသမ ၅၄ ရာခိုင်နှုန်း၊ သုံးငွေ ၇ ဒသမ ၁၇ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင်

ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော် ဥပဒေကြမ်း တင်သွင်းစဉ်။ (သတင်းစဉ်)

ရငွေ၁၃ ဒသမ ၆၉ရာခိုင်နှုန်း၊ သုံးငွေ ၁၁ ဒသမ ၉၇ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား စီးပွားရေးဆန်ဆန် လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိအခြေအနေတွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေသည် နိုင်ငံတော်တစ်ခုလုံး၏ရငွေတွင် အဓိကကျသည့် အခန်းကဏ္ဍ၌ ပါဝင်နေသဖြင့် စနစ်တကျ သုံးသပ်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့ငွေကြေး အင်အားပေါ် မိမိတို့ရပ်တည်နိုင်ရေးမူကို ချမှတ်ပြီး ဆောင်ရွက်စေခဲ့ပါကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများကို အခြားစာရင်းရှင် (Other Account) များဖွင့်လှစ်စေပြီး ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုမှရရှိသော ရငွေများကို ၎င်းစာရင်းသို့ ပေးသွင်းစေ၍ အချို့သာမန်အသုံးစရိတ်များကို ၎င်းစာရင်းမှလုပ်ငန်းသုံး ရင်းနှီးငွေအဖြစ် ထုတ်ယူသုံးစွဲစေခဲ့ပါကြောင်း၊ အမြတ်ပေါ်ပေါက်ပါက ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေများပေးဆောင်ပြီးနောက် ထိုစာရင်း၌ ကျန်ရှိသောလက်ကျန်များကို မိမိပိုင်ဘဏ္ဍာရန်ပုံငွေအဖြစ် ရှေ့ဘဏ္ဍာရေးနှစ်သို့ ယူဆောင်ခွင့်ပြုထားပါကြောင်း။

ထိုသို့ တစ်နှစ်ပြီး တစ်နှစ်စုဆောင်းထားသည့် ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေများ များပြားလာပါက ၎င်းတို့၏အသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံပေးခြင်းမပြုတော့ဘဲ ၎င်းတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲဆောင်ရွက်ကြစေရန် ရည်ရွယ်ပါကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပတွင် သီးခြားလွတ်လပ်စွာဖြင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်စေပြီး ၎င်းတို့ထံမှ နိုင်ငံတော်သို့ ထည့်ဝင်ငွေများ၊ အမြတ်ဝေစု၊ အခွန်အခများကို ပေးသွင်းစေသည့် နိုင်ငံတကာတွင် ကျင့်သုံးသောစနစ်များကို ဆောင်ရွက်နိုင်စေရန် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ အကူအညီရယူ၍ လေ့လာသုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် အများပိုင် ကုမ္ပဏီအသွင်ဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကပိုင် အသွင်ဖြင့်ဖြစ်စေ၊ နိုင်ငံတော်နှင့်ပုဂ္ဂလိက ဖက်စပ်လုပ်ကိုင်သည့် ပုံစံဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ခုနှစ်တွင် လျာထားသည့်ပြည်ထောင်စု၏ အခွန်အကောက်ရငွေ စုစုပေါင်းသည် ကျပ် ၄၈၉၀ ဒသမ ၅၈၀ ဘီလီယံဖြစ်ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေ စာရင်းအရ ပြည်ထောင်စု၏ အခွန်အကောက်ရငွေ စုစုပေါင်း ကျပ် ၃၅၈၇ ဒသမ ၉၃၂ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ၃၆ ဒသမ ၃၁ ရာခိုင်နှုန်းတိုးမြှင့်လာပါကြောင်း၊ အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးသည် ၂၀၁၃-၂၀၁၄ ခုနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းတွင် ၆ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေတွင် ၇ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးမြှင့်လာခဲ့ပါကြောင်း၊ အခွန်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဥပဒေကြမ်းတင်သွင်းစဉ်။ (သတင်းစဉ်)

အကောက်ရငွေ အသေးစိတ်စာရင်းများကို အခွန်အကောက်ဥပဒေကြမ်းဖြင့် သီးခြားတင်ပြထားပါကြောင်း။

ပြည်ထောင်စုက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကောက်ခံသော အခွန်အခများအား ပြည့်ပြည့်ဝဝ ကောက်ခံရရှိနိုင်စေရန်နှင့် အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုး ပိုမိုတိုးတက်မြင့်မားလာစေရန် အခွန်စနစ်ပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဖွဲ့စည်းတည်ဆောက်မှုပုံစံ ပြုပြင်ပြောင်းလဲရေးနှင့်အခွန်ဥပဒေများ သုံးသပ်ပြင်ဆင်ရေး စသည့်လုပ်ငန်းစဉ်များကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါကြောင်း။

ဘဏ္ဍာရေးနှစ်အတွင်း မမျှော်လင့်သော သဘာဝဘေးအန္တရာယ်များ၊ မဖြစ်မနေသုံးစွဲရန် လိုအပ်သည့် အသုံးစရိတ်များ၊ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန် မဖြစ်နိုင်သည့် အသုံးစရိတ်များအတွက် သီးသန့်ရန်ပုံငွေကျပ် တစ်ရာဘီလီယံလျာထားပါကြောင်း၊ အဆိုပါရန်ပုံငွေကို ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်သာ သုံးစွဲရမည်ဖြစ်ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် နိုင်ငံ့ဝန်ထမ်းများအား လစာငွေ လစဉ်ကျပ်နှစ်သောင်းနှုန်း တိုးမြှင့်ပေးခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ဂျီဒီပီတိုးတက်မှုအခြေအနေ၊ စီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာ၊ ငွေဖောင်းပွမှုအခြေအနေ၊ နိုင်ငံတော်၏ ရငွေသုံးငွေရရှိမှုနှင့် သုံးစွဲမှုအနေအထား၊ ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများကို ချင့်ချိန်၍ နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို ခေတ်ကာလအခြေအနေနှင့် လျော်ညီစွာ တိုးမြှင့်ပေးရန် ရည်ရွယ်ထားရှိသည့်အတိုင်း ယခု ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင်လည်း ၂၀၁၄ ခုနှစ် ဧပြီတစ်ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို ကျပ်နှစ်သောင်းစီတိုးမြှင့်ပေးရန်နှင့် ပင်စင်လစာနှင့် ဆုကြေးများကိုလည်း အချိုးကျတိုးမြှင့်ပေးရန် ထည့်သွင်းလျာထားပါကြောင်းဖြင့် တင်သွင်းခဲ့သည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ **ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ**ကို ပူးပေါင်းကော်မတီဝင် ဦးစိုးမြင့်က ဖတ်ကြားတင်ပြခဲ့ပြီး ဥပဒေကြမ်း၏ ရငွေသုံးငွေများအပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယင်းအစီရင်ခံစာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအဆင့်များ၏ ပိုငွေလိုငွေ ခန့်မှန်းခြေ၌ စုစုပေါင်းလိုငွေကျပ် ၂၇၅၃ ဒသမ ၀၀၉ ဘီလီယံဖြစ်ပေါ်ပြီး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဓာတ်အားသုံးစွဲခွင့်မရရှိသေးသော ကျေးရွာပေါင်း ၄၂၀၀၀ခန့်ကို ဆောင်ရွက်ပေးရန် လိုအပ်ရှိ

နေပြည်တော် မတ် ၂၁

ပြည်သူ့လွှတ်တော် န၀မပုံမှန် အစည်းအဝေး (၂၉)ရက်မြောက် နေ့ကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် အစီအစဉ်(၇)ခုဖြင့် ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၏ လျှပ်စစ်ကဏ္ဍဆိုင်ရာမေးခွန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပြန်လည် ဖြေကြားခဲ့သည်။

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ “**အုတ်ဖိုမြို့နယ်အတွင်းရှိ အိုးသည်ကုန်းမြို့နှင့် အေးမြသာယာမြို့သစ်တို့ရှိ ရပ်ကွက်များတွင် ကြံ့ခိုင်မှုမရှိသော သစ်သားဓာတ်တိုင်များအား ကွန်ကရစ်ဓာတ်တိုင်များအဖြစ် အစားထိုးပြောင်းလဲတပ်ဆင်ပေးနိုင်ခြင်း ရှိ၊ မရှိ**” မေးခွန်းနှင့်စပ်လျဉ်း၍ အုတ်ဖိုမြို့၊ အိုးသည်ကုန်းမြို့၊ အေးမြသာယာမြို့များတွင်ရှိသော (၁၁) ကေဗွီ

ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြေကြားစဉ်။ (သတင်းစဉ်)

ဓာတ်အားလိုင်းပေါ်တွင် သစ်သားတိုင် ၁၂ တိုင်၊ သံတိုင် ၉၆ တိုင်နှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းတွင် သစ်သားတိုင် ၆၆၄ တိုင်နှင့် သံတိုင် ၄၃၉ တိုင် ရှိပါကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ နှစ်စဉ် ခွဲဝေရရှိသည့် ဘဏ္ဍာငွေအပေါ်မူတည်ပြီး ဝန်ကြီးဌာနပိုင် ဆွေးမြည့်သစ်သားတိုင်၊ သံတိုင်များအား ကွန်ကရစ်တိုင်ဖြင့် လဲလှယ်ခြင်းလုပ်ငန်းအား ထည့်သွင်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် တစ်နှစ်တည်း လဲလှယ်ပေးရန် အခက်အခဲရှိပါကြောင်း။

သို့ဖြစ်ပါ၍ အုတ်ဖိုမြို့၊ အိုးသည်ကုန်းမြို့၊ အေးမြသာယာမြို့များရှိ ဆွေးမြည့်သစ်သားတိုင်နှင့် သံတိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းအား နှစ်အလိုက်ရရှိသည့် ပြုပြင်ထိန်းသိမ်းရန်ပုံငွေအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်၏ “**လဲချားမြို့နယ် ပုံနေကျေးရွာအုပ်စုနှင့် ဝမ်ခဲ့ကျေးရွာအုပ်စုနှစ်စု**

လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် မေးမြန်းစဉ်။ (သတင်းစဉ်)

အတွက် ထရန်စဖော်မာကြီးများ၊ ကွန်ကရစ်ဓာတ်မီးတိုင်များ၊ လျှပ်စစ်မီးကြိုးများနှင့် ဆက်စပ်ပစ္စည်းများကို ကူညီသွယ်တန်းဆောက်လုပ်ပေးပါရန်” မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ဓာတ်အားသုံးစွဲခွင့် မရရှိသေးသော ကျေးရွာပေါင်း ၄၂၀၀၀ ခန့် ကျန်ရှိနေသေးသဖြင့် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့အပြင် အချို့သော ကျေးရွာများတွင် ဆောလျင်စွာ ဓာတ်အားအသုံးပြုလိုသဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေး ကော်မတီဖွဲ့စည်း၍ ဆောင်ရွက်လိုကြသဖြင့် ခွင့်ပြုကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ရာတွင် ဝန်ကြီးဌာနအနေဖြင့် နှစ်အနည်းငယ် အချိန်တိုအတွင်း ကျေးရွာအားလုံးသို့ ဓာတ်အားလိုင်းများ သွယ်တန်းပေးရန်အတွက် နှစ်စဉ်ခွင့်ပြုပေးနိုင်သော ရန်ပုံငွေပမာဏဖြင့် လုံလောက်မှု မရှိပါ၍ နောင်လာမည့်နှစ်များတွင် ထည့်သွင်းလျာထားပေးရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး နိုင်ငံတော်ရန်ပုံငွေခွင့်ပြုနိုင်မှုအရ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် **အမျိုးသားပညာရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ထပ်မံစိစစ်ပြင်ဆင်ချက် (၉)ချက်ကို လွှတ်တော်က သဘောတူအတည်ပြုခဲ့သည်။

ထို့ပြင် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် (၁၃)ချက်အား လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်လိုသည့် အကြောင်းအရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးတင်ပြကြပြီး ယင်းပြင်ဆင်ချက်များကို ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ သဘောထားရယူပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုခဲ့သည်။

ယနေ့အစည်းအဝေး၌ လျှပ်စစ်ကဏ္ဍဆိုင်ရာ မေးခွန်းနှစ်ခုမေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သူနာပြုတက္ကသိုလ် ရန်ကုန် (ပင်မ) အစည်းအဝေးခန်းမ၌ပါမောက္ခချုပ်၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✽ ရှေ့ဖုံးမှ

တက္ကသိုလ်(၁)သို့ ရောက်ရှိပြီး ဇီဝကခန်းမဆောင်၌ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဆေးတက္ကသိုလ်(၁)ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ဆေးတက္ကသိုလ်(၁)၏ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သိရှိလိုသည်များနှင့် လိုအပ်ချက်များကိုမေးမြန်းပြီး အမှာစကားပြောကြားရာတွင် “ဆေးတက္ကသိုလ်(၁)၏ လက်ရှိအခြေအနေများသိရှိနိုင်ရန်နှင့် ရှေ့ဆက်လက်မည်သို့ဆောင်ရွက်ရမည်ကို သိရှိလို၍ လာရောက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဆေးဘက်ဆိုင်ရာတက္ကသိုလ်ပေါင်း ၁၅ ခုရှိကြောင်း၊ ဆေးတက္ကသိုလ်(၁)သည် ဆေးတက္ကသိုလ်လေးခုအနက် အထူးခြားဆုံးဖြစ်ကြောင်း၊ မြို့ကြီးပြကြီးတွင် ဖွင့်လှစ်နိုင်ခြင်း၊ နိုင်ငံတကာနှင့် ထိတွေ့မှု အများဆုံးဖြစ်ခြင်းတို့ကြောင့် ထူးချွန်သည့် ဆေးပညာရှင်များကို အမြောက်အမြား မွေးထုတ်နိုင်ကြောင်း၊ ယခုလက်ရှိကာလတွင် ဆရာဝန် စုစုပေါင်းသုံးသောင်းကျော် ရှိနေပြီဖြစ်သော်လည်း လက်ရှိတိုးတက်လာသော လူဦးရေနှင့်နှိုင်းယှဉ်ပါက များစွာလိုအပ်နေသေးကြောင်း၊ လူနှစ်ထောင်တွင် ဆရာဝန် တစ်ယောက်နှုန်းအချိုးအစားသာ ရှိသေးကြောင်း၊ ထို့အပြင် နိုင်ငံတော်က ကျန်းမာရေးကဏ္ဍအတွက် ဘတ်ဂျက်များကို လေးဆတိုးပေးထားသော်လည်း လိုအပ်မှုများရှိနေသေးကြောင်း၊ အထူးသဖြင့် ကျေးလက်နေပြည်သူများကို ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဆရာ ဆရာမများအနေဖြင့် ကျေးရွာအရောက်သွားရောက်၍ ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ဆေးတက္ကသိုလ်(၁)မှ နိုင်ငံတကာအဆင့်မီ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်လိုကြောင်း၊ အရေအတွက်သာမက အရည်အချင်းပိုင်းမှာပါ ပိုမိုတိုးတက်ရန်လိုအပ်ကြောင်း၊ နိုင်ငံခြားသို့ ပညာသင်စေလွှတ်ခြင်းများကိုလည်း ဆောင်ရွက်ရန်အစီအစဉ်ရှိကြောင်း၊ နိုင်ငံခြားသို့ပညာသင်စေလွှတ်ရာတွင်လည်း အမှန်တကယ် ထူးချွန်သူများကို ရွေးချယ်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဆေးပညာအရည်အသွေးမြင့်မားစေရေးအတွက် ဆရာ ဆရာမကြီးများက အားလုံးအကြံပြုဆွေးနွေးပေးကြပါရန် မှာကြားလိုကြောင်း” ဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် အပန်းဖြေခန်းမ၌ခင်းကျင်းပြသထားသော သင်ကြားရေးသင်ထောက်ကူပစ္စည်းများနှင့် အဏုဇီဝဗေဒဌာနတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံ၏ ပထမဆုံး ဆေးသိပ္ပံ LMP လေးနှစ်သင်တန်းကို ၁၉၀၇ ခုနှစ်တွင် ရန်ကုန်ဆေးရုံကြီး၌ဖွင့်လှစ်ခဲ့ပြီး ၁၉၂၃-၁၉၂၄ ခုနှစ်တွင် ပထမဆုံး MBBS သင်တန်းကို စတင်ခဲ့သည်။ ထို့နောက် ၁၉၂၇ ခုနှစ်တွင် ဆေးတက္ကသိုလ်(၁)ပင်မဆောင်ကို စတင်အုတ်မြစ်ချပြီး ၁၉၃၀ ပြည့်နှစ်တွင် ပထမဆုံး MBBS ဘွဲ့ကို အပ်နှင်းခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ဆေးကောလိပ်မှ ဆေးတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် University of Medicine 1 သို့ အဆင့်တိုးမြှင့်ခဲ့သည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ သူနာပြုတက္ကသိုလ်ရန်ကုန်(ပင်မ)သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ သူနာပြုတက္ကသိုလ် ရန်ကုန်ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ နွဲ့နွဲ့ဦးက သင်တန်းသားဦးရေ၊ဆရာ ဆရာမများ၏ အရည်အသွေးတိုးတက်စေရန် ဆောင်ရွက်ပေးမှု၊ ကျောင်းသူများ အဆောင်နေထိုင်မှု၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ နိုင်ငံခြားတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို မေးမြန်းပြီး အမှာစကားပြောကြားရာတွင် “မိမိတို့ ယခုလာရောက်ခြင်းမှာ သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ လက်ရှိအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို သိရှိရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် သူနာပြုကျောင်း ၄၆ ကျောင်း ရှိသော်လည်း သူနာပြုနှင့် သားဖွားဆရာမများ မွေးထုတ်ရာတွင် လုံလောက်မှု မရှိသေးကြောင်း၊ အလားတူ ဆရာဝန်နှင့် သူနာပြုအချိုးမှာလည်း ဆတူနီးပါးဖြစ်နေကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် ကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေးဟူ၍ရှိရာ သူနာပြုများမှာ ကုသရေးနှင့် သက်ဆိုင်ကြောင်း၊ လက်ရှိလူဦးရေနှင့် သူနာပြုမွေးထုတ်မှုမှာ မလုံလောက်သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ အရေအတွက်သာမက အရည်အချင်းပါလိုအပ်ကြောင်း၊ ဆရာဝန်များတွင် ကျင့်ဝတ်ရှိသလို သူနာပြုများတွင်လည်း ကျင့်ဝတ်များရှိပါကြောင်း၊ သူနာပြုကျင့်ဝတ်များကို လိုက်နာပါမှ တကယ်တန်ဖိုးရှိသည့် သူနာပြုများ၊ သားဖွားဆရာမများဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျေးလက်တောရွာနေ ပြည်သူများကို သူနာပြုများ၊ သားဖွားဆရာမများက စောင့်ရှောက်ကြရန် လိုအပ်ကြောင်း၊ လူနာများကို စေတနာ၊ မေတ္တာ၊ ကရုဏာတို့ကို အခြေခံ၍ ဆက်ဆံခြင်းဖြင့် အရည်အသွေးမြှင့်တင်ရန် လိုအပ်ကြောင်း၊ သူနာပြုတက္ကသိုလ်ကျောင်းသူများအနေဖြင့် လိုအပ်ချက်များကိုသိရှိပြီး သူနာပြုတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့်သူနာပြုများလုံလုံလောက်လောက်ရှိရန် မည်သို့ဆောင်ရွက်ရမည်ကို စဉ်းစားရန်လိုကြောင်းနှင့် အနာဂတ်ကာလတွင် ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍများတွင် ဆောင်ရွက်နေသည့် သူနာပြုများကိုလည်း ခွဲခြားမှုမရှိဘဲ အခွင့်အရေးပေးသွားမည်ဖြစ်ကြောင်း၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)သည် တစ်နိုင်ငံလုံးတွင် အကြီးဆုံးဖြစ်၍ သူနာပြုများနှင့် သားဖွားဆရာမများကို ပိုမိုမွေးထုတ်နိုင်ရန် အားလုံးအကြံပြုဆွေးနွေးကြရန်လိုကြောင်း” ဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် သူနာပြုတက္ကသိုလ်ရန်ကုန်(ပင်မ)နှင့် သူနာပြုတက္ကသိုလ် ရန်ကုန်(တိုးချဲ့) ဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းလက်တွေ့သရုပ်ပြနေမှုတို့ကို ကြည့်ရှုအားပေးသည်။

သူနာပြုသင်တန်းကျောင်းကို ၁၉၈၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် သူနာပြုတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ကာ ၂၀၀၅ ခုနှစ်တွင် သူနာပြုတက္ကသိုလ် (ရန်ကုန်) အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ကျေးလက်မီးလင်းရေး ဆောင်ရွက်ချက်များသည် ကျေးလက်နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်

နေပြည်တော် မတ် ၂၁

စက်မှုဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မဟာဓာတ်အားလိုင်း မရောက်ရှိနိုင်သော ဒေသများ၌ လျှပ်စစ်မီးရရှိရေး အထောက်အကူပြု ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ စီမံကိန်းများပူးပေါင်းဖော်ဆောင်နိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနှင့် နှီးနှောဖလှယ်ပွဲကို နေပြည်တော် သင်္ဂဟဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က မြန်မာနိုင်ငံအတွင်း မဟာဓာတ်အားလိုင်းမရောက်ရှိနိုင်သော ဒေသများ၌ လျှပ်စစ်မီးရရှိရေးအတွက် စက်မှုဝန်ကြီးဌာနလက်အောက်တွင် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီကို ၂၀၁၁ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး UNIDO, KOICA, KOTRA နှင့် NEDO ကဲ့သို့သော နိုင်ငံတကာမှ အလှူရှင်များ၏ အကူအညီဖြင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်တွင် ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (2^{nd} Myanmar Development Cooperation Forum-MDCF) ကျင်းပပြီးစီးသည့် အချိန်မှစ၍ ကျေးလက်မီးလင်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ငွေကြေးအထောက်အကူပြုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကမှကိုယ်စားလှယ်များနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အစိုးရနှင့် ပုဂ္ဂလိကလက်တွဲဆောင်ရွက်သည့် အရှိန်ကို ပိုမိုမြှင့်တင်နိုင်ခဲ့ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အနေဖြင့် ၂၀၁၃ ခုနှစ် ဧပြီလမှစတင်၍ ကျေးလက်မီးလင်းရေးဆောင်ရွက်ချက်များတွင် ပိုမိုပါဝင်လာနိုင်ခဲ့ပြီး ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးနှစ်ခုတွင် ရှေ့ပြေးစီမံကိန်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဤဆွေးနွေးပွဲ၌ ဈေးကွက်တွင် ရှင်သန်နိုင်စွမ်းရှိပြီး ထိရောက်အကျိုးရှိသည့် စွမ်းအင်ဆိုင်ရာ အကဲဖြတ်နည်းပညာလေ့လာတွေ့ရှိချက် (case Studies of energy access technologies) နှင့်စီးပွားရေးစံပြုပုံစံ(business models) ဆိုင်ရာ ဆောင်ရွက်ချက်များကို ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ကျေးလက်မီးလင်းရေး ဆောင်ရွက်ချက်များသည် ကျေးလက်နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်းကိုမြှင့်တင်ပေးခြင်းဖြစ်ရာ ဤဆောင်ရွက်ချက်မှုသည် ဆင်းရဲနွမ်းပါးသောဝန်းကျင် (Poverty Environment) ကို လျှော့ချနိုင်ခြင်း၊ လူမှုအဆင့်အတန်းကွာဟချက်ကိုလျှော့ပါးစေခြင်း၊ နည်းပညာအသိရရှိစေခြင်း၊ ကမ္ဘာကြီး ပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုများကို လျှော့ချနိုင်ခြင်း စသည်တို့မှသည် သဘာဝသယံဇာတများကို ရေရှည်တည်တံ့ခိုင်မြဲစွာ ထိန်းသိမ်းနိုင်သည်အထိ အကျိုးရှိပါကြောင်းဖြင့် ပြောကြားသည်။ ယနေ့ကျင်းပသည့် ဆွေးနွေးပွဲတွင် ADB နှင့် စက်မှုဝန်ကြီးဌာနတို့၏ လက်ရှိဆောင်ရွက်နေသည့် ဆောင်ရွက်ချက်များ၊ နိုင်ငံတကာမှ ဆောင်ရွက်နေသည့် စွမ်းအင်ဆိုင်ရာ မူဝါဒများနှင့် ယန္တရားများကို သိသာထင်ရှားစေရန်၊ ငွေကြေးနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးဆောင်ရွက်ချက်များကို သုံးသပ်ဖလှယ်ရန်၊ ပုဂ္ဂလိကကဏ္ဍမှ ပိုမိုပါဝင်လာစေရန်၊ စွမ်းအင်ဆိုင်ရာ မူဝါဒများအားထိရောက်စွာ အကောင်အထည်ဖော်ရန်၊ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများကို အတူတကွ ကျော်လွှားနိုင်မည့် ပတ်ဝန်းကျင်ကောင်းများတည်ဆောက်ရန်၊ ရေရှည်တည်တံ့သော စွမ်းအင်ရရှိနိုင်ရေးအတွက် အထောက်အကူပြုနိုင်သော စီးပွားရေးစံပြုပုံစံတစ်ခုကို ဖန်တီးပုံဖော်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် လျှပ်စစ်မီးရရှိရေးအထောက်အကူပြု ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ စီမံကိန်းများပူးပေါင်းဖော်ဆောင်နိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် နှီးနှောဖလှယ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ် အရှေ့တောင်အာရှ စွမ်းအင်ဌာနမှ Director Mr. Chong Chi Nai နှင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ann Ollestad တို့က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ADB မှ Senior Climate Change Specialist Mr. Pradeep Tharakan နှင့် အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ် Earth Institute မှ Mr. Edwin Adkins တို့က မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုနိုင်မှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာမှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးရေးကို စိတ်ဝင်စားသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအပါအဝင် ဘဏ်လုပ်ငန်းရှင်များ၊ သန့်ရှင်းသောစွမ်းအင်ထုတ်လုပ်ရေးရန်ပုံငွေအဖွဲ့များ၊ အလှူရှင်များ၊ စွမ်းအင်ဆိုင်ရာ စက်ပစ္စည်းများရောင်းချသူများ၊ စီမံကိန်းအကောင်အထည်ဖော်သူများနှင့် ပြည်တွင်းမှ လုပ်ငန်းရှင်များ စိတ်ဝင်တစားတက်ရောက်ခဲ့ကြပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများအပြင် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအပေါ်မူတည်၍ နိုင်ငံတကာအတွေ့အကြုံများနှင့် အလေ့အကျင့်ကောင်းများ လက်ခံရယူနိုင်မည့် နည်းလမ်းများကို ဦးတည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားကို မတ် ၂၂ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နှီးနှောဖလှယ်ပွဲရလဒ်အဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၂၀ နှင့် ချင်းပြည်နယ် ဟားခါးမြို့တွင်း အများပြည်သူသုံးလမ်းမများတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိနိုင်မည်ဖြစ်ပြီး ဟားခါးမြို့နယ်ရှိ ဆေးရုံနှင့် ဆေးပေးခန်းများတွင် ဆေးဝါးနှင့်ဆေးပစ္စည်းများ သိုလှောင်သိမ်းဆည်းရန်အအေးပေးစနစ် (Refrigerator) များ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆန်အမျိုးအစားအလိုက် ပေါင်းဆန်များ၏အရည်အသွေး ကောင်းမွန်ရန်လိုအပ် စပါးဝယ်ယူရေးနှင့်ပတ်သက်၍ ရောင်းချသူများမနစ်နာစေရန် မှန်မှန်ကန်ကန်ဆောင်ရွက်

နေပြည်တော် မတ် ၂၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် (၆၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြုလုပ်သော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏အင်းတကော် စက်မှုနယ်မြေ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံဖွင့်ပွဲအခမ်းအနားနှင့် မြောင်းမြမြို့ အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက်၏ တန် ၂၅၀ ပေါင်းဆန်စက်ရုံ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ချီးမြှင့်၍ ဖွင့်လှစ်သည်။

အင်းတကော် စက်မှုနယ်မြေ မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးH.E.Mr. Yang Houlan၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ(ကြည်း၊ရေ၊လေ) စစ်သံမှူး Senior Col. Xiong Shaowei ၊ NORINCO ကုမ္ပဏီမှ Vice President Mr.Wang Yitong၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်တွင် စက်ရုံမှူးက မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်းပိုင်းဆိုင်ရာများနှင့် စက်ရုံအုပ်ချုပ်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် နိုင်ငံတော်၏ မော်တော်ယာဉ်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တပ်ပိုင်းဆိုင်ရာမှ တပ်မတော်သုံး Heavy Duty Truck ယာဉ်များ ထုတ်လုပ်သကဲ့သို့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အနေဖြင့်လည်း City Bus များ၊ Truck များနှင့် Trailer များ ထုတ်လုပ်ရေးဆောင်ရွက်နေကြောင်း၊ လက်ရှိနိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများကြောင့် တိုးတက်မှုအတွက် ပြိုင်ဆိုင်မှုများစွာဖြစ်ပေါ်နေကြောင်း၊ သို့ဖြစ်၍ မော်တော်ယာဉ်ထုတ်လုပ်ရာတွင် မူလ Quality မကျအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၎င်းအပြင် Standard အပိုင်းအရလည်းကောင်း၊ Option ပိုင်းအရလည်းကောင်း အပြိုင်အဆိုင်လုပ်ဆောင်ပေးနေရသည်များလည်းရှိကြောင်း၊ ထုတ်လုပ်မှုအပိုင်းတွင် ယာဉ်အစိတ်အပိုင်းများကို မိမိစက်ရုံမှ တတ်နိုင်သလောက် ထုတ်လုပ်ပြီး မိမိမထုတ်လုပ်နိုင်သည်များကို ပြည်တွင်းမှ ဦးစားပေးဝယ်ယူသွားရန်လိုကြောင်း၊ မိမိတို့လုပ်ငန်းများသည် အမြတ်အစွန်းရရှိရုံသက်သက် မဟုတ်ဘဲ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန် ရည်မှန်းလုပ်ဆောင်သွားရန်လိုကြောင်းဖြင့် ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ စက်ရုံဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး၊ NORINCO ကုမ္ပဏီမှ Vice President Mr. Wang Yitong နှင့် စက်ရုံမှူးဦးကျော်မြင့်တို့က မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံဖွင့်ပွဲ အထိမ်းအမှတ်ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စက်ရုံအတွင်း Assembly Workshop များအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် City Bus ဖြင့် စီးနင်းလိုက်ပါ၍ Testing Road တွင် Breaking Test 30 Km/Hr ၊ Breaking Test 50 Km/Hr၊ Twisting Road Limited Steet 10 Km/Hr များသို့ စမ်းသပ်မောင်းနှင်စစ်ဆေးခဲ့သည်။

အဆိုပါ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံမှ City Bus များ၊ Prime Mover များနှင့် Trailer များကို တပ်ဆင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်းနှင့် ဈေးကွက်လိုအပ်ချက်အရ အကြီးစားယာဉ်ကြီးများ ထပ်မံတိုးချဲ့ တပ်ဆင်ထုတ်လုပ်ခြင်းအပြင် ခရီးသည်တင်ယာဉ်ကြီးများအတွက် Service Centre ဖွင့်လှစ်နိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် မြောင်းမြမြို့သို့ ရောက်ရှိပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက် တန် ၂၅၀ ပေါင်းဆန်စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အဓိပတိလယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလီမိတက် Managing Director ဦးသိန်းတိုးက လုပ်ငန်းအခြေအနေများ ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆန်စက်လုပ်ငန်းနှင့်ပတ်သက်၍ စပါးဝယ်ယူရေး၊ ကြိတ်ခွဲထုတ်လုပ်ရေးနှင့် ရောင်းချရေးလုပ်ငန်းများကို အဆင့်လိုက်စနစ်တကျ စီမံဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အဓိကအားဖြင့် ဆန်အမျိုးအစားအလိုက် ပေါင်းဆန်များ၏ အရည်အသွေးကောင်းမွန်ရန် လိုအပ်ကြောင်း၊ အမျိုးမတူသည့် ဆန်များမရောနှောရန် လိုအပ်ကြောင်း၊ စပါးဝယ်ယူရေးနှင့် ပတ်သက်၍လည်း ရောင်းချသူများအနေဖြင့် မနစ်နာစေရန်မှန်မှန်ကန်ကန် ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ဖြည့်စွက်မှာကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် စက်ရုံပုံစံငယ်၊ စပါးခွံချွတ်စက်၊ ဆန်ဖြူဖွတ်စက်၊ ပေါင်းဆန်နမူနာများနှင့် စပါးခွံလောင်စာတောင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ဓာတ်ပုံ)**

ယင်းနောက် တန် ၂၅၀ ပေါင်းဆန်စက်ရုံဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး၊ Managing Director ဗိုလ်ချုပ်ဇာနည်ဝင်း၊ အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက် Managing Director ဦးသိန်းတိုးတို့က စက်ရုံဖွင့်ပွဲအထိမ်းအမှတ်ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တန် ၂၅၀ ပေါင်းဆန်စက်ရုံသည် နေ့စဉ် စပါးတန် ၂၅၀ ပေါင်းနိုင်ပြီး ဆန်တန်ချိန် ၁၃၀/ ၁၄၀ ခန့်ထွက်ရှိမည်ဖြစ်သည်။ ပေါင်းဆန်ထုတ်လုပ်ရခြင်းမှာ ပုံမှန်စပါးကြိတ်ခွဲခြင်းထက် Out-turn ထွက်ရှိမှုမြင့်မားပြီး စပါးအလေအလွင့်လျော့နည်းစေခြင်းအပြင် ကမ္ဘာ့ဆန်ဈေးကွက်တွင်လည်း ပေါင်းဆန်ဝယ်လိုအား တိုးတက်လာ၍ ပေါင်းဆန်ဈေးနှုန်းမှာလည်း ပိုမိုမြင့်မားလျက်ရှိခြင်းကြောင့် ဖြစ်သည်။ ထို့အပြင် ပေါင်းဆန်စက်ရုံတွင် လေလွင့်ပစ္စည်းများဖြစ်သည့်စပါးခွံများအား စပါးခွံလောင်စာတောင့်အဖြစ် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

✳ *ကျောဖုံးမှ*

နာရီသန်းပေါင်း ၁၀၀ စီမံကိန်းကာလမှာ ရှစ်နှစ်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အထက်သံလွင်(ကွမ်းလုံ)ရေအားလျှပ်စစ်စီမံကိန်းတွင် တည်ဆောက်မည့်တမံအမျိုးအစားမှာ ကွန်ကရစ်အမျိုးအစားဖြစ်ပြီး တမံအမြင့်မှာ ၃၃၈ ပေ (၁၀၃ မီတာ) ဖြစ်ကာ တာဘိုင်အမျိုးအစားမှာ ဖရန်စစ်တာဘိုင်ဖြစ်သည်။ စီမံကိန်းတစ်ခုလုံးအတွက် ကုန်ကျစရိတ်မှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀၅၃ သန်းရှိမည်ဖြစ်ပြီး လုပ်ပိုင်ခွင့်ကာလအနေဖြင့် နှစ်ပေါင်း ၄၀ ဖြစ်သည်။

အဆိုပါ စီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ Hanergy Holding Group Limited နှင့် Asia World Company Limited တို့ဖြစ်ပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုစီမံကိန်းပြီးစီးပါက နိုင်ငံတော်ဓာတ်အား ၁၀ ရာခိုင်နှုန်းကိုအခမဲ့ရရှိမည်ဖြစ်ပြီး လိုအပ်ပါက စုစုပေါင်း ဓာတ်အား ၅၀ ရာခိုင်နှုန်းအထိ နိုင်ငံတော်အားညှိနှိုင်းဈေးဖြင့် ရယူခွင့်ပြုရမည်ဖြစ်သည်။

စီမံကိန်းကြောင့်ဆုံးရှုံးသွားသည့်စိုက်ပျိုးသီးနှံများ နှစ်ရှည်သီးနှံပင်အတွက် ဒေသပေါက်ဈေးနှင့်ညီမျှသောဈေးနှုန်းများအတိုင်း နစ်နာကြေးများပေးသွားမည်ဖြစ်သည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသခံများအနေဖြင့် လျှပ်စစ်ဓာတ်အား မြန်မြန်ရရှိသုံးစွဲနိုင်မည်ဖြစ်ရာ ဒေသခံများအား ချပြရှင်းလင်းဆန္ဒခံယူသည့် အခမ်းအနားတွင် ကန့်ကွက်မှုမရှိကြောင်း တွေ့ရှိခဲ့ရသည်။

■ *ရှေ့ဖုံးမှ*

မပြတ်ကြည့်ရှုစစ်ဆေးပြီး မှတ်တမ်းပြုစုထားရှိခြင်း၊ အစောင့်ဝန်ထမ်းတစ်ဦး အမြဲထားရှိပြီး ထူးခြားဖြစ်စဉ်များကို စောင့်ကြည့်ခြင်းများလုပ်ဆောင်နေခြင်း၊ တံတားကြီးအရေးပေါ်အခြေအနေအရ ယာယီပြုပြင်ထိန်းသိမ်းမှုများကို အခါအားလျော်စွာ အသေးစားပြုပြင်မှုများကို လုပ်ဆောင်လျက်ရှိသည်။

တံတားကြီးပြုပြင်ထိန်းသိမ်းမှုကို လှူဒါန်းလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရှေးဟောင်းသုတေသနဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပြည်တွင်းသတင်း

ရန်ကုန်မြို့တော်သင်္ကြန်ကာလ ရေလုံလောက်စွာသုံးစွဲနိုင်

ရန်ကုန် မတ် ၂၁

ရန်ကုန်မြို့နေပြည်သူများ သင်္ကြန်ကာလအတွင်း ရေလုံလောက်စွာဖြန့်ဝေပေးနိုင်ရေးအတွက် ဂျိုးဖြူ၊ ဖူးကြီး၊ လှော်ကားရေလှောင်ကန်ကြီးများတွင် လာမည့်နှစ် နွေရာသီရေသိုလှောင်နိုင်မှုပမာဏထက် ပိုမိုသိုလှောင်ထားနိုင်ပြီး သင်္ကြန်ကာလရေလုံလောက်မှုရှိပြီး လုံလောက်စွာသုံးစွဲနိုင်ကြောင်း ရေနှင့်ရေသန့်ရှင်းမှုဌာနမှ သိရသည်။

ရေပေးဝေသွားမည်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ သင်္ကြန်ပွဲတော်ရက်များဖြစ်သည့် အကြို၊ အကျ၊ အကြတ်၊ အတက်နေ့များတွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ်များသို့ ၂၄ နာရီရေပေးဝေသွားမည်ဖြစ်ပြီး ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့်ဒဂုံမြို့နယ်များသို့ နံနက် ၇ နာရီမှ ၁၁ နာရီအထိတစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်ကြိမ် တစ်နေ့နှစ်ကြိမ် ရေပေးဝေသွားမည်ဖြစ်ပြီး အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်များသို့ နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရေပေးဝေသွားမည် ဖြစ်သည်။

မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်များသို့ ရေပေးဝေမှုကို မူလရေပေးဝေချိန်အတိုင်း ပေးဝေမည်ဖြစ်ပြီး ဧပြီ ၁၇ ရက်(မြန်မာနှစ်ဆန်း ၁ ရက်)တွင် မြို့နယ်များအားလုံးသို့ ပုံမှန်ရေပေးဝေချိန်အတိုင်း ပြန်လည်ပေးဝေသွားမည်ဖြစ်သည်။

အဆိုပါ သတ်မှတ်ရေပေးဝေနေချိန်အတွင်း ရေပိုက်လိုင်းများအရေးပေါ်ပြင်ဆင်ရန်လိုအပ်ပါက သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ချထားသည့် ရေနှင့်သန့်ရှင်းမှုဌာနဝန်ထမ်းများထံ အကူအညီတောင်းခံနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနခွဲမှူး ဦးမောင်မောင်ဌေးထံမှ သိရသည်။

သိမ့်သိမ့်မိုး

ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှု ကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့် ရောဂါများဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ ပူပြင်းသောနေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အချိန်အတွင်း အလုပ်လုပ်ကိုင်သူများ၊ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ကြရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသောနေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏ အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါလုံခြုံသော ဦးထုပ်၊ ထီး စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ သို့မဟုတ် SPF15 + ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့်နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော အရောင်ရင့်သော အဝတ်အထည်များ၊ ထူသော အဝတ်အထည်များကိုဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့်
- အသက်တစ်နှစ်အောက်ငယ်သောကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ (သို့) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်မှ

လူမှုဖူလုံရေးအဖွဲ့မှ ပိုငွေကျပ် ၉ ဒသမ ၇၅၅ ဘီလီယံ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့များမှ ပိုငွေကျပ် ၆၉၃ ဒသမ ၅၉၂ ဘီလီယံ ပိုငွေပြလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအနက် အမြတ်ရရှိသည့် အဖွဲ့အစည်း၊ အရှုံးပေါ်နေသည့် အဖွဲ့အစည်းဟူ၍ ဖြစ်ပေါ်လျက်ရှိရာအမြတ်ရရှိသော စီးပွားရေးအဖွဲ့အစည်းများမှလည်း အမှန်တကယ် အမြတ်ရရှိခြင်း ဟုတ်၊ မဟုတ် ပြန်လည်စိစစ်ရန်လိုအပ်မည်ဟု သုံးသပ်ရရှိပါကြောင်း၊ စီးပွားရေးအဖွဲ့အစည်းများကို လုပ်ငန်းလုပ်ပိုင်ခွင့်အရဖြစ်စေ၊ ဖွဲ့စည်းမှုပုံစံအရဖြစ်စေ၊ ဘဏ္ဍာငွေကြေးအရဖြစ်စေ လွှတ်လပ်ခွင့်ပေး၍ လက်တွေ့ကျကျ စီးပွားရေးဆန်ဆန် လုပ်ကိုင်စေရန် အလေးပေး အကောင်အထည်ဖော်သင့်ပါကြောင်း၊ ဘတ်ဂျက်စီမံခန့်ခွဲမှုနည်းလမ်းတစ်ခုတည်းဖြင့် ဘဏ်ချေးငွေများပေး၍ ဆောင်ရွက်စေခြင်းသည် စာရင်းဇယားပြရာ၌ ရှုပ်ထွေးမှုဖြစ်ပေါ်စေရုံသာမက အကျိုးအမြတ်ရှိနိုင်၊ မရှိနိုင်ကိုလည်း လက်တွေ့ကျကျ သုံးသပ်ဆောင်ရွက်သင့်သည်ဟု လေ့လာတွေ့ရှိရပါကြောင်း။

ပညာရေးအသုံးစရိတ်သည် ယခင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ ကျပ် ၉၀၈ ဘီလီယံခန့် စုစုပေါင်းအသုံးစရိတ်၏ ၅ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ကျပ် ၁၁၄၂ ဘီလီယံကျော် စုစုပေါင်းအသုံးစရိတ်၏ ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်လာပါကြောင်း၊ ကျန်းမာရေးအသုံးစရိတ်သည်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၄၉၉ ဘီလီယံခန့် စုစုပေါင်းအသုံးစရိတ်၏ ၃ ဒသမ ၁ ရာခိုင်နှုန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၆၅၂ ဘီလီယံကျော် စုစုပေါင်းအသုံးစရိတ်၏ ၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်သုံးစွဲရန်လျာထားသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

ထို့အတူ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုစေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ၂၀၁၄-၂၀၁၅ ယခုနှစ်၌ ကျပ် ၄၄၃ ဘီလီယံကျော် စုစုပေါင်းအသုံးစရိတ်၏ ၂ ဒသမ ၃ ရာခိုင်နှုန်းခန့်အထိ ယခင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အသုံးစရိတ်ထက် လေးဆခန့် မြှင့်တင်ထားသည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းသည် ပြည်ထောင်စု၏ ထောက်ပံ့ငွေကျပ်သန်း ၁၇၁၅၄၃၀ ဒသမ ၂၈၂ ၌ တိုင်းဒေသကြီး/ပြည်နယ်များ၏ ထောက်ပံ့ငွေများနှင့် ရောထွေးဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ ရောထွေးဖော်ပြထားခြင်းကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကို အကောင်အထည်ဖော်ရာ၌ အခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းကို သီးခြားခေါင်းစဉ်တစ်ရပ် ထားရှိရန် လိုအပ်ပါကြောင်း။

ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြအဆိုပြုသော ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းအရ အထူးအထွေ မှတ်ချက်ပြုရန်မရှိသည့်အပြင် ဘဏ္ဍာရေးဆိုင်ရာ လေ့လာစိစစ်တွေ့ရှိချက်များကို သီးခြားတင်ပြပြီးဖြစ်ပါ၍ ပြင်ဆင်ထားသောစီမံကိန်းဥပဒေနှင့်အညီ ရေးဆွဲထားသည့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအား သီးခြားခေါင်းစဉ်ဖြင့် ခွဲထုတ်ဖော်ပြပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုနိုင်ပါရန် ထောက်ခံတင်ပြပါကြောင်းဖြင့် ပါရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ် သွန်းလောင်းပူဇော်သော အဘိဇယဝံသမဟာမုနိရုပ်ပွားတော်အား ထိုင်းနိုင်ငံသို့ပို့ဆောင်

ကျိုင်းတုံ မတ် ၂၁

အဘိဇယဝံသမဟာမုနိရုပ်ပွားတော်ကို တပေါင်းလပြည့်နေ့ (မတ် ၁၅ ရက်) တွင် မန္တလေးမြို့ မဟာမုနိဘုရားကြီးမှ ဩဝါဒ စရိယဆရာတော်ကိုးပါးအပါအဝင် သံဃာ ၁၀၈ ပါးဖြင့် အနေကဇာတင်ပြီး ဓမ္မစကြာအသင်း၌ ယောဂီ ၅၀ ကျော်ဖြင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ကြသည်။ ထို့နောက် ရှမ်းရိုးရာအိုးစည် အကတို့ဖြင့်လည်း ပူဇော်ကြသည်။ မတ် ၁၈ ရက်တွင် တောင်ကြီးမြို့ မင်းကျောင်းရှေ့၌ အေးစေတီဆရာတော်ကြီး အမျှုးပြု၍ အရှင်သူရိယက ဦးစီး ဦးဆောင်ပြီး သံဃာတော် ၁၀၈ ပါးဖြင့် ထပ်မံအနေကဇာတင်သည်။ မဟာမုနိရုပ်ပွားတော်ကို အေးစေတီဆရာတော် ဦးကုသလ ဦးဆောင်သော ဆရာတော်ကိုးပါးနှင့် ဒါယကာခုနစ်ဦးတို့ဖြင့် ထိုင်းနိုင်ငံသို့ ပင့်ဆောင်လာရာ ကျိုင်းတုံမြို့သို့ ရောက်ရှိပြီး ပြည်သူအများ ပူဇော်နိုင်ရန် မုံလယ်ကျောင်း၌ တစ်ညကိန်းဝပ်အပူဇော်ခံသည်။

(ခရိုင် ပြန်/ဆက်)

❖ ကျောဖုံးမှ

ရေးသွားရောက်ခဲ့သော မိမိတို့၏ ပထမဦးဆုံးလေယာဉ်မှာ တောင်အိန္ဒိယပင်လယ်ပြင်၌ ယင်းသဲလွန်စများကို ရှာဖွေတွေ့ရှိခြင်းမရှိသဖြင့် အခြေစိုက်စခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း ပင်လယ်ပြင်ရှာဖွေရေးများ ဆက်လက်ရှိနေဆဲပင် ဖြစ်ကြောင်း၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အမေရိကန်ပြည်ထောင်စုမှ လေယာဉ်များမှာ ယခုရက်ပိုင်းအတွင်း တရုတ်၊ ဂျပန်လေယာဉ်များနှင့် ပူးပေါင်းပြီး ပျောက်ဆုံးလေယာဉ် ရှာဖွေရေးကို ပြန်လည်စတင်ကြမှာ ဖြစ်ကြောင်း ပြောကြားသည်။

ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့က ရှာဖွေရသည့်နယ်နိမိတ်မှာ အလွန်ပင် ကျယ်ပြောလှကြောင်း၊ သို့သော်လည်း တစ်စုံတစ်ခု ကျထားပါက တွေ့ကိုတွေ့ရမှာဖြစ်ကြောင်း၊ ပျောက်ဆုံးလေယာဉ်ပေါ်ပါရှိသော ခရီးသည်နှင့်လေယာဉ်အမှုထမ်းများ၏ မိသားစုများ၊ မိတ်ဆွေသင်္ဂဟများအပေါ် စာနာစိတ်ထားကာ ရှာဖွေရေးလုပ်ငန်းတွင် စွမ်းအားရှိသလောက် ပါဝင်သွားကြရမှာဖြစ်ကြောင်း ဆိုသည်။

အိန္ဒိယအစိုးရက တောင်အိန္ဒိယပင်လယ်ပြင်သို့ C-130 အမျိုးအစားဟာကျူလီထရန်စပိုတာတစ်စင်းနှင့် Poseidon P-8I အမျိုးအစား ရေကြောင်း ထောက်လှမ်းရေးလေယာဉ်တစ်စင်း ထပ်မံစေလွှတ်သည့်အပြင် ကပ္ပလီပင်လယ်ပြင်သို့လည်း P-8I ရေကြောင်းထောက်လှမ်းရေး လေယာဉ်တစ်စင်းနှင့် အခြားလေယာဉ်လေးစင်းတို့ ထပ်မံစေလွှတ်ထားသည်။

စုံစမ်းရေးမှူးများက လေယာဉ်သည် တမင်သက်သက် လမ်းကြောင်းပြောင်းသွားသည်ကို ထောက်ရှုပါက လေကြောင်းစနစ်ကို ကောင်းစွာသိနားလည်သူတစ်ဦးဦး လေယာဉ်မောင်းခန်း၌ပါရှိနေသည်မှာ သေချာကြောင်း တထစ်ချယုံကြည်ကြသည့်အတွက် လေယာဉ်မှာ အပိုင်စီးခံရမှု (သို့) ဖောက်ခွဲဖျက်ဆီးခံရမှုနှင့် ပတ်သက်ပြီး အလေးထားစုံစမ်းခဲ့ကြသည်။ အဖြေတစ်စုံတစ်ရာ မရရှိသေးသဖြင့် ပျောက်ဆုံးလေယာဉ်ရှာဖွေရေးမှာ လာအိုမှ ကာဇက်စတန်အထိ ရှည်လျားသော မြောက်ပိုင်းအရပ်များ အပါအဝင် အခြားသောနေရာဒေသများသို့ ရောက်ရှိသွားကြပြီးဖြစ်သည်။

ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင်တရုတ်နိုင်ငံက နောက်ထပ် ရဟတ်ယာဉ်သုံးစင်းနှင့်အတူ သင်္ဘောငါးစင်းစေလွှတ်ကာ အိန္ဒိယပင်လယ်ပြင်တစ်လျှောက် မွှေနှောက်ရှာဖွေနေကြသည်။ ထို့နည်းတူ ဩစတြေးလျက ခေတ်မီလေယာဉ်သုံးစင်း၊ ဂျပန်က လေယာဉ်နှစ်စင်းတို့သည် အမေရိကန်၏ ကမ္ဘာ့ခေတ်အမီဆုံး လေယာဉ်ဖြစ်သော P-8 Poseidon ရေကြောင်းထောက်လှမ်းရေး လေယာဉ်နှင့် သွားရောက်ပူးပေါင်းကာ အိန္ဒိယပင်လယ်ပြင်အတွင်း ရှာဖွေမှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေကြသည်။

ထို့အပြင် ဗြိတိန်မှ HMS Echo အမျိုးအစား ပင်လယ်ပြင်လေ့လာဆန်းစစ်သော လေယာဉ်နှင့် ဩစတြေးလျမှ ရေတပ်သင်္ဘောတို့ကလည်း ပျောက်ဆုံးလေယာဉ်ကို ရှာဖွေနေကြသည်။

မလေးရှားအာဏာပိုင်များက ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင် ပါဝင်သောနိုင်ငံများက ထောက်ပံ့ပို့ဆောင်ရေးနှင့် သံတမန်ရေးအခက်အခဲများစွာ ကျော်လွှားနိုင်ရေးအတွက် ရုန်းကန် လှုပ်ရှားနေကြသည့်တိုင် လေယာဉ်ရှာဖွေရေးနှင့်ပတ်သက်ပြီး ပြည်သူများအကြား ဝေဖန်မှုများ၊ မကျေနပ်မှုများ ဖြစ်ထွန်းနေဆဲဖြစ်ကြောင်း၊ စောစောကတွေ့ရှိခဲ့သော လေယာဉ်အပိုင်းအစဟု ယူဆခဲ့ကြသည့် သဲလွန်စများ လက်တွေ့ရှာဖွေရေးအပိုင်းတွင် အခက်အခဲအမျိုးမျိုး ရင်ဆိုင်ရသည့်တိုင် သေချာရေရာသည့် အဖြေတစ်ခုရရှိရန် မလွယ်ကူသေးကြောင်း သတင်းထောက်များကို ပြောကြားသည်။ **(ရိုက်တာ)**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရွေးချယ်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၂၁

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်နိုင်ရေးအတွက် မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်နှင့် မြို့နယ်ဆု၊ စံပြကျေးရွာဆု ကွင်းဆင်း စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်ခေါင်းဆောင်များသည် မတ် ၁၇ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ဆောင်ရွက်ပေး

လုပ်ငန်းကော်မတီအနေဖြင့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ဆုနှစ်ဆု၊ မွေးမြူရေးကဏ္ဍဆိုင်ရာ ဆုသုံးဆုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆုနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး စံပြကျေးရွာဆု အပါအဝင် ဆုခုနစ်မျိုးတို့ကို စိစစ်ရန် သွားရောက်ခြင်းဖြစ်သည်။ အကောင်းဆုံးမြို့နယ်ဆုနှင့် အကောင်းဆုံးစံပြကျေးရွာဆုများကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးလုပ်ငန်းစဉ် (၈)ရပ်နှင့် တရားဥပဒေစိုးမိုးရေး ကဏ္ဍများအပေါ်အခြေခံ၍ ရေးဆွဲထားသော အမှတ်ပေးစည်းမျဉ်းများဖြင့် စစ်ဆေးခြင်းဖြစ်သည်။

ယခုစစ်ဆေးမှုသည် သက်ဆိုင်ရာတိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့များက စိစစ်ရွေးချယ်တင်ပြခဲ့သော အကောင်းဆုံးမြို့နယ်နှင့် စံပြကျေးရွာများ၏ အမှတ်ပေးစိစစ်ချက်များအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များက ထပ်မံစိစစ်ပြီး မြေပြင်စစ်ဆေး အတည်ပြုခြင်းဖြစ်သည်။

ထို့နောက် ပြည်မြို့နယ်၏ဖွံ့ဖြိုးတိုးတက်မှု ဗီဒီယိုမှတ်တမ်းနှင့်ဒေသဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက တင်ပြခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် မတ် ၁၈ ရက် နံနက်ပိုင်းတွင် ပြည်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ ဧရာဝတီမြစ်ရေဖြင့် မြို့ရေပေးရေးလုပ်ငန်း၊ လယ်တော်ကြီးဆင်းသွယ်လတ်စပါးသီးနှံမျိုးစေ့ထုတ် စိုက်ခင်းနှင့် အခြောက်ခံစက်၊ ပြည်စက်မှုဇုန်၊ သရေခေတ္တရာမြို့ဟောင်းနှင့် ပြည်သူ့ဆေးရုံကြီးတို့ကို ကြည့်ရှုစစ်ဆေး၍ မကွေးမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော်-ရတနာပုံ ၊ ဧယျာရွှေမြေ-ကမ္ဘောဇတို့ ထိပ်တိုက်တွေ့ဆုံနေသည့် MNL ပွဲစဉ်(၈)

ရန်ကုန် မတ် ၂၁

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၈) ကို ယခုအပတ် စနေ၊ တနင်္ဂနွေနေ့များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အသင်းကြီးများဖြစ်သည့် နေပြည်တော်နှင့်ရတနာပုံ၊ ဧယျာရွှေမြေနှင့် ကမ္ဘောဇတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၈)အဖြစ် မတ် ၂၂ ရက်တွင် မုံရွာကွင်း၌ ဧယျာရွှေမြေနှင့် ကမ္ဘောဇ၊ အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့်ဧရာဝတီ၊ မတ် ၂၃ ရက်တွင် ပေါင်းလောင်းကွင်း၌ နေပြည်တော်နှင့်ရတနာပုံ၊ YUSC ကွင်း၌ ရန်ကုန်နှင့် ဆောက်သမ်း၊ အောင်ဆန်းကွင်း၌ GFA နှင့် မကွေး၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်နှင့် မနောမြေတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဖိုးသော်ဇင်

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
ရုံးသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ရုံးသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများကို အောက်ပါအတိုင်းဝယ်ယူလိုပါသည်-

MACHINERY & EQUIPMENT

1	Web Offset 4 Units	1 No
2	Paper Cutting Machine	2 Nos
3	Air Con;(2HP)(Split Type)	4 Nos
4	စက္ကူအလေးချိန်တိုင်းကိရိယာ	2 Nos
5	နံရံကပ်ပန်ကာ	4 Nos

OFFICE EQUIPMENT

1	Colour Laser Printer	1 No
2	CCTV Camera(only)	3 Nos
3	Fax(Plane Paper)	3 Nos
4	အသံဖမ်းစက်	2 Nos
5	Laser Jet Printer A4	6 Nos
6	Fax(Thermal Paper)	2 Nos
7	Laptop Dell	1 No
8	Scanner A4	2 Nos
9	CCTV(4 Channels Receiver & Camera)	3 Nos
10	Digital Camera	2 Nos
11	Computer i7	8 Nos
12	Multifunction Copier A3	4 Nos
13	UPS 650W	1 No
14	e-Government	
	(1) Poly com hd x 6000 x video comferencing	3 Unit
	(2) 42 inch LED TV	3 Unit
	(3) 5 Port Router	3 Unit
	(4) FTTH(Internet Accessory, Fiber to the Home)	2 Nos

၂။ အိတ်ဖွင့်တင်ဒါများကို ၂၄-၃-၂၀၁၄ရက်မှ ၇-၄-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၄-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၁-၃၈၁၄၄၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန၊
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေး
နှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန၊
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဖားကန့်တွင် တစ်နိုင်တစ်ပိုင်တူးဖော်မှုများမှ ကျောက်ကြီးများထွက်ရှိနေမှု နိုင်ငံတော်ပိုင်အဖြစ်သိမ်းဆည်းခြင်းကို ဒေသခံများ ဝမ်းမြောက်စွာကြိုဆို

ဖားကန့် မတ် ၂၁

ကချင်ပြည်နယ် ဖားကန့်အနီး တစ်ဝိုက်ရှိ ကျောက်စိမ်းထွက်ရှိရာ မှော်များတွင် အာလူးအရွယ် ကျောက်စိမ်းမှသည် ၁၅ တန်၊ ၃၅ တန် ကျောက်စိမ်းတုံးများအထိ ထွက်ရှိသည်။ အဆိုပါ ထွက်ရှိလာသော ကျောက်စိမ်းတုံးကြီးများသည် သံတိုင်၊ ဂမ်းစက်ဖြင့်ထိုး၍ တစ်နိုင်တစ်ပိုင် လုပ်ကိုင်ရာမှရရှိလာခြင်းဖြစ်ပြီး ပုဂ္ဂလိကကုမ္ပဏီပိုင် မဟုတ်ဘဲ နိုင်ငံတော်မှ သိမ်းဆည်းမှုအပေါ် ဒေသခံတို့ ဝမ်းမြောက်ကျေနပ်ကြပြီး မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောက်စိမ်းမြို့တော်အဖြစ် ခေတ်မီလှပစွာ ပေါ်ထွန်းလာစေရန်လည်း လိုလားလျက်ရှိကြောင်း သိရသည်။

လက်ရှိကျောက်တူးဖော်ရာတွင် ကျေးရွာမှတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးအဖွဲ့များနှင့်တိုင်းရင်းသား လက်နက်ကိုင်တို့ကို ကျင်းတစ်ကျင်းလျှင် ငွေကျပ်သုံးသောင်းမှ ငါးသောင်းအထိပေး၍ တူးနေကြခြင်းဖြစ်ပြီး မှော်အတွင်းရှိ ဈေးဆိုင်များသည်လည်း ကျေးရွာမှ တာဝန်ရှိသူတို့ ငွေကောက်ခံမှုများရှိ၍ ဖွင့်လှစ် ရောင်းချလျက်ရှိကြောင်း၊ မတ်လ ၁၁ ရက်တွင် နမ့်မော်ရွာ အဲလ်ဗားလုပ်ကွက်ရှိ ပအို့ရေကန်နံဘေးတွင် သုံးပွင့်ဆိုင်ပိုင်ဆိုင်သော ကျောက်စိမ်းတုံးကြီးသည် ၁၅ တန်အထက်တွင်ရှိရာ သံတိုင်ဖြင့်တူးမရ၍ မြေတူးစက်ဖြင့်တူးကာ ဖော်ထုတ်ခဲ့ပြီး တာဝန်ရှိသူများ မတ် ၁၂ ရက်က သိမ်းဆည်းသွားခဲ့ကြောင်း၊ ဖေဖော်ဝါရီ တတိယပတ်က ဝေ့ခါမှော်မှ ထွက်ရှိသော ကျောက်စိမ်းတုံးသည်လည်း သံတိုင်ဖြင့်တူးရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်မှဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည်ကို ဒေသခံတို့ဝမ်းသာလျက်ရှိရာ ပလောင်တိုင်းရင်းသား လော်ပန်တစ်ဦးကလည်း “ကုမ္ပဏီတွေ ပြန်ဖွင့်မယ်ဆိုရင် ဖားကန့်အနီးတစ်ဝိုက်က တောင်တွေဟာ စက်ယန္တရားကြီးတွေနဲ့တူးတဲ့အတွက် တောင်တွေပျောက်ပြီး မြေစာပုံပဲကျန်ခဲ့လိမ့်မယ်။ ဝမ်းစာအတွက် လက်ရှိသံတိုင်နဲ့တူးနေတဲ့ ပုံဆိုရင် နောင်အနှစ် ၅၀ ကျော် တူးစားလို့မကုန်ဘူး။ သံတိုင်နဲ့ တရားမဝင်တူးနေချိန်မှာ မှော်တွေက ကျောက်စိမ်းတုံးထွက်လို့ နိုင်ငံတော်ဘဏ္ဍာအဖြစ် သယ်ဆောင်တာကို ဒေသခံတွေကျေနပ်သလို ကျွန်တော်တို့လည်းဝမ်းသာတယ်။ ဘာမှ အငြင်းပွားစရာ ပေါ်လာတော့မှာ မဟုတ်ဘူး။ ကမ္ဘာမှာကျောက်စိမ်းကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ထွက်နေတဲ့ နေရာဟာ မြန်မာပြည်က ဖားကန့်တစ်နေရာပဲရှိတယ်။ ဟိုအဖွဲ့အစည်း ဒီအဖွဲ့အစည်းက သူတို့လည်းပိုင်တယ်ဆိုတာကိုတော့ လက်မခံဘူး။ နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းထားတဲ့ ကျောက်တွေက ဒီဒေသအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် လုပ်ဆောင်ပေးနေတယ်ဆိုရင်လည်း မမှားဘူး။ အခုဖားကန့်နဲ့ မရှိုကထောင်ရပ်ကွက်ကို သံပေါင်ဘေလီတံတား တည်ဆောက်ထားသလို မြို့တွင်းလမ်းမတွေကို ထပ်ပိုးခင်းနေတာတွေဟာ နိုင်ငံတော်ဘဏ္ဍာငွေတွေပဲ မဟုတ်လား။ ဒီဒေသမှာ မြို့အင်္ဂါနဲ့ညီအောင်၊ လူမှုရေး၊ ကျန်းမာရေး မြင့်မားလာအောင် ဘယ်သူမှ မလုပ်နိုင်ဘူး။ နိုင်ငံတော်ကပဲ လုပ်နိုင်လိမ့်မယ်။ ဒါကြောင့် ဒီဒေသထွက်တဲ့ ကျောက်စိမ်းတုံးကြီးတွေကို ပြည်ပကို တရားမဝင် ရောက်နေတာထက် နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းတာကို ပိုသဘောကျတယ်”ဟု ပြောကြားသည်။

ဖားကန့်မှ ထွက်ရှိသော ကျောက်စိမ်းတုံးကြီးများကို လုံခင်းရှိ သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရုံးတွင် ဖြတ်တောက်၍ မိုးကောင်းဘူတာသို့ သယ်ဆောင်ကာ ဘူတာမှ ရထားတွဲဆိုင်းများဖြင့် နေပြည်တော်သို့ တင်ပို့လျက်ရှိပြီး မြစ်ကြီးနားဘူတာတွင် တွဲဆိုင်းများအခက်အခဲရှိပါက မိုးကောင်းဘူတာ၌ လုံခြုံရေးအစောင့်အရှောက်ဖြင့် ရက်အနည်းငယ်ထားရှိကာ ကားပေါ်မှ တွဲဆိုင်းများပေါ်သို့ တင်ပို့ပေးသည်။ မတ် ၁၉ ရက် ညက မိုးကောင်းဘူတာ၌ ကျောက်စိမ်းယာဉ်တန်းများမှ ကျောက်စိမ်းများ နေပြည်တော်သို့ တင်ပို့ရန် ရထားတွဲများရောက်ရှိကာ မတ် ၂၀ ရက်တွင် ရထားတွဲများပေါ်သို့ ပြောင်းရွှေ့တင်လျက်ရှိကြောင်း သိရသည်။ **(၁၆၄)**

အခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၁

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သရုပါပညာဒါနတို့ ပူးပေါင်း၍ ဖွင့်လှစ်သော သရုပါပညာဒါန အခြေခံအင်္ဂလိပ်စာသင်တန်းကို မတ် ၁၇ ရက် နံနက် ၁၀ နာရီက လှိုင်မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဒေါ်မြင့်မြင့်မော်၊ ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးလှမျိုးအောင်၊ သရုပါစာကြည့်တိုက်မှ စာကြည့်တိုက်မှူး ဦးရဲထက်ဦးနှင့် သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာမက သင်ကြားရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ သရုပါပညာဒါန အင်္ဂလိပ်စာသင်တန်းကို တစ်ပတ်လျှင် နှစ်ရက်ဖြင့် နှစ်လကြာ ဖွင့်လှစ်မည်ဖြစ်ပြီး အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် သင်တန်းသား သင်တန်းသူ ၆၀ ကျော် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

• • • • • • • • •

ဂျပန်-ကိုရီးယားအထည်ချုပ်စက်ရုံများ နွားထိုးကြီး၌ တည်ဆောက်မည်

နွားထိုးကြီး မတ် ၂၁

နွားထိုးကြီးမြို့နယ်တွင် နိုင်ငံခြားကုမ္ပဏီများက နွားထိုးကြီး၊ ရွာကြီး၊ ပြင်စည်၊ လုံးတောသမန်းတောရွာများတွင် အထည်ချုပ်စက်ရုံများ တည်ဆောက်ရန် ကွင်းဆင်းလေ့လာမှု မကြာမီပြုလုပ်ရန် စီစဉ်နေသည်။

ဒေသခံ လူအင်အား ၁၀၀၀ ကျော် အလုပ်အကိုင်ရရှိစေမည့် အထည်ချုပ်စက်ရုံများကို ဂျပန်-ကိုရီးယားနိုင်ငံများမှ လာရောက်တည်ဆောက်ရန် မြေနေရာဧက ၁၀၀ ဝန်းကျင်ကို ရွေးချယ်ကြမည်ဟု ဆိုသည်။

နယ်မြေခံ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၏ အစီအစဉ်နှင့် ယင်းအထည်ချုပ်စက်ရုံများကို တည်ဆောက်ရန် မြေနေရာရွေးချယ်ခြင်းဖြစ်ကြောင်း ရွာကြီး ရွာသစ်ကျေးရွာလူကြီးက ဆိုသည်။

ဒေသခံများ အလုပ်အကိုင်ရရှိမည့်အပြင် စက်ရုံတည်ဆောက်ရေးအတွက် မြေဝယ်ယူကြမည်ဖြစ်ရာ အရင်းအနှီးရရှိကြမည်ဖြစ်၍ ဒေသခံများက ကြိုဆိုဝမ်းသာနေကြောင်း ၎င်းကဆက်လက် ပြောပြသည်။ **ဌေးမြင့်မောင်**

• • • • • • • • •

ကျောက်ချောင်း-ကျောက်နီမော်မြေသားလမ်းဖောက်

ရမ်းဗြဲ မတ် ၂၁

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ကျောက်ချောင်း-ကျောက်နီမော် မြေသားလမ်းဖောက်လုပ်ခြင်းကို ရခိုင်ပြည်နယ် ဦးစီးမှူး ဦးထွန်းဝေက စစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးထွန်းခင်တို့က လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

အောင်လှဖြူ

ပညာပါရမီကုသိုလ်တော်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏ သက်တော် (၅၉)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့် ပိဋကနှစ်ပုံခွဲအောင် အရှင်ပညာဝံသာဘိဝံသ၊ ဝိနည်းရှေ့ပိုင်း၊ အာဂုံရေးဖြေအောင် အရှင်သောပါကာလင်္ကာရအမှူးပြုသော တိပိဋကနိကာယ်စာအောင် သံဃာတော် (၈၉)ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲသို့ မြတ်ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်သောအားဖြင့် ကြွရောက်ကုသိုလ်ယူကြပါရန် တပည့်ဒါယကာ ဒါယိကာမများနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲကျင်းပမည့်ရက် - ၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်၊ ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)

ပူဇော်ပွဲအခမ်းအနား စတင်ချိန် - နံနက် ၉နာရီ

ပူဇော်ပွဲကျင်းပမည့်နေရာ - တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ၁၃ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး

အကျိုးတော်ဆောင်အဖွဲ့
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၇၄၁၂ Toyota Harrier၊ S/W (4x 2) ® ယာဉ် လက်ဝယ်ရှိသူ ဦးနေမျိုးအောင် ၁၂/မဂဒ(နိုင်)၀၈၈၉၄၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

တာမွေမြို့နယ် မဂ္ဂင်ကျောင်းတိုက် (၇)ရက်တရားစခန်း

တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ (၁၀)ကြိမ်မြောက် တရားစခန်းကို မဟာသင်္ကြန်ရက်များအတွင်းကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင်ဆရာတော်ကြီး ဦးနန္ဒိယမှ နိဗ္ဗာန်ရောက်ကြောင်း ကိုယ်တွေ့အလုပ်ပေးတရားတော်များကို ကိုယ်တိုင်ဟောကြားပြသတော်မူမည်ဖြစ်ရာ တရားစခန်းကို ဧပြီ ၁၂ ရက်မှ ဧပြီ ၁၈ ရက်အထိ ခုနစ်ရက်တိုင်ကျင်းပပါမည်။ တရားစခန်းဝင်လိုသူများ၊ ဒုလ္လဘရဟန်းဝတ်လိုသူများအနေနှင့် ကျောင်းတိုက်အကျိုးဆောင်များထံသို့ ကြိုတင်ဆက်သွယ် စာရင်းပေးနိုင်သည်။ တရားစခန်းရက်များအတွင်း တရားစခန်းဝင်ယောဂီများအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုရည်တို့ဖြင့် ကုသိုလ်ယူလိုသူများသည်လည်း စာရင်းပေးသွင်းနိုင်ပါသည်။ ယောဂီများ ကျောင်းတိုက်သို့ လာရောက်ရမည့်ရက်ကို ထပ်မံကြေညာပါမည်။

ကျောင်းတိုက်တရားစခန်းဖြစ်မြောက်ရေးကော်မတီ
ဖုန်း-၀၉-၇၃၁၅၂၇၄၅၊ ၀၉-၇၃၀၈၅၂၄၁

CLAIMS DAY NOTICE
M.V LUNA BLUE VOY: NO(V.89)

Consignees of cargo carried by M.V LUNA BLUE Voy:No(V.89) are here by notified that the vessel will arrive on about 24-03-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၃၈၊ မြေကွက် အမှတ် ၈၉၉၊အကျယ်အဝန်း အလျားပေ၄၀×အနံပေ၆၀ ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ်ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် ၄၁ဟုခေါ်တွင်သည့် အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်သူ ဒေါ်အေးသန်း CG-၀၈၈၉၉၁၏ အမွေဆက်ခံခွင့်ရှိသူ (ခင်ပွန်း) ဦးစိုးရင် ၁၂/ဗဟန(နိုင်) ၀၆၄၃၁၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
FAX -၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

အများသိစေရန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဒေါ်ခိုင်ခိုင်မိုး(ဘ)ဦးအေးသောင်း ၈/ခမန(နိုင်) ၁၀၈၁၅၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်အနေဖြင့် ချောက်မြို့၊ အေးစေတီရပ်ကွက်တွင် လွန်ခဲ့သော(၁၈)နှစ်ခန့်မှစ၍ ဦးလှကိုကို(ဘ)ဦးစောမောင်၈/ခမန(နိုင်)၀၂၅၇၉၆ နှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သားနှစ်ဦးထွန်းကားခဲ့ပါသည်။ ပေါင်းသင်းစဉ်ကာလတစ်လျှောက်လုံး ဦးလှကိုကိုသည် လင့်ဝတ္တရားကျေပွန်မှုမရှိသည့်အပြင် လွန်ခဲ့သောခြောက်လခန့်က ကျွန်ုပ်၏ အမှုသည်အား ကိုယ်ထိလက်ရောက် ကျူးလွန်ကာ နေအိမ်မှနှင်ချခဲ့ပါသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်အမှုသည်မှာ ဖခင်ဖြစ်သူ ဦးအေးသောင်းနေထိုင်ရာ နေပြည်တော်သို့ သွားရောက်နေထိုင်ခဲ့ရပါသည်။ ယနေ့အများသိစေရန်ကြေညာပါသည့်ရက်မှစ၍ ဦးလှကိုကို(ဘ)ဦးစောမောင်အား ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ဦးလှကိုကိုအနေဖြင့် ကျွန်ုပ်၏အမှုသည်အား ဂုဏ်သိက္ခာကျဆင်းစေသည့်ကိစ္စရပ်များ ပြောဆိုခြင်း၊ ရေးသားခြင်း၊ တစ်စုံတစ်ရာ ဟန့်တားနှောင့်ယှက်ခြင်းများမပြုလုပ်ပါရန်နှင့်ပြုလုပ်ပြောဆိုရေးသားခြင်းများရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျွန်ုပ်၏အမှုသည်နှင့် အရောင်းအဝယ် ပြုလုပ်ထားသည့်ကိစ္စရပ်များသည် ဦးလှကိုကိုနှင့် လုံးဝသက်ဆိုင်ခြင်းမရှိဘဲ ကျွန်ုပ်၏အမှုသည်နှင့်သာ ဆောင်ရွက်ကြပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဇော်မင်းထွန်း LL.B	**ဒေါ်ဝင်းမွန်မွန်သူ LL.B**
အထက်တန်းရှေ့နေ(စဉ်-၃၈၄၃၁)	**အထက်တန်းရှေ့နေ(စဉ်-၃၁၆၂၄)**
အနောက်အုံရွာ၊ ညောင်ဦးမြို့နယ်	**အမှတ် ၁၄/၆၈၅၊ ပေါင်းလောင်း ၂ လမ်း၊**
ဖုန်း-၀၉-၄၂၀၇၃၁၈၈၅	**ပျဉ်းမနားမြို့၊**
	ဖုန်း-၀၉-၄၉၂၀၁၈၉၈၊ ၀၉-၄၃၀၄၄၇၁၂

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

၂၀၁၃-၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄၁ ဒသမ ၃၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၂ ဒသမ ဝ၂ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၇၃ ဒသမ ၃၇ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၇၈ ဒသမ ဝ၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၉ ဒသမ ၇၇ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၈၇ ဒသမ ၈၄ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွက် စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၆၁၄ ဒသမ ၄၇ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၆၃၁ ဒသမ ၂၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၉၃ ဒသမ ၉၁ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၂၂၅ ဒသမ ၁၂ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၈၈၁ ဒသမ ၄၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၅၀ ဒသမ ၄၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၃၂ ဒသမ ၈၅ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၃၀၇ ဒသမ ၇၃ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

(ဗဟိုစာရင်းအင်းအဖွဲ့)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၃-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည်	တစ်ကျပ်သား	၆၇၈၀၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည်	တစ်ကျပ်သား	၆၃၈၁၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည်	တစ်ကျပ်သား	၆၈၉၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၅၅-၉၆၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၄၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၀-၇၇၂	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၄-၃၀. ၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၄. ၃၂-၁၅	ကျပ်
တရုတ်	တစ်ယွမ်	၁၄၈-၁၅၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၈၉-၂၉၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၅၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၉၅၀-၃၄၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၄၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၇၀၀-၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၆၀၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၁၆၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၃၀၀-၉၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၆၀၀၀-၉၅၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၅၀၀၀-၆၅၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၅၀၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၇၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၃၀၀၀-၂၇၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၅၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၀၀-၄၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၈၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၅၀-၁၂၇၅
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၈၀-၆၅၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၈၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၁၀၀-၄၃၀၀
၁၂။ သကြား	တစ်ပိဿာ	၈၆၀-၉၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဥပုတ်ချောင်းကမ်းပါးပြိုကျမှုထိန်းသိမ်းရေး ကျောက်စီမြေထိန်းနံရံများပြုလုပ်

ကလေး မတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၏ မြို့လယ်ကောင်တည့်တည့်မှ စီးဆင်းနေသော ဥပုတ်ချောင်း ကမ်းပါးပြိုကျမှုများကို ကာကွယ်နိုင်ရန်အတွက် ကျောက်ဖြည့်သံခြင်း အခြေပြုကျောက်စီမြေထိန်းနံရံ ပြုလုပ်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးသည် လုပ်ငန်းများ အမြန်ပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီရေးအတွက် မတ် ၁၈ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဥပုတ်ချောင်းရေသည် မိုးရာသီတွင် ချင်းတောင်ပေါ်မှ အရှိန်ပြင်းပြင်းဖြင့် စီးဆင်းတတ်ခြင်းကြောင့် ကမ်းပါးပြိုကျမှုများ မကြာခဏဖြစ်ပေါ်ခဲ့ရာ အဆိုပါ ကမ်းပါးပြိုကျမှုများကို ကာကွယ်နိုင်ရန်အတွက် တံတားဦးတံတားထိပ်အောက်ဘက်မှစ၍ အလျား ပေ ၉၀၀ ရှိ ကျောက်ဖြည့်သံခြင်းအခြေပြု ကျောက်စီမြေထိန်းနံရံများဆောက်လုပ်နေကြောင်း၊ မိုးမကျမီ အမြန်ဆုံးပြီးစီးနိုင်ရေး ဆောင်ရွက်နေကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးမိုးဇော်က ပြောကြားသည်။ **သျှင်နေမင်း**

အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး

ကမ်းခြေမြေကွက်ရောင်းမည်

မောင်းမကန်ကမ်းခြေ၊ ကားလမ်းမကြီးပေါ်၊ ကမ်းခြေပေါက်၊ ဟိုတယ်၊ အပန်းဖြေစခန်း၊ ဘန်ဂလိုများနှင့် ရင်းနှီးထားရန် သင့်လျော်သည်။

ဧရိယာ(၃)ဧကခန့်၊ **ကျပ်သိန်း၁၆၀၀။**

ဖုန်း-၀၉-၃၃၂၁၂၁၀၆

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)

ချောင်းသာ/ငွေဆောင်(နေ့စဉ်)

Ph: 209077, 209388, 09-73167000, 09-73168000

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁/နော်၊ မြေကွက်အမှတ် ၁၅၈/ခ၊ မြေကွက်တည်နေရာအမှတ်၁၅၈/ခ၊ အနော်မာ ၄လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ဟရီမာဘီဘီအမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ဟရီမာဘီဘီ(မိခင်)နှင့် ဦးအီဗရာဟင်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဦးမာမက်ဖာရွတ် ၁၂/သကတ(နိုင်)၀၂၉၃၆၅၊ (၂)ဦးဒိုင်နားမာမက် ၁၂/ ဥကမ (နိုင်)၁၅၆၉၆၅၊ (၃)ဒူရ်ရရှမ် တီကေအေ-၀၉၂၀၁၉၊ ဒေါ်ကြည်ကြည်ဝင်း၁၂/သကတ(နိုင်)၁၂၉၇၃၄ တို့က သေစာရင်း၊ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထား များဖြင့်ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သယ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ယာ၊ သုခမွှေလမ်း၊ အမှတ်(၄က)နေ ဦးနေလင်း(၁၂/သခန(နိုင်)၀၀၀၅၇၃)ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ ကေတုမတီလမ်း၊ မြေကွက်အမှတ်(၅၇) ဟု ခေါ်တွင်သော အလျား(၄၀)ပေ×အနံ(၆၀)ပေရှိ ဦးစံလှအမည်ပေါက် မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေလင်းမှ လက်ရှိ ပိုင်ရှင်ဖြစ်သူ ဒေါ်တင်တင်ဝင်း ၁၂/သကတ(နိုင်)၁၀၅၁၁၃ ထံမှ ဝယ်ယူရန်အတွက် စရံငွေအချို့ တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်ရန်နှင့် သတ်မှတ်ရက်ကျော်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင်မောင်အေး — LL.B, WIPO (Switzerland) — အထက်တန်းရှေ့နေ
လွှဲအပ်ညွှန်ကြားချက်အရ — RIGHT LAW FIRM
ဒေါ်နီလာဝင်း — LL.B, WIPO (Switzerland) — တရားလွှတ်တော်ရှေ့နေ

အမှတ်(၁၃၃)၊ ၁-ထပ်၊လမ်း-၃၀(အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၅၃၀-၅၄၃၄၆

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၃၆၄/က၊ မြေကွက်တည်နေရာအမှတ် ၃၆၄၊ ထူပါရုံ ၂၁လမ်းအရှေ့၊ (၂/မြောက်)ရပ်ကွက်၊ သာကေတမြို့ နယ် ဦးမောင်စိန်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်စိန် (ဖခင်)နှင့် ဒေါ်မြရင်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဦးသိန်းညွန့် ၁၀/မလမ(နိုင်)၁၇၃၃၁၀၊ ၂။ ဦးပါလေး ၁၂/သကတ(နိုင်)၁၁၉၃၅၀၊ ၃။ ဦးအုန်းမြင့် ၁၂/သကတ(နိုင်)၁၁၉၅၄၉၊ ၄။ ဒေါ်ခင်မာလာ ၁၂/သကတ(နိုင်)၁၁၉၃၄၄တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်၊ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သယ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ယာ၊ သုခမွှေလမ်း၊ အမှတ်(၄က)နေ ဦးနေလင်း(၁၂/သခန(နိုင်)၀၀၀၅၇၃)ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ ကေတုမတီလမ်း၊ မြေကွက်အမှတ်(၅၇) ဟု ခေါ်တွင်သော အလျား(၄၀)ပေ×အနံ(၆၀)ပေရှိ ဦးစံလှအမည်ပေါက် မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေလင်းမှ လက်ရှိ ပိုင်ရှင်ဖြစ်သူ ဒေါ်တင်တင်ဝင်း ၁၂/သကတ(နိုင်)၁၀၅၁၁၃ ထံမှ ဝယ်ယူရန်အတွက် စရံငွေအချို့ တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်ရန်နှင့် သတ်မှတ်ရက်ကျော်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင်မောင်အေး — LL.B, WIPO (Switzerland) — အထက်တန်းရှေ့နေ
လွှဲအပ်ညွှန်ကြားချက်အရ — RIGHT LAW FIRM
ဒေါ်နီလာဝင်း — LL.B, WIPO (Switzerland) — တရားလွှတ်တော်ရှေ့နေ

အမှတ်(၁၃၃)၊ ၁-ထပ်၊လမ်း-၃၀(အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၅၃၀-၅၄၃၄၆

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Component Parts for GBHV Wagon Train	၄ မျိုး	HIE-1/001
(ခ)	Raw Material for GBHV Wagon Train	၁၆ မျိုး	HIE-1/002
(ဂ)	Component Parts for Power Tiller-PT-012	1 Lot	HIE-1/003
(ဃ)	Raw material for Power Tiller-PT-012	၃၀ မျိုး	HIE-1/004
(င)	Paint	၅ မျိုး	HIE-1/005
(စ)	Single Cylinder Diesel Engine (8~10 HP)	၅၀၀ လုံး	HIE-1/006
(ဆ)	Gear Box (karto) and Hub Ass'y Complete	500 Set	HIE-1/007

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏(Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၂၄-၃-၂၀၁၄ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

၃။ တင်ဒါအမှတ် HIE-1/001၊ အမှတ်စဉ်(က)နောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၁၀-၄-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။ ကျန်တင်ဒါများ နောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၇-၄-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။

ထုတ်လုပ်မှုစီမံရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁

၆-၃-၂၀၁၄ရက်စွဲနှင့် ကြေးမုံသတင်းစာပါ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) ဌာနချုပ်အမှတ် (၂၀/၂၂)အလုံပြဘုရားလမ်းအမည်နှင့် အများသိစေရန် ကြေညာချက်အပေါ် သက်ဆိုင်သူများနှင့်အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာချက်

၁။ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)ဌာနချုပ်ကြီးမှာ ဂိုဏ်းအုပ်ကြီးဇိုးထန်မောယာခေါင်းဆောင်သောအဖွဲ့နှင့် ဂိုဏ်းအုပ်ကြီးဒေါ်ဂရေ့စ်တန် ခေါင်းဆောင်သောအဖွဲ့ဟူ၍ နှစ်သင်း နှစ်ဖွဲ့ကွဲလျက်ရှိကြောင်း၊ တရားရုံးအဆင့်ဆင့် ဆုံးဖြတ်ချက်များမှာ ယနေ့အချိန်ထိ အတည်ဖြစ်လျက်ရှိနေပါသည်။

၂။ ဂိုဏ်းအုပ်ကြီးဇိုးထန်မောယာခေါင်းဆောင်သောအဖွဲ့သည် အမှတ်(၃၂၁)၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်တွင် ရုံးခန်းဖွင့်လှစ်၍ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၏ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၏ ဘာသာအယူဝါဒများနှင့်စည်းမျဉ်းဥပဒေများနှင့်အညီ နှစ်စဉ်နှစ်တိုင်း၊ နှစ်စဉ်စည်းဝေးကြီးကို ကျင်းပခဲ့ပြီး၊ (၄၈)ကြိမ်မြောက် နှစ်စဉ်စည်းဝေးကြီးကိုလည်း အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း (၂-၃- ၂၀၁၄)ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၄-၃-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အများသိစေရန် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၃။ ၆-၃-၂၀၁၄ရက်စွဲနှင့် တစ်ဖက်အဖွဲ့၏ အများသိစေရန်ကြေညာချက်ပါ **အသင်းသားကြေးများပေးသွင်းခြင်းမပြုပါက အသင်းဝင်အဖြစ်မှ ရပ်စဲနိုင်သည်**ဟုလည်း စည်းမျဉ်းဥပဒေအပိုဒ် ၁၂၇(၁)(၂)(၃)တွင် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း သိစေအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၆-၃-၂၀၁၄ရက်စွဲနှင့် အများသိစေရန်ကြေညာချက်မှာ မိမိတို့အသင်းတော်၊ အသင်းဝင်များနှင့်သက်ဆိုင်ခြင်းမရှိကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) ဌာနချုပ်
အမှတ် (၃၂၁)၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်

မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၁

အမှတ်(၂၄)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(လားရှိုး)မှ တပ်ဖွဲ့ဝင်များသည် မတ် ၂၀ ရက် နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ လားရှိုးမြို့ နမ့်ပေါင်ကျေးရွာ ရပ်ကွက် (၄)နေ လုံးဖောင်းမိန်း (၆၉ နှစ်)၊ အိုက်ကျမ်(ခ)အိုက်စံ(၂၈ နှစ်)နှင့် မနန်းမူလေး (၃၅ နှစ်) တို့၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ လုံးဖောင်းမိန်း၏နေအိမ်မှ ဘိန်းဖြူ ၄ ဒသမ ၉ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၊ အိုက်ကျမ်း၏ ဆိုင်ကယ်နောက်ထိုင်ခုံပေါ်ရှိ လက်ဆွဲသားရေသေတ္တာအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက်နှစ်ခွက် အလေးချိန် ၂၆ ဂရမ်၊ ဘိန်းစိမ်း ၃၅၀ ဂရမ်၊ ကျောပိုးအိတ်အတွင်းမှ ယမ်းပျော့ အချောင်း ၂၀၊ ဒီတိုနီတာ ၆၂ ချောင်း၊ လုံးဖောင်းမိန်း၏နေအိမ်တွင် တွေ့ရှိသူ တစ်ရပ်ကွက်တည်းနေ အိုက်ထွန်း(ခ)အိုက်စိုင်း(၄၅ နှစ်)၊ ကုန်းဆာရွာနေ အိုက်လင်း (၃၅ နှစ်)နှင့် နာခမ်ရွာနေ ကျားယုံ(၃၀ နှစ်)တို့သုံးဦးထံမှ ဘိန်းဖြူ ၀ ဒသမ ၀၂ ဂရမ်၊ နန်းမူးလေးထံမှ ဘိန်းဖြူ ၀ ဒသမ ၈ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သောကြောင့် လားရှိုးမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဓါတ်ပုံ)** **ကိုရဲ**

ညှိုတွေ့လာသူများက မူးယစ်ဆေးဝါးများပေးသည်ကို စစ်ဆေးတွေ့ရှိ၍ အရေးယူ

ရန်ကုန် မတ် ၂၁

တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှ မှုခင်းမှတ်တမ်းတာဝန်ခံအရာရှိနှင့် အချုပ်ယာဉ်လမ်းကြောင်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် တောင်ဥက္ကလာပမြို့နယ် တရားရုံးအချုပ်၌ ရုံးထုတ်တရားခံများကို မတ် ၁၈ ရက် ညနေ ၄ နာရီ မိနစ် ၂၀ က အချုပ်ယာဉ်ပေါ်သို့ တင်ဆောင်နေစဉ် ထောင်ဒဏ် ၁၁ နှစ် ကျခံနေရပြီး တောင်ဥက္ကလာပမြို့နယ် တရားရုံးတွင် တရားရုံးထုတ် တရားခံ ကျော်သူရ(ခ) သိန်းဆွေ (၃၄နှစ်) (၅)ရပ်ကွက် လှိုင်သာယာမြို့နယ် နေသူထံသို့ညှို့တွေ့လာရောက်သော ၎င်း၏ ညီမဖြစ်သူ မတင်စန်းအေး (၂၇ နှစ်) ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေသူက ORCHID တစ်ရှူးထုပ်တစ်ထုပ်ကို အချုပ်ယာဉ်ဘေးမှပေးလိုက်သည်ကို လုံခြုံရေးတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များက တွေ့ရှိသဖြင့် စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာ တစ်ရှူးထုပ်အတွင်းမှ အနက်ရောင် ကြွပ်ကြွပ်အိတ်အပိုင်းအစများဖြင့် ထုပ်ပိုးထားသော အလေးချိန် ၀ ဒသမ ၁၇ ဂရမ်ခန့်စီရှိ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်များပါ ပလတ်စတစ်ဘူးငယ်ကိုးဘူး စုစုပေါင်း အလေးချိန် ၁ ဒသမ ၅၃ ဂရမ် ခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့အား စစ်ဆေးရာ အဆိုပါ မူးယစ်ဆေးဝါးများကို မတင်စန်းအေးနှင့်အတူပါလာသော ကျော်သူရ(ခ)သိန်းဆွေ၏ ပထမဇနီးဖြစ်သူ မခင်မျိုးဦး (၃၆နှစ်) လှိုင်သာယာမြို့နယ်နေသူက ပေးခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ယင်းကဲ့သို့ မူးယစ်ဆေးဝါးများ စစ်ဆေးသိမ်းဆည်း ရမိခဲ့သည့်အတွက် မတင်စန်းအေး၊ မခင်မျိုးဦးနှင့် ကျော်သူရ(ခ)သိန်းဆွေတို့ သုံးဦးအား တောင်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

ကံမမြို့၌ တရားမဝင်လောင်စာဆီများ ဖမ်းဆီးရမိ

ကံမ မတ် ၂၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ တြိဂံလမ်းဆုံတွင် မတ် ၁၉ ရက် မွန်းတည့် ၁၂ နာရီက မြို့မရဲစခန်းမှ ရဲအုပ်ထွန်းစံအောင်နှင့်အဖွဲ့သည် သတင်းအရ ယာဉ်မောင်း မျိုးမင်းဇော်(၂၈ နှစ်) မောင်းနှင်လာသော လ/. . . တိုယိုတာဒိုင်နာမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ တရားမဝင်ချက်လုပ်ထားသော ဒီဇယ်ပီပါလေးလုံးနှင့် ဓာတ်ဆီပီပါ ၁၆ လုံးကို ဖမ်းဆီးရမိခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ဖမ်းဆီးရမိသော လောင်စာဆီများသည် ကာလတန်ကြေးငွေကျပ် သိန်း ၈၀ ခန့် တန်ဖိုးရှိပြီး တရားမဝင်သယ်ဆောင်သူ မျိုးမင်းဇော်ကို မြို့မရဲစခန်းက နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၉ အရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(iprd)**

တရားမဝင် တမလန်းစားရွေတုံးများ ဖမ်းဆီးရမိ

ကသာ မတ် ၂၁

ကသာခရိုင်အတွင်း တရားမဝင်သစ်များ နည်းမျိုးစုံဖြင့်သယ်ယူနေသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဖမ်းဆီးရမိရေးလုပ်ရှားဆောင်ရွက်လျက်ရှိရာ မတ် ၁၉ ရက်က ပင်လည်ဘူးမြို့နယ် နောင်ကန်ကျေးရွာအနီး စပါးအိတ်များဖုံးဖိ၍ တင်ဆောင်လာသည့် ကားနှစ်စီးပေါ်မှ တရားမဝင် တမလန်းတုံးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပင်လည်ဘူးမြို့မရဲစခန်းမှ ရဲအုပ်မြသောင်းနှင့် တပ်ဖွဲ့ဝင်များသည် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးစိုးမြင့်အဖွဲ့နှင့်ပူးပေါင်းပြီး သတင်းအရ သက်သေများနှင့်အတူ ပင်လည်ဘူးမြို့နယ် နောင်ကန်ကျေးရွာအနီး စောင့်ဆိုင်းနေစဉ် စပါးအိတ်များဖုံးဖိ၍ တင်ဆောင်လာသောယာဉ်မောင်းတင်ဦး မောင်းနှင်လာသည့် ယာဉ်အမှတ် ၉၅/---- ပေါ်မှ တမလန်းသစ်ခားရွေတုံး ၁၃ တုံး(၁ ဒသမ ၈၁၀) တန်ခန့်နှင့် ယာဉ်မောင်း စန်းဝင်းတင့် မောင်းနှင်လာသည့် ယာဉ်အမှတ် ၈၅/---- တုံဖုန်းကားပေါ်မှ တရားမဝင် တမလန်းခားရွေတုံး ၁၄ လုံး (၂ ဒသမ ၁၆၆၈) တန်ခန့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ယာဉ်မောင်း တင်ဦး(၃၃နှစ်) စီတော်ကျေးရွာ ရွှေကူမြို့နယ်နှင့် တစ်ရွာတည်းနေ စန်းဝင်းတင့် (၃၆ နှစ်)တို့ နှစ်ဦးနှင့် သစ်ပိုင်ရှင်များဖြစ်ကြသည့် ညီညီစိုး(၄၅နှစ်) မိုးကောင်းရပ် ပင်လည်ဘူးမြို့နှင့် တစ်ရပ်တည်းနေ မျိုးနိုင် (၂၅ နှစ်)၊ ကသာမြို့နယ် မိုးတားကြီးကျေးရွာနေ မျိုးထိုက် (၃၆ နှစ်)နှင့် သန့်ဇင်ဦး (၁၉ နှစ်)တို့ လေးဦးကို အရေးယူပေးရန် ရဲအုပ်မြသောင်းက တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ ပင်လည်ဘူးရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

အလက(၃) မိတ္ထီလာ ယခင်မော်ဒန်ကျောင်း ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

မိတ္ထီလာမြို့၊ အလက(၃) ယခင်မော်ဒန်ကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့)

ဆက်သွယ်ရန် -

ဦးနေဝင်း(ကျောင်းအုပ်ကြီး) ဖုန်း-၀၆၄-၂၃၆၀၃
ဦးမြင့်မောင် ဖုန်း-၀၆၄-၂၅၆၄၇
ဒေါ်မိုးခိုင်ဆွေ ဖုန်း-၀၆၄-၂၃၆၇၇
ဒေါ်အေးမြစိုး ဖုန်း-၀၉-၄၇၁၁၂၇၄၈
ဦးမြတ်ခိုင်ဆွေ ဖုန်း-၀၉-၆၅၇၀၂၈၀
ဦးညွန့်ဇော်(မန္တလေး) ဖုန်း-၀၉-၂၀၅၁၆၈၃

ပျောက်ဆုံးကြောင်း

ဦးသန်းထိုက်ဦး ၁၂/သဃက(နိုင်) ၁၉၀၉၄၃ သည် ၈ဈ/၆၃၉၆ ကား၏ (ကမ-၃) ဗီးတက်နှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားဆက်သွယ်ပေးပါရန်။ **(ကျေးဇူးဆပ်ပါမည်။)**

ဖုန်း-၀၉-၇၃၀၆၅၇၈၆၊
၀၉-၅၄၁၀၇၉၅

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၆၂၉၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

သန်းဒွေးနှင့်ရောင်းရင်းများ ၏ သဘြဲန်ခရီးစဉ်များ
MAR -21/26/28, APR-4/12/17/25
▲ ရွှေစက်တော်နှင့် လမ်းဘုရားစုံ (၄) ရက် ဆက်၍ ပုဂံ၊ ပုပ္ပါး (၅) ရက်။ (တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်) (၉) ရက် အားလုံးပါ (၁၂) ရက်။ ▲ မန္တလေး၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (၇) ရက်။ ▲ မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော် (၅) ရက်။
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၅) ရက်၊ လွိုင်ကော်ပါ (၆) ရက်
▲ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်၊ ကျိုက္ကမီ (၆) ရက်၊ မြိတ်ပါ (၇) ရက်။
▲ ကျိုက်ထီးရိုး၊ ကျိုက္ကမီ၊ ဖက်စ်၊ မော်လမြိုင် (၃) ရက်။ ▲ ပြည်၊ အကောက်တောင်၊ နေပြည်တော် (နေ့ချင်းပြန်)
သဘြဲန်တွင်း ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)၊ ဧရှန် (တနင်္ဂနွေ) ကြိုတင်လက်မှတ်ရောင်းပြီ။
ပင်ရင်း - အမှတ် (၄၂၄)၊ ရွှေဘုံသာလမ်း။ Ph : 241863, 380141, 09-43043109

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂စ/၃၆၄၃ Toyota Hilux Surf S/W ယာဉ်လက်ဝယ်ရှိသူ ဦးထက်မြက်(ခ)ဝင်းမင်းထွန်း ၁၂/စခန (နိုင်)၀၀၁၁၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ C/၇၈၄၄၊ Toyota Probox S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာစမ်း ၁၂/မဂတ(နိုင်)၀၁၈၉၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်အဝေးသင်တက္ကသိုလ်ရှိ စားသောက်ဆိုင်ခန်းအမှတ် (၂) (သထုံလမ်း မျက်နှာစာ) အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် ဆိုင်ခန်းဖွင့်လှစ် ရောင်းချလိုသူများထံမှ ဆိုင်ခန်းရောင်းချခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော ပြင်ပပုဂ္ဂိုလ်များသည် အိတ်ဖွင့်တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀ ဖြင့် ငွေစာရင်းဌာနတွင် ငွေပေးသွင်းပြီး ငွေသွင်းချလန်ဖြင့် ဤတက္ကသိုလ်ရှိ ဌာနမှူး (သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန) ထံတွင် တင်ဒါပုံစံရယူ၍ တင်သွင်းကြပါရန် တင်ဒါခေါ်ယူကြေညာအပ်ပါသည်။

၁။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၆-၃-၂၀၁၄ ရက် မွန်းလွဲ ၂ နာရီ**
၂။ **တင်ဒါဖွင့်မည့်ရက် - ၂၆-၃-၂၀၁၄ ရက် မွန်းလွဲ ၂ နာရီ**
၃။ **တင်ဒါရရှိသူ ကြေညာမည့်ရက်နှင့် စာချုပ်ချုပ်ဆိုမည့်ရက် - ၃၁-၃-၂၀၁၄ ရက်**

အသေးစိတ်အချက်အလက်များကို ရန်ကုန်အဝေးသင်တက္ကသိုလ် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန၊ ဖုန်း-၅၃၄၅၄၆ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ
ရန်ကုန်အဝေးသင်တက္ကသိုလ်

ကျေးဇူးဆပ်ပါမည်

၁၈-၃-၂၀၁၄ ရက် နံနက် ၆း၃၀ နာရီတွင် နေပြည်တော်ရှိ အမှတ် ၄၁၂၊ ရာဇဌာနီလမ်း၊ ပေါင်းလောင်း (၂/ခ)၊ အောင်သာယာရပ်ကွက်ရှိ Farmar Auto Showroom တွင် SAN HTAR WAI ဝန်ဆောင်မှုလုပ်ငန်းမှ ပေးပို့သည် FAR MAR AUTO အမည်ပါ အရေးကြီး စာရွက်စာတမ်းများပါရှိသော စာအိတ်တစ်လုံး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၂၅၀၄၆၊
၀၉-၇၃၁၉၉၀၈၅၊
၀၉-၄၂၀၇၂၅၇၉၀

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ်၅၊၈၄၂/A၊ မြေကွက်တည်နေရာ အမှတ်၁၈၊ ကြေးတိုင်စု၂လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန် (၁)အပ္ပဒူကယွန်း၊ (၂)မိုဟာ မက်မစွတ်၊ (၃)အပ္ပဒူဟာကင်၊ (၄)မိုဟာမက်ဇက္ကရီးယားအမည်ပေါက်B-မြေပိုင်လ/န ၃(ခ) ရပြီးမြေအား အမည်ပေါက် အပ္ပဒူကယွန်း+၃တို့ထံမှ ပိုင်ဆိုင်စာချုပ် ၇၀၈(၂၃-၃-၉၆)၊ ပိုင်ဆိုင်စာချုပ် ၁၅၈ (၂၅-၁-၉၄)၊ အရောင်းအဝယ်စာချုပ် ၅၁၆၇၊ ၉၇ (၂၀-၁၀-၉၇)၊ စွန့်လွှတ်စာချုပ် ၄၂၆၈/၀၇ (၂၉-၁၀-၀၇)တို့ဖြင့် ဧရိယာ ၀ ဒသမ ၀၇၆ကို ပိုင်ဆိုင်လာသူ (၁)ဦးမိုးထွန်း၁၂/အစန(နိုင်) ၀၇၈၉၇၅၊ (၂)ဒေါ်လှစော၁၂/အစန(နိုင်) ၀၇၉၃၄၄တို့ထံမှ ကိုယ်စားလှယ်လွှဲစာ ၁၃၅၈/ ၁၃(၂၄-၁-၁၃)၊ ၁၂၆၆၀/၁၃(၂၅-၇-၁၃)တို့ဖြင့် GP ရသူ ဦးကျော်အောင်ဝင်း၁၂/ကတတ(နိုင်) ၀၀၀၅၁၅ က အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများ တင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ တိုက်အမှတ် ၇၅၊ အခန်းအမှတ် (7-D)၊ အကျယ်အဝန်း (၁၈'-၅"×၇၀')ရှိသော တိုက်ခန်းနှင့်ယင်းတိုက်ခန်းဖြင့် ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့်များ အရပ်ရပ်အားလုံးတို့အား တရားဝင် ဝယ်ယူပိုင်ဆိုင်၊ ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာသူ ဒေါ်တင်တင်ချို TPN -၁၀၈၁၃၄၊ ၇/သနပ(နိုင်)၀၁၄၉၈၃ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း B.A, H.G.P, C.B.L, D.B.L, D.M.L (စဉ်-၆၀၈၂)
ဥပဒေအကျိုးဆောင်၊
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

မီးဘေးရှောင် မလောင်ခင်တား

နိုင်ငံတကာအားကစား

ဂျူဗင်တပ်စ်တို့ အမှတ်ရဦးမယ့်ပွဲစဉ် (၂၉)

မိုးမြင့်လင်းလက်

စီးရီးအေပွဲစဉ် (၂၉)ရဲ့ လက်ကျန်ပွဲစဉ်တွေကို မတ် ၂၃ ရက် ညပိုင်းမှာ ဆက်လက်ကစားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ လာဇီယိုနဲ့ အေစီမီလန်၊ ကာတာနီးယားနဲ့ ဂျူဗင်တပ်စ်တို့ရဲ့ ပွဲတွေက ပွဲကောင်းတွေအဖြစ် မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ကာတာနီးယားနဲ့ ဂျူဗင်တပ်စ်

ဂျူဗင်တပ်စ်ဟာ အမှတ်ပြည့်ဆက်တိုက်ယူဖို့ ကြိုးစားမယ့်ပွဲဖြစ်ပါတယ်။ ခြေစွမ်းအကောင်းဆုံးရရှိနေတဲ့ ဂျူဗင်တပ်စ်ဟာ ကာတာနီးယားကို အမှတ်ခွဲဝေပေးမှာ မဟုတ်ပါဘူး။ ကာတာနီးယားတို့က အိမ်ကွင်းမှာ ခြေစွမ်းပြသနိုင်ပေမယ့် တိုက်စစ်မှူးတွေရဲ့ အားနည်းချက်ကြောင့် အမှတ်ရဖို့မလွယ်ပါဘူး။ ဒါပေမယ့် ဂျူဗင်တပ်စ်တို့က တန်းစီဇယား ထိပ်ဆုံးနေရာကို အမှတ်ပြတ်နဲ့ ဦးဆောင်မှာမို့ ဒီပွဲဟာ အဝေးကွင်းဆိုပေမယ့် ဂျူဗင်တပ်စ်ရဲ့ နိုင်ပွဲပဲဖြစ်မှာပါ။

လာဇီယိုနှင့် အေစီမီလန်

လာဇီယိုကွင်းမှာ အေစီမီလန်တို့ ရှုံးကန်ရမြဲဖြစ်ပါတယ်။ လာဇီယိုရဲ့ ခြေစွမ်းကလည်း တစ်နေ့ရွှေ တစ်နေ့ငွေ ဖြစ်နေတာမို့ အေစီမီလန်တို့ အားထည့်ရင်တော့ အမှတ်ရနိုင်တဲ့ပွဲပါ။ ဒါပေမယ့် လာဇီယိုယာ အိမ်ကွင်းမှာ အမှတ်ရအောင် ယူတတ်တာမို့ အေစီမီလန်တို့ ခက်ခဲမယ့်ပွဲပါပဲ။ လာဇီယိုဟာ ဒီပွဲမှာ အမာခံကစားသမားတွေ အကုန်နဲ့ပွဲထွက်လာပါလိမ့်မယ်။

နာပိုလီနှင့် ဖီအိုရင်တီးနား

ဒီနှစ်ဘောလုံးရာသီမှာ ရလဒ်ကောင်းအောင်ကြိုးစားနေတဲ့ နာပိုလီဟာ အခုပွဲကို အနိုင်ကစားပါလိမ့်မယ်။ နာပိုလီဟာ ဖီအိုရင်တီးနားကို ခြေရည်တူကစားဖို့ ကြိုးစားရမှာ ဖြစ်ပြီး ဖီအိုရင်တီးနားတို့ကတော့ ဒီပွဲအတွက် အမှတ်ရအောင်ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် အကြိုက်က နာပိုလီဖြစ်ပါတယ်။

အူဒီးနိစ်နှင့် ဆာဆူအိုလို

အူဒီးနိစ်အတွက် အခွင့်အရေး တစ်ရပ်အဖြစ် အသုံးချနိုင်မယ့် ပွဲပါ။ ဆာဆူအိုလိုတို့ ဒီပွဲမှာ ကံကောင်းမှ တစ်မှတ်ရပါလိမ့်မယ်။ အူဒီးနိစ်အတွက် အိမ်ကွင်းမှာ အမှတ်ပြည့်ယူမယ့်ပွဲပါပဲ။

စပါးကြိုးစားသော်လည်း ယူရိုပါလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရ

ယူရိုပါလိဂ် ၁၆ သင်း ဒုတိယအကျော့ပြိုင်ပွဲများအဖြစ် စပါးနှင့်ဘင်ဖီကာတို့ ယှဉ်ပြိုင်ကစားကြရာ စပါးတို့ ဒုတိယပိုင်းတွင် တန်ပြန်တိုက်စစ်ကစားနိုင်ခဲ့သော်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့် အဆုံးသတ်ပြီး စပါးက နှစ်ပွဲပေါင်းရလဒ်အရ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ အိမ်ရှင်ဘင်ဖီကာအသင်းက ပွဲချိန် ၃၄ မိနစ်တွင် ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ စပါးတိုက်စစ်မှူး နာစီချတ်ဒီက ဒုတိယပိုင်း ၇၈ မိနစ်နှင့် ၇၉ မိနစ်တို့တွင် တစ်မိနစ်အတွင်း နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ဘင်ဖီကာအသင်းမှ လီမာက ပွဲချိန်မိနစ် ၉၀ တွင် ပယ်နယ်တီမှတစ်ဆင့်ချေပဂိုးသွင်းယူ၍ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ ဘင်ဖီကာက ပထမအကျော့တွင် သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ထား၍ နှစ်ပွဲပေါင်း ရလဒ် ငါးဂိုး-သုံးဂိုးဖြင့်နိုင်ကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ဘင်ဖီကာအသင်းသည်ပြိုင်ပွဲအားလုံး ၂၃ ပွဲတွင် တစ်ပွဲသာရှုံးခဲ့သည့် အသင်းဖြစ်သည်။

ဘင်နီတက်ဇ်၏ ယူရိုပါလိဂ် မျှော်လင့်ချက် အဆုံးသတ်

ယူရိုပါလိဂ် ၁၆ သင်း ပြိုင်ပွဲ ဒုတိယအကျော့အဖြစ် ပေါ်တိုအသင်းနှင့် နာပိုလီတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်နှစ်ဂိုးစီ သရေကျပြီး နာပိုလီတို့ နှစ်ပွဲပေါင်းရလဒ်အရ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ဘင်နီတက်ဇ်၏ နာပိုလီအသင်းသည် ယမန်နှစ်က ချယ်လ်ဆီးကိုနိုင်ပြီး ဖလားဆွတ်ခူးနိုင်ခဲ့သော်လည်း ပေါ်တူဂီချန်ပီယံကို ရှုံးပြီး ဖလားနှင့် လွဲချော်ခဲ့ရသည်။ ပေါ်တိုက နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ကာ ကွာတားတက်လာခြင်းဖြစ်သည်။ ၃၂ သင်းပြိုင်ပွဲတွင် ဆွမ်ဆီးကိုနိုင်ပြီး တက်လာသော နာပိုလီအသင်းသည် ပထမအကျော့တွင် ပေါ်တိုကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဘင်ဖီကာနှင့် ပေါ်တိုသည် ကွာတားဖိုင်နယ်တွင် တွေ့ဖွယ်ရှိသည်။ ပေါ်တိုက နာပိုလီကို အနိုင်ရခြင်းသည် ထိုက်တန်သော နိုင်ပွဲဖြစ်ကြောင်း ပေါ်တိုနည်းပြ လူးဝစ်ကက်စထရိုက ပြောသည်။

■■ ကောင်းမြတ်သူ-စုစည်းသည် ■■

နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၁)			**မတ် ၂၂**
ချယ်လ်ဆီး	-	အာဆင်နယ်	ည ၇း၁၅
ကာဒစ်ဖ်	-	လီဗာပူး	ည ၉း၃၀
အဲဗာတန်	-	ဆွမ်ဆီး	ည ၉း၃၀
ဟားလ်စီးတီး	-	ဝက်စ်ဘရွန်း	ည ၉း၃၀
မန်စီးတီး	-	ဖူလ်ဟမ်	ည ၉း၃၀
နယူးကာဆယ်	-	ပဲလေ့စ်	ည ၉း၃၀
နော့ဝှစ်ချ်	-	ဆန်းဒါးလန်း	ည ၉း၃၀
ဝက်စ်ဟမ်း	-	မန်ယူ	ည ၁၂း၀၀
အီတလီစီးရီးအေ ပွဲစဉ်(၂၉)			**မတ် ၂၂/၂၃**
တိုရီနို	-	လီဗော်နို	ည ၁၁း၃၀
ချီယေဗို	-	ရိုးမား	နံနက် ၂း၁၅
စပိန်လာလီဂါ ပွဲစဉ်(၂၉)			**မတ် ၂၂/၂၃**
ဂရန်နာဒါ	-	အယ်လ်ချီ	ည ၉း၃၀
အက်စ်ပန်ညို	-	လီဗန်တေး	ည ၁၁း၃၀
ဗယ်လာဒိုလစ်	-	ဗယ်လက်ကာနို	နံနက် ၁း၃၀
ဘီလ်ဘာအို	-	ဂီတာဖေး	နံနက် ၃း၃၀
ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၆)			**မတ် ၂၂**
ရှော်လ်ကေး	-	ဘရန်းရှ်ဝှစ်	ည ၉း၀၀
ဟန်နိုဗာ	-	ဒေါ့မွန်	ည ၉း၀၀
မိန့်ဇ်	-	ဘိုင်ယန်မြူးနစ်	ည ၉း၀၀
ဂလက်ဘတ်	-	ဟာသာဘာလင်	ည ၁၂း၀၀

ယူရိုပါလိဂ် ၁၆သင်းအဆင့် အနိုင်အရှုံး

အန်ဇီ	၀-၀	**အယ်လ်ခမာ**
ဗလင်စီယာ	၁-၀	လူဒိုဂိုရက်စ်
ပါလ်ဇန်	၂-၁	**လိုင်ယွန်**
ဘင်ဖီကာ	၂-၂	စပါး
ဖီအိုရင်တီးနား	၀-၁	**ဂျူဗင်တပ်စ်**
နာပိုလီ	၂-၂	**ပေါ်တို**
ဘက်တစ်	၃-၆	**ဆီဗီလာ**
ဆာ့လ်ဘတ်	၁-၂	**ဘေဆယ်**

ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၁၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ရုံးခွန်အက်ဥပဒေတွင် ပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"35. The Union Government may, from time to time, by notification in the Gazette, reduce or remit all or any of the fees mentioned in the First and Second Schedules to this Act annexed, and may like manner cancel or vary such order."

၃။ ရုံးခွန်အက်ဥပဒေ ဇယား ၁ နှင့် ဇယား ၂ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

SCHEDULE I
AD VALOREM *fees*

Number	-	Proper fee
1. Plaint, written statement pleading set-off or counter claim or, memorandum of appeal (not otherwise provided for in this Act) or of crossobjection presented to any Civil Court or Revenue authority except those mentioned in section 3.	On the amount or value of the subject-matter in dispute.	- 0.5 per centum on the amount or value specified in such document.- Provided that the maximum fee leviable shall be kyat 500,000.
2. Plaint in a suit for possession under the Specific Relief Act, section 9.	- - - - - - -	- A fee of one-half the amount pre - scribed in the foregoing scale.
3. - - - - - - -	- - - - - - -	- - - - - - -
4. Application for review of judgment, if presented on or after the ninetieth day from the date of the decree.	- - - - - - -	-The fee leviable on the plaint or memorandum of appeal under Article No.1 of this schedule.
5. Application for review of judgment, if presented before the ninetieth day from the date of the decree.	- - - - - - -	- One-half of the fee leviable on the plaint or memorandum of appeal under Article No.1 of this schedule.
6. Copy or translation of a judgment or order not being, or having the force of a decree.	(a)When such judgment or order is passed by any Civil Court other than the Supreme Court, or by any officer of any Revenue authority or Office or by any Developement Committee or by any other Judicial or Executive authority –	
	(i) If the amount or value of the subject-matter is kyat 100,000 or less than kyat 100,000 .	- Kyat 50.
	(ii) If such amount or value exceeds kyat 100,000 .	- Kyat 100.
	(b) When such judgment or order is passed by the Supreme Court.	- Kyat 150.
7. Copy of a decree or order having the force of a decree.	(a)When such decree or order is made by any Civil Court other than the Supreme Court, or by any Revenue Court -	
	(i) If the amount or value of the subject-matter of the suit where in such decree or order is made is kyat 100,000 or less than kyat 100,000	- Kyat 150.
	(ii) If such amount or value exceeds kyat 100,000 .	- Kyat 250.
	(b) When such decree or order is made by the Supreme Court.	- Kyat 1000.
8. Copy of any document liable to stamp - duty under the Myanmar Stamp Act, when left by any party to a suit or proceeding in place of the original withdrawn.	(a) When the stamp-duty chargeable on the original does not exceed kyat 50 .	- The amount of the duty chargeable on the originnal.
	(b) In any other case.	- Kyat 100.
9. Copy of any revenue or judicial proceeding or order not otherwise provided for by this Act, or copy of any account, statement, report or the like, taken out of any Court or Revenue Appellate Tribunal or Office, or from the office of any chief officer charged with the executive administration of a Region.	For every page of the original and part thereof.	- Kyat 50.
10.- - - - - - -	- - - - - - -	- - - - - - -
11.Probate of a will or letters of administration with or without will annexed.	(a) When the amount or value of the property in respect of which the grant of probate or letters of administration is made exceeds kyat 100,000 but does not exceed kyat 1,000,000.	- Five per centum on such amount or value.
	(b) When such amount or value exceeds kyat 1,000,000 but does not exceed kyat 10,000,000.	- Six per centum on such amount or value.
	(c) When such amount or value exceeds kyat 10,000,000 . Provided that when, after the grant of a Succession Certificate in respect of any property included in an estate, agrant of probate or letters of administration is made in respect of the same estate, the fee payable in respect of the latter grant shall be reduced by the amount of the fee paid in respect of the former grant.	- Seven per centum on such amount or value. Provided that the maximum fee leviable on Application or memorandum of appeal for such probate or letters shall be kyat 500,000.
12. Succession Certificate.	In any case.	- Five per centum on the amount or value of any debt or security specified in the certificate, and seven per centum on the amount or value of any debt or security to which the certificate is extended. Provided that the maximum fee leviable on application or memorandum of appeal for such certificate shall be kyat500,000. **Note(1)** The amount of a debt is its amount, including interest on the day on which the inclusion of the debt in the certificate is applied for, so far as such amount can be ascertained. **Note(2)** Whether or not any power with respect to a security specified in a certificate has been conferred under the Act and where such a power has been so conferred, whether the power is for the receiving of interest or dividends on, or for the negotiation or transfer of the security , or for

စာမျက်နှာ ၁၆ သို့

ဥပဒေ

Number	-	Proper fee
		both purposes, the value of the security is its market-value on the day on which the inclusion of the security in the certificate is applied for, so far as such value can be ascertained.
12. A. - - - - - - -	- - - - - - -	- - - - - - -
13. - - - - - - -	- - - - - - -	- - - - - - -
14. Application to any Court for the exercise of its revisional jurisdiction.	(a) When the amount or value of the subject-matter in dispute does not exceed Kyat 100000.	- Kyat 2,000.
	(b) When such amount or value exceeding kyat 100,000 but not exceeding kyat 10,000,000.	- Kyat 10,000.
	(c) When such amount or value exceeds kyat 10,000,000 .	- Kyat 20,000.
15. - - - - - - -	- - - - - - -	- - - - - - -

SCHEDULE II

Fixed fees

Number	-	Proper fee
1. Application or Petition.	(a) When presented to any Court, Government Department and Organization or Development Committee at Township level.	- Kyat 50.
	(b) When presented to any Court, Government Department and Organization or Development Committee at District Level.	- Kyat 100.
	(c) When presented to any Court, Government Department and Organization or Development Committee at Regional or State level.	- Kyat 200.
	(d) When presented to any Government Department and Organization at Directorate and Central level .	- Kyat 300.
	(e) When presented to Supreme Court.	- Kyat 500.
1.A. Application to any Civil Court that records may be called for from another Court.	When the Court grants the application and is of opinion that the transmission of such records involves the use of the post.	- Kyat 1,000 in addition to any fee levied on the application under clause (a), clause (b), clause (c) or clause(d) of Article 1 of this Schedule.
2. Application for leave to sue as a pauper.	When presented to any Court contained in No.1.	- One – half the amount of proper fee prescribed in Article 1 of this Schedule.
3. Application for leave to appeal as a pauper.	(a) When presented to any District Court.	- Kyat 100.
	(b) When presented to any Regional or State Court.	- Kyat 200.
	(c) When presented to the Supreme Court.	- Kyat 300.
4. - - - - - - -	- - - - - - -	- - - - - - -
5. Plaint or memorandum of appeal in a suit to establish or disprove a right of occupancy.	- - - - - - -	- Kyat 200
6. Bail-bond or other instrument of obligation given in pursuance of an order made by a Court or Magistrate under any section of the Code of Criminal Procedure, or the Code of Civil Procedure, and not otherwise provided for by this Act.	- - - - - - -	- Kyat 200
7. Undertaking under section 49 of the Myanmar Divorce Act.	- - - - - - -	- Kyat 200
8. - - - - - - -	- - - - - - -	- - - - - - -
9. - - - - - - -	- - - - - - -	- - - - - - -
10. Authority to plead or act for another person.	When presented for the conduct of any one case to any Court, Department and Organization or Committee prescribed in clauses (a), (b), (c), (d) and (e) of Article No.1 of this Schedule.	The same amount of proper fee prescribed in Article No.1 of this Schedule.
11. Memorandum of appeal when the appeal is not from a decree or an order having the force of a decree and is presented.	(a) to any Government Department and Organization or Development Committee at District and Regional or State levels.	- Kyat 200
	(b) to any Directorate, Central level City Development Department and the Supreme Court.	- Kyat 500
12. Caveat	- - - - - - -	- Kyat 1,000.
13. - - - - - - -	- - - - - - -	- - - - - - -
14. - - - - - - -	- - - - - - -	- - - - - - -
15. - - - - - - -	- - - - - - -	- - - - - - -
16. - - - - - - -	- - - - - - -	- - - - - - -
17. Plaint or memorandum of appeal in each of the following suits - (i) To alter or set aside a summary decision or order of any Court other than the Supreme Court; (ii)To alter or cancel any entry in a register of the names of proprietors of revenue-paying estates; (iii)To obtain a declaratory decree where no consequential relief is prayed; (iv)To set aside an award; (v) To set aside an adoption; (vi)Every other suit where it is not possible to estimate at a money-value the subject-matter in dispute, and which is not otherwise provided for by this Act.	- - - - - - -	- Kyat 1,000.
18. Application under the Arbitration Act, 1944; or for arbitration or settlement of dispute or enforcement of award under any other Laws and Agreements.	- - - - - - -	- Kyat 2,000.
19. Agreement in writing stating a question for the opinion of the Court under the Code of Civil Procedure.	- - - - - - -	- Kyat 2,000.
20. Every petition under the Myanmar Divorce Act, except petitions under section 44 of the same Act, and every memorandum of appeal under section 55 of the same Act.	- - - - - - -	- Kyat 4,000.
21. Plaint or memorandum of appeal under the Parsi Marriage and Divorce Act.	- - - - - - -	- Kyat 4,000.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မန္တလေးတိုင်းဒေသကြီးအတွင်း လက်မှုမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် တောင်သူ ၁၀ ဦးလျှင် စက်တစ်စီးနှုန်းကျ အသုံးပြုလာနိုင်စေရန် ဆောင်ရွက်နေ

ကျောက်ဆည် မတ် ၂၁

မန္တလေးတိုင်းဒေသကြီးအတွင်း လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းရေးအတွက် လယ်ယာသုံးစက်ကိရိယာအသုံးပြုရာတွင် တောင်သူ ၁၀ဦးလျှင် စက်တစ်စီးနှုန်း၊ ဧက ၂၅ ဧကလျှင် စက်တစ်စီးနှုန်း အသုံးပြုလာနိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်းက မတ် ၁၅ ရက်က ကျောက်ဆည် စက်မှုလယ်ယာခန်းမ၌ ကျင်းပခဲ့သော လယ်ယာသုံးစက်ကိရိယာ လွှဲပြောင်းပေးအပ်ပွဲတွင် ပြောကြားခဲ့သည်။

"တိုင်းဒေသကြီးအတွင်းမှာ တောင်သူ ၁၂ ဦးမှာ စက်တစ်စီးနှုန်း၊ ၄၅ဧကမှာ ကျွဲ၊ နွား ငါးရှဉ်း၊ စက်တစ်စီးနှုန်းသာ ရှိသေးတဲ့အတွက် ဆက်လက်တိုးတက်သုံးစွဲနိုင်ဖို့ တစ်နည်းအားဖြင့် ကျွဲ၊ နွား အသုံးချမှုကို လျှော့ချပြီး တောင်သူ ၁၀ဦးကို စက်တစ်စီးနှုန်း၊ ဧကအနေနဲ့ဆို ၂၅ဧကကို စက်တစ်စီးနှုန်းဖြစ်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ဝန်ကြီးဦးမြင့်သန်းက ပြောသည်။

အဆိုပါ စက်ကိရိယာလွှဲပြောင်းပေးအပ်ပွဲတွင် ရှစ်တန်းသွားကောက်စိုက်စက် ဝယ်ယူထားသည့် ရဲဘော်လေးကျေးရွာမှတောင်သူတစ်ဦးက "အလုပ်သမား ရှားပါးနေတဲ့အချိန် ဒီလို စက်ပစ္စည်းတွေအသုံးပြုရတာ အချိန်ကုန်လည်းသက်သာတယ်၊ လုပ်ငန်းခွင်လည်း အဆင်ပြေတယ်၊ ဒါပေမယ့် ကျွန်တော်တို့ တောင်သူလယ်သမားတွေအများစုက ရှေးရိုးစွဲကြသေးတယ်၊ မိရိုးဖလာ စိုက်နည်းစနစ်တွေကို အသုံးပြုနေကြသေးတယ်၊ နည်းပညာရဲ့ အားသာချက်တွေကို သိပ်မသိသေးဘူး၊ တောင်သူအများသိအောင် အခုထက်ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ရင်ပိုကောင်းမှာပါ"ဟု ပြောသည်။

> **အလုပ်သမားရှားပါးနေတဲ့အချိန်မှာ ဒီလို စက်ပစ္စည်းတွေအသုံးပြုရာ အချိန်ကုန်. . .**

လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းရေးအတွက် လိုအပ်လျက်ရှိသော လယ်ယာသုံးစက်ပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိရေးလည်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ပေးမှုများဖြင့် တောင်သူများလက်ဝယ်အရောက် ဆောင်ရွက်ပေးလျက်ရှိပြီး ရိတ်သိမ်းခြွေလှေ့စက်ရှစ်စီး၏ ပထမအရစ်ကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိုက်ထုတ်ချေးပေးခဲ့သည်။ ထို့အပြင် တောင်သူများ လယ်ယာသုံးစက်ပစ္စည်းများ ကိုင်တွယ်အသုံးချတတ်စေရေးအတွက် နည်းပညာများကိုလည်း တိုင်းဒေသကြီးအတွင်း ကျေးလက်လူငယ်များကို စက်မှုလယ်ယာ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။ "စက်မှုလယ်ယာကူးပြောင်းရေးဟာ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးမှာ လူဦးရေ ၇၀ ရာခိုင်နှုန်း၊ အလုပ်အကိုင် ၅၇ ရာခိုင်နှုန်း GDP ၃၅ ရာခိုင်နှုန်း တည်ရှိမှုအရ အရေးကြီးတဲ့စီးပွားရေး လုပ်ငန်းကြီးဖြစ်ပါတယ်။ စက်မှုလယ်ယာ ကူးပြောင်းရေးဆိုတာကတော့ မြေပြင် ရေတင်စိုက်ပျိုး ရိတ်သိမ်းခြွေလှေ့ ဈေးကွက်ထိအောင် ပါဝင်ပါတယ်။ From Seeding To Marketing လို့ ဆိုရမှာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးက ပြောသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးဖော်ဆောင်ရာတွင် တောင်သူများ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်စေရန်အတွက်လည်း သရုပ်ပြပွဲများနှင့် ဝယ်ယူထားသော တောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲကိုလည်းကျောက်ဆည်မြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

သတင်းတို

ပိုင်ရှင်မဲ့နွားရှစ်ကောင်ကို သုံးလကြာထိန်းသိမ်း

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုရဲစခန်းတွင် ပိုင်ရှင်မဲ့နွားပြာနီတစ်ကောင်၊ နွားဖြူပြာခုနစ်ကောင် စုစုပေါင်းရှစ်ကောင်ကို ကျွေးမွေးထားရာ ယခုအခါ သုံးလတိုင် ရှိနေပြီဖြစ်သည့်အတွက် လယ်ယာလုပ်ငန်းခွင်သုံးနွားများအား ယခုကဲ့သို့ လများကြာမြင့်စွာ လှောင်ထားမည့်အစား လယ်လုပ်ကိရိယာခိုင်းကျွဲနွားမပြည့်စုံသော လယ်သမားများသို့ အမြန်ဆုံးရောင်းချမှုပြုရန်ဒေသခံပြည်သူများက ပြောသည်။ နွေရာသီ၏ ပူပြင်းမှုကြောင့် ရောဂါအန္တရာယ်များ ဆိုက်ရောက်တတ်ပြီး အကျိုးမရှိဆုံးရှုံးမှုမဖြစ်စေရန် သက်ဆိုင်ရာမှ အမြန်စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်းလည်း သိရသည်။

နေလင်း(ညောင်လေးပင်)

ကျောက်တံခါးမြို့နယ် ဖဒိုမြို့၌ ဆက်သွယ်ရေးတာဝါတိုင် စိုက်ထူနိုင်ရေးလုပ်ငန်းများ မေလတွင် ပြီးစီးရန်ရည်မှန်း

ကျောက်တံခါး မတ် ၂၁

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုမြို့အဝင်တွင် ဆက်သွယ်ရေး တာဝါတိုင်စိုက်ထူရန် နေရာသတ်မှတ်ရွေးချယ်ပြီး အောက်ခြေမြေတူးဖော်ရေး လုပ်ငန်းများကို မတ်ဒုတိယပတ်မှ စတင်လုပ်ဆောင်နေပြီဖြစ်ကာ မေလအတွင်း အပြီးတပ်ဆင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖဒိုအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

"ကျွန်တော်တို့ဖဒိုဒေသမှာ ဆက်သွယ်ရေးတာဝါတိုင် မရှိတဲ့အတွက် ဖုန်းခေါ်ဆိုရတာ အဆင်မပြေဘူး။ ခေါ်ဆိုတိုင်းရတစ်ချက် မရတစ်ချက်နဲ့ ဖုန်းခေါ်ဆိုရတာ အခက်အခဲများနဲ့ ရင်ဆိုင်နေရပါတယ်။ အခုလို တာဝါတိုင်တွေ စိုက်ထူပေးလိုက်ပြီဆိုတာနဲ့ ဆက်သွယ်ရေးကဏ္ဍတွေ ကောင်းလာတာနဲ့အမျှ ဒေသအတွက် ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတွေပါ ဘက်စုံဖွံ့ဖြိုး တိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

နိုင်ငံတစ်ဝန်း ဆက်သွယ်ရေး လျင်မြန်စေရန်နှင့် လူမှုအဆင့်အတန်းမြင့်မားလာစေရန် နိုင်ငံတော်အကြီးအကဲများမှ တန်ဖိုးနည်းဖုန်းဆင်းကတ်များ ရောင်းချပေးခဲ့သော်လည်း ဆက်သွယ်ရေးတိုင်များ နေရာဒေသအနှံ့လုံလောက်စွာ စိုက်ထူနိုင်ခြင်းမရှိသည့်အတွက် ဖုန်းခေါ်ဆိုမှု ကြန့်ကြာခဲ့ရကြောင်းသိရသည်။ **နေလင်း(ညောင်လေးပင်)**

ဟိုင်းကြီးကျွန်းတံတား ချဉ်းကပ်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်သွားမည်

ဟိုင်းကြီးကျွန်း မတ် ၂၁

ဟိုင်းကြီးကျွန်းတံတား ချဉ်းကပ်လမ်း သုံးမိုင်လေးဖာလုံကို မြေသားအမာခံ ကျောက်ချောလမ်းအဖြစ် ယခုနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့်ဘဏ္ဍာရေးနှစ်တွင် ယင်းတံတား ချဉ်းကပ်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဟု သိရသည်။

ဟိုင်းကြီးကျွန်းတံတားချဉ်းကပ်လမ်း ဖောက်လုပ်နေမှုကို တွေ့မြင်ရစဉ်။

ထိုချဉ်းကပ်ကားလမ်းဖောက်လုပ်ရေးလုပ်ငန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဖောက်လုပ်ရေးလုပ်ငန်းစီမံကိန်းအထူးအဖွဲ့ (၂)မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိရာတွင် ချဉ်းကပ်လမ်းမိုင်အရှည်အတွင်းရှိ ဒေသခံပြည်သူများ ရေကြီးမှုနှင့် ဒီရေတက်ရောက်မှုဒဏ်များမှ ကင်းဝေးစေရန်အတွက် ကွန်ကရစ်တံတားတစ်စင်း၊ လူသွားလမ်းပါ မြေအောက်ပြွန်ပေါက် ၁၁ လုံးတို့ကို ထည့်သွင်းတည်ဆောက်ပေးထားသည်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းနှင့် ခမောက်မော်ဘက်ကမ်း မော်တင်စွန်းဘုရားအနီးရှိ မြစ်ဝပေါ်၌ အရှည်ပေ ၈၇၀ ရှိသော ဘေလီတံတားဖြစ်ပြီး ချဉ်းကပ်ကားလမ်းမှာ စုစုပေါင်း သုံးမိုင်လေးဖာလုံ ရှည်လျားကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ IP Transit Services 2014-I အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Internet Backbone တွင် အသုံးပြုရန်အတွက်လိုအပ်သော IP Transit Services အား အောက်ဖော်ပြပါ ဆက်ကြောင်းများမှ နိုင်ငံခြားငွေဖြင့် ပေးချေဆောင်ရွက်လိုပါ၍ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ဆက်ကြောင်း	ပမာဏ
၁။	မြန်မာ-ထိုင်း နယ်စပ်ဖြတ်ကျော်ဖိုင်ဘာ(မြဝတီ)	1 × STM 4
၂။	Sea-Me-We 3 cable	1× STM 16

၂။ အိတ်ဖွင့်တင်ဒါများ (Technical and requirment Proposal) ကို ၂၈-၃-၂၀၁၄ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြည်ပဆက်သွယ်ရေးရုံးချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ၈မိုင်လမ်းဆုံအနီး၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ ဈေးနှုန်းတင်ပြလွှာများအား ဈေးနှုန်းစိစစ်ရန်ခေါ်ယူသောနေ့မှသာ တစ်ပါတည်းယူဆောင်လာ၍ တင်သွင်းရပါမည်။

၄။ တင်ဒါပုံစံများအား ပြည်ပဆက်သွယ်ရေးရုံးချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ၈မိုင်လမ်းဆုံအနီး၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၆၅၀၁၁၈ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖခင်အမည်မှန်

သံတွဲမြို့၊ အထက(၁)၊ န၀မတန်း(ဃ)မှ မန္တဲ့နွဲ့စံ၏ ဖခင်အမည်မှန်မှာ ဦးချမ်းစိန်အောင်(ခ)ဦးစံအောင် ၁၁/သတန(နိုင်)၀၈၃၄၁၇ ဖြစ်ပါကြောင်း။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်တွင်း ဂြိုဟ်တုဆက်သွယ်ရေးစနစ်တွင် လက်ရှိဝန်ဆောင်မှုပေးနေသော IPStar System ၌ အသုံးပြုရန် Extended C-Band အတွက် Bandwidth 80 MHz နှင့် လက်ရှိဝန်ဆောင်မှုပေးနေသော VSAT စနစ်တွင် အသုံးပြုရန် Standard C-Band အတွက် Bandwidth 10 MHz တို့အား နိုင်ငံခြားငွေဖြင့် ပေးချေငှားရမ်းလိုပါသည်။

၂။ တင်ဒါပုံစံများအား ပြည်ပဆက်သွယ်ရေးရုံးချုပ်၊ ၈မိုင်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာများအား ၁၀-၄-၂၀၁၄ရက် ၀၉း၀၀ မှ ၁၆း၀၀ နာရီအတွင်း တင်သွင်းရပါမည်။

၃။ ဈေးနှုန်းတင်ပြလွှာများအား ဈေးနှုန်းစိစစ်ရန် ခေါ်ယူသောရက်မှသာ တစ်ပါတည်းယူဆောင်လာ၍ တင်ပြရပါမည်။

၄။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဖုန်း-၀၁-၆၅၀၁၁၈သို့ စုံစမ်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၅၈၆၀ Yamaha Mio 115 M/C ယာဉ်လက်ဝယ်ရှိသူ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၅၂၊ ယောက်သွားအင်း၊ မြေကွက်/ဦးပိုင်အမှတ် ၅၁ᵉ၊ ဧရိယာ ၀ဒသမ ၁၀ဧကရှိ ဦးအောင်ဝင်းအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးသန်းထွန်း(အထွေထွေကိုယ်စားလှယ်လွှဲစာ ရရှိသူ) ၁၂/ဥကမ(နိုင်)၀၅၈၅၃၅ (ဘ) ဦးကျော်သိန်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး တောဂရန်မြေကွက် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ၁၅ လမ်း၊ အမှတ် ၄၆ဟုခေါ်တွင်သော ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂ဧက်ᵒ၊မြေကွက်အမှတ် V ၂၂၁/V ၂၂၁-A၊ ဧရိယာ ၀ဒသမ ၀၂၉ဧက၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်လှမြိုင်အမည်ပေါက်ပြီး ၎င်းကွယ်လွန်သဖြင့် ၎င်း၏သားသမီးများဖြစ်သော (၁) ဦးစစ်မြိုင် ၁၂/လမတ(နိုင်)၀၀၄၀၁၆၊ (၂) ဒေါ်ကျင်လှ ၁၂/စခန(နိုင်)၀၀၃၈၆၇၊ (၃) ဦးဝင်းမြိုင် ၁၂/ကမရ(နိုင်)၀၄၄၁၅၁တို့မှ အမွေဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း **ဦးသန့်ဇော်**

အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၄၉၂၃၀ Kenbo KB 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေဇင်ဦး ၉/မထလ(နိုင်)၁၇၀၇၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ရွာသစ်အုပ်စု မကျီးကုန်းရွာနေ (အဘ) ဦးပြေအေး-(အမိ) ဒေါ်သန်းရွှေတို့၏သား မောင်စိန်လင်း ၉/မလန(နိုင်)၁၄၄၁၅၇ သည် မိဘများ၏သွန်သင်ဆုံးမမှုကို မနာခံသည့်အပြင် စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးပြေအေး ၉/မလန(နိုင်)၀၇၆၅၂၂

ဒေါ်သန်းရွှေ ၉/မလန(နိုင်)၀၇၆၇၅၇

ညောင်ဦးမြို့နယ်၌ လူနေအိမ်များ တည်ဆောက်ရာတွင် သစ်မာသားအစား ထန်းသားများကို အစားထိုးသုံးစွဲလာ

ညောင်ဦး မတ် ၂၁

ညောင်ဦးမြို့နယ် ကျေးလက်နေပြည်သူများသည် အိမ်ဆောက်ရာတွင် သစ်မာဈေး မြင့်တက်နေသည့်အတွက် ထန်းပင်မှ ထန်းသားများကို အသုံးပြုသူများပြားလျက်ရှိနေကြောင်း သိရသည်။

အသားမာကို လေးပင်အိမ်တစ်လုံး ဆောက်မည်ဆိုပါက အိမ်တစ်လုံးအတွက် ငွေကျပ် ၁၀ သိန်းကျော် ၁၂ သိန်း ကုန်ကျမည်ဖြစ်သည်။ ယခုကဲ့သို့ ထန်းသားများကိုသုံးစွဲရာ ထန်းတစ်ပင်လျှင် ငွေကျပ် ၁၅၀၀၀၊ ထန်းပင်လှဲ လက်သမားစရိတ်မှာ ငွေကျပ် ၁၇၀၀၀ စုစုပေါင်း ငွေကျပ် ၃၂၀၀၀ သာ ကုန်ကျမည်ဖြစ်သည်။

လေးပင်အိမ် တစ်လုံးလျှင် ထန်းပင်ငါးပင်မှ ခြောက်ပင်အထိ အသုံးပြုပြီး လေးပင်အိမ်တစ်လုံးကို ယောက်ထန်းသား၊ ထုပ်ထန်းသား၊ ဒိုင်းထန်းသားများကို အသုံးပြုကာ သွပ်မိုးနှင့် အုပ်နံရံကပ်ပြီး ဆောက်လေ့ရှိသည်။

"အသားမာဈေးက တစ်တန်ကို ရှစ်သိန်းဈေးလောက် ဝယ်ရတယ်။ ကျေးလက်နေပြည်သူတွေ သစ်မာသား အိမ်ဆောက်မယ်ဆို တစ်တန်ကို ခုနစ်သိန်းကျော်ကုန်ကျစရိတ်များတယ်။ သစ်မာသားဈေးကောင်းလို့ လေးပင်အိမ်တစ်ဆောင်စာဝယ်မယ်ဆိုရင် တစ်တန်ခွဲ နှစ်တန်လောက် ငွေကျပ် ၁၀ သိန်း ၁၂ သိန်းကျော်ထိ ကုန်ကျမယ်"ဟု လက်သမားတစ်ဦးက ဆိုသည်။

ယခုအခါတွင် ကျေးလက်တောရွာဒေသများမှ ပြည်သူများသည် နွားစာကိုဒေါင်၊ လယ်ယာထွက်ကုန်ပစ္စည်းများထားရန် ကိုဒေါင်နှင့် အိမ်ဆောက်ရာတွင် အသားမာအစား ထန်းသားသုံးစွဲမှု ပိုမိုများပြားလာကြောင်း သိရသည်။

ကျော်ဌေး(ညောင်ဦး)

ကျေးလက်လမ်းများ သဘာဝဘေးအန္တရာယ်မှအပ အနည်းဆုံး သုံးနှစ်မှ ငါးနှစ်အတွင်း ပျက်စီးမှုမဖြစ်စေရန် စိစစ်နေ

မန္တလေး မတ် ၂၁

မန္တလေးတိုင်း ဒေသကြီးတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ပြနှင့် ကျေးလက်လမ်းများကို ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်မှအပ အနည်းဆုံး သုံးနှစ်မှ ငါးနှစ်အထိ ပျက်စီးမှုမဖြစ်ပေါ်စေရန် လုပ်ငန်းတိုင်းတွင် သီးခြား အရည်အသွေးစိစစ်ရေးအဖွဲ့များဖြင့် စစ်ဆေးလျက်ရှိကြောင်း မတ် ၁၈ ရက်တွင် ကျင်းပခဲ့သော ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး (သတ္တမနေ့)မှ သိရသည်။

စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားသော မြို့ပြကတ္တရာလမ်းများပေါ်တွင် ၁၃ တန်ယာဉ်များသာ ဖြတ်သန်းသွားလာပါက အနည်းဆုံး သုံးနှစ်မှ ငါးနှစ်အတွင်း ခံနိုင်မည်ဖြစ်ပြီး မြို့ပြနှင့်ကျေးလက်လမ်းများ ရေရှည်ခိုင်ခံ့မှုရှိရန်အတွက် မြို့ပြစီမံကိန်းအရ ယာဉ်ရပ်နားစခန်းများတည်ဆောက်၍ မြို့တွင်းလမ်းများတွင် တန်ပိုယာဉ်များ ဖြတ်သန်းဝင်ရောက်ခြင်းမပြုရန် တားမြစ်ခြင်းတို့ကို ယင်းစိစစ်ရေးအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်လမ်းအမျိုးအစားအလိုက် ခေတ်ကာလနှင့် လျော်ညီသော ဒီဇိုင်းနှင့်စံချိန်စံညွှန်းများအား အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်မှအပ အနည်းဆုံး သုံးနှစ်မှ ငါးနှစ်အထိ ပျက်စီးမှုမဖြစ်ပေါ်စေရန် လုပ်ငန်းတိုင်းတွင် သီးခြား အရည်အသွေးစိစစ်ရေးအဖွဲ့များဖြင့်စစ်ဆေး၍ လမ်းအမျိုးအစားအလိုက် ခေတ်ကာလနှင့် လျော်ညီသော ဒီဇိုင်းနှင့် စံချိန်စံညွှန်းများအား အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းလျက်ရှိကြောင်း ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး (သတ္တမနေ့)မှ သိရသည်။

ဒီစီအီး(မန္တလေး)

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၂မှ ၂၀၁၄ ခုနှစ်၌ ကိုယ်ပိုင်ကျောင်း ပေါင်း ၄၆ ကျောင်း ဖွင့်လှစ်ရန် ခွင့်ပြုထားပြီးဖြစ်

မန္တလေး မတ် ၂၁

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၂-၂၀၁၃ ခုနှစ်နှင့် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ကိုယ်ပိုင်ကျောင်း ၄၆ ကျောင်း ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

ကိုယ်ပိုင်ကျောင်းများကို ပထမနှစ်ဝက်တွင် တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူးမှ တစ်ကြိမ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးမှ တစ်ကြိမ်၊ အမှတ်(၂) အခြေခံပညာ ဦးစီးဌာနမှတစ်ကြိမ်နှင့် ဒုတိယနှစ်ဝက်တွင်လည်း အထက်ပါအတိုင်း တစ်ကြိမ်စီ၊ စုစုပေါင်း တစ်နှစ်လျှင် ခြောက်ကြိမ် ပညာသင်နှစ်အလိုက် ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့သို့ စစ်ဆေးရာတွင် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် နည်းဥပဒေများနှင့် ဝန်ကြီးဌာန၏ ညွှန်ကြားချက်များအပြင် တည်ထောင်သူ၊ ကြီးကြပ်အုပ်ချုပ်သူနှင့် ကိုယ်ပိုင်ကျောင်းဆရာများကိုလည်း သတ်မှတ်အရည်အချင်း ပြည့်မီမှု ရှိ/မရှိ စစ်ဆေးပြီး နှစ်စဉ်သင်တန်းများပေး၍ အရည်အသွေးမြှင့်တင်မှုများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဒီစီအီး(မန္တလေး)

မြန်မာ-ထိုင်း ပူးပေါင်းမှုဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျေးရွာများ၌ အခမဲ့ဆေးကုသ

တာချီလိတ် မတ် ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလု(အောက်) ရွာ အခြေခံပညာမူလတန်းကျောင်း၌ မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်သည့် ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးစီမံကိန်း (မယ့်ဖာလုံဖောင်ဒေးရှင်း) တာချီလိတ်၏စီစဉ်မှုဖြင့် နယ်လှည့်ကျန်းမာရေး ဝန်ဆောင်မှုအစီအစဉ်ကို မတ် ၁၉ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးမှ သွား/ခံတွင်း အထူးကုဆရာဝန် ဒေါက်တာ စိုးယုဝေ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်း ၁၀ ဦးနှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ ပြည်သူ့ဆေးရုံကြီးမှ ညွှန်ကြားရေးမှူး Dr. Sura Kunkongkapan ဦးဆောင်သည့် သမားတော်ကြီးများ၊ သွားဘက်ဆိုင်ရာဆရာဝန်များ၊ ဆေးဝါးဆိုင်ရာ ကျွမ်းကျင်သူများ၊ သူနာပြုများ၊ မယ့်ဖာလုံဖောင်ဒေးရှင်းနှင့် ONCB(Office of the Narcotics Control Board) တို့မှ တာဝန်ရှိသူများ ပါဝင်သော ဆေးဝါးကုသရေးအဖွဲ့ဝင် ၅၀ တို့ ပူးပေါင်းကာ စန်းလုကျေးရွာ၊ မယ်ခေါင်၊ နာကျော့၊ ဟွေရုန်းကျေးရွာများရှိ လားဟူ၊ အာခါ တိုင်းရင်းသား ၁၇၅ ဦးအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးဝါးကုသခြင်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ နယ်လှည့်ကျန်းမာရေးဝန်ဆောင်မှု အစီအစဉ်ကျင်းပရာတွင် တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ ပြည်သူ့ဆေးရုံကြီးမှ ညွှန်ကြားရေးမှူး Dr. Sura Kunkongkapan တို့က အမှာစကားပြောကြားပြီး မယ့်ဖာလုံဖောင်ဒေးရှင်း (တာချီလိတ်၊ မိုင်းဆတ်) စီမံကိန်း မန်နေဂျာ ဦးအာဗေလက နယ်လှည့်ကျန်းမာရေး စောင့်ရှောက်ပေးမှု အစီအမံများအား ရှင်းလင်းတင်ပြခဲ့ပြီးလွယ်တော်ခမ်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအာဂျာမှ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်သည့် ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးစီမံကိန်း (မယ့်ဖာလုံဖောင်ဒေးရှင်း) တာချီလိတ်၏စီစဉ်မှုဖြင့် နယ်လှည့် ကျန်းမာရေးအဖွဲ့သည် အဖွဲ့ဝင် ၅၀ ဦးနှင့်အတူ မတ် ၂၀ ရက်က ဂျောပ၊ ဖလဲ၊ ဖလောက်ကျေးရွာများသို့လည်းကောင်း၊ မတ် ၂၁ ရက်၌ ဖဟိ(ထက်/အောက်)၊ ဟွေဟေး (ထက်/ အောက်) ကျေးရွာများတွင်လည်းကောင်း ဒေသခံတိုင်းရင်းသားများအား ကျန်းမာရေး စစ်ဆေးခြင်းနှင့် ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

နိုင်ငံတော်မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ် ၂၅ စီး ချထားပေးရာ ခင်ဦးမြို့နယ်မီးသတ်တပ်ဖွဲ့သို့ မတ် ၁၈ ရက်က တစ်စီး လက်ခံရရှိခဲ့ရာ မြို့မိမြို့ဖများ၊ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၀ ခန့်က မြို့အဝင်တွင် သွားရောက်ကြိုဆိုခဲ့ကြောင်း သိရသည်။ ထို့နောက် လမ်းမတစ်လျှောက်လှည့်လည်ပြီး မီးသတ်ယာဉ်ကို သရုပ်ပြရေဖျန်းပြသခဲ့ကြောင်း သိရသည်။ ခင်ဦး-စိုးဝေ

ဦးထက်ရှား(ဘ)ဦးသက်နိုင် ၇/ပခန(နိုင်)၃၇၈၃၀၅ သိသာရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၁)ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းဟောင်း၊ အမှတ် ၁၄/၅၈၆-အေတွင်တည်ရှိသော စွယ်တော်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူ ဒေါ်မွန်မွန်လင်း ၉/မသန(နိုင်)၀၈၉၉၃၂၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးထက်ရှား(ဘ)ဦးသက်နိုင် ၇/ပခန(နိုင်)၃၇၈၃၀၅ သိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မွန်မွန်လင်း ဒါရိုက်တာအဖြစ် ဆောင်ရွက်လျက်ရှိသော စွယ်တော်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီသည် နာမည်ကောင်းသတင်းဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ အစိုးရဝန်ကြီးဌာနအချို့မှ အပ်နှံသော လုပ်ငန်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ပြီးစီးအပ်နှံခဲ့ပါသည်။

၂။ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၏ တာဝန်ပေးအပ်ချက်အရ ရမည်းသင်းမြို့နယ်အတွင်း အခြေခံပညာကျောင်း ကိုးကျောင်းကို တည်ဆောက်လျက်ရှိပါသည်။ ဦးထက်ရှားသည် ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်သားအဖြစ် လုပ်ကိုင်သူတစ်ဦးဖြစ်ပြီး လူကြီးမင်း၏ အလုပ်တောင်းခံမှုအရ ရမည်းသင်းမြို့နယ်၊ ဆတ္တိုးပေါက်ကျေးရွာ ကျောင်းဆောင် ဆောက်လုပ်ရေးလုပ်ငန်းတွင် P.A.E စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ရန် ဒေါ်မွန်မွန်လင်းမှ သဘောတူ တာဝန်ပေးခဲ့ပါသည်။ လုပ်ငန်းစတင်လုပ်ကိုင်စဉ်ကပင် စာချုပ်ချုပ်ဆိုရန် ခေါ်ယူခဲ့သော်လည်း လာရောက်ခြင်းမရှိဘဲ လုပ်ငန်းခွင်အတွင်းဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ ထို့နောက် လုပ်ငန်းခွင်အတွင်း သတ်မှတ်ထားသော စံချိန်စံညွှန်းအမီလုပ်ငန်းကို လုပ်ကိုင်မှုမရှိခြင်း၊ လုပ်ငန်းခွင်အတွင်းမှ လုပ်သားများ၏ လုပ်အားခများ ရှင်းမပေးခြင်း၊ ကျေးရွာခံ ပုဂ္ဂိုလ်များထံမှ ငွေကြေး ချေးငှားသုံးစွဲပြီး ပြန်မဆပ်ခြင်းတို့ကြောင့် ကုမ္ပဏီမှ ဦးထက်ရှားအား လုပ်ငန်းမှ ရပ်ဆိုင်းခဲ့ရပါသည်။ လူကြီးမင်းဆောက်လုပ်ခဲ့သည့် လုပ်ငန်းပြီးစီးမှုကို ဓာတ်ပုံမှတ်တမ်းများ ပြုလုပ်ထားရှိခဲ့ပါသည်။ လုပ်ငန်းရပ်ဆိုင်းပြီးနောက် ငွေကြေးစာရင်းရှင်းရန် ခေါ်ယူခဲ့သော်လည်း လာရောက်တွေ့ဆုံခြင်းမရှိခဲ့ပါ။

၃။ ကုမ္ပဏီမှ ဦးထက်ရှားဆောက်လုပ်ခဲ့သော အဆောက်အအုံမှာ စံချိန်စံညွှန်းမမီ၍ ပြန်လည် ပြုပြင်ဆောက်လုပ်ရခြင်း၊ ၎င်းမရှင်းခဲ့သော ဒေသခံလုပ်သားများ၏ လုပ်အားခများ၊ ဒေသခံများထံမှ ချေးယူသုံးစွဲခဲ့သော ငွေကြေးများကို ရှင်းလင်းပေးဆပ်ရခြင်းများ ပြုလုပ်ခဲ့ရပါသည်။ ၎င်းသည် မိမိ၏လုပ်ဆောင်ချက်များအပေါ် တာဝန်ယူခြင်း၊ ကုမ္ပဏီသို့ လာရောက်၍ တွေ့ဆုံရှင်းလင်းခြင်းများမရှိဘဲ မိမိ၏တာဝန်ပျက်ကွက်မှုကို အကာအကွယ် ရစေရန်နှင့် ကုမ္ပဏီ၏လုပ်ငန်းများ နှောင့်နှေးစေရန် ကုမ္ပဏီ၏ ကောင်းသတင်းနှင့် ဒါရိုက်တာ ဒေါ်မွန်မွန်လင်းတို့၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားထိခိုက်စေရန် ဦးထက်ရှားမှ **လုပ်သားများအဖွဲ့**ဟု အမည်သုံးစွဲ၍ ဌာနဆိုင်ရာအဖွဲ့ အစည်းများသို့ တိုင်စာ၊ ပစ်စာအမျိုးမျိုးဖြင့် လုပ်ကြံတိုင်ကြားခဲ့ပါသည်။ သက်ဆိုင်ရာတာဝန်ရှိသူများမှ လာရောက်စစ်ဆေးဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း အကြိမ်ကြိမ်ထပ်မံတိုင်ကြား၍ ကုမ္ပဏီဂုဏ်သိက္ခာနှင့်အကျိုးစီးပွား ထိခိုက်စေရန် ဆောင်ရွက်နေဆဲဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဦးထက်ရှားအနေဖြင့် မိမိ၏တည်ဆောက်ပြီးစီးခဲ့သော လုပ်ငန်းတန်ဖိုး၊ ကုမ္ပဏီမှထုတ်ယူခဲ့သော ငွေကြေး၊ ကုမ္ပဏီမှ စိုက်ထုတ်ရှင်းပေးခဲ့ရသော လူကြီးမင်း ဒေသခံများထံမှ ချေးယူသုံးစွဲခဲ့သော ကြွေးမြီများ၊ အဆောက်အအုံပြန်လည်တည်ဆောက်ရသည့် ဆုံးရှုံးနစ်နာမှု တန်ဖိုးများအပေါ် တာဝန်ယူ၍ ကုမ္ပဏီနှင့် အမြန်ဆုံးလာရောက်တွေ့ဆုံ ရှင်းလင်းရန် ဖိတ်ခေါ်တောင်းဆိုအပ်ပါသည်။ထိုသို့ဆောင်ရွက်ခြင်းမရှိဘဲ ယခုကဲ့သို့ ကုမ္ပဏီ၏ ဂုဏ်သတင်းနှင့် အကျိုးစီးပွားထိခိုက်စေရန် ဆက်လက်ပြုမူဆောင်ရွက်နေမည်ဆိုပါက ကျွန်ုပ်၏ မိတ်ဆွေဒေါ်မွန်မွန်လင်းမှ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်မွန်မွန်လင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးတင့် B.Sc, H.G.P (အထက်တန်းရှေ့နေ) (၁၁၂၂၅/၁၉၈၅)
ကျောင်းကြီးလမ်း၊ ရွှေပြည်ရန်အောင်ရပ်၊ ပျော်ဘွယ်မြို့
ဦးချစ်ဖြူ (အထက်တန်းရှေ့နေ) (စဉ်-၄၀၃၁၈)
အမှတ် ၃၂၈၆၊ ပုဂံ ၁ လမ်း၊ ရာဇသင်္ဂဟအိမ်ရာအမှတ် ၂၊ ဥတ္တရသီရိမြို့နယ်

အသိပေးကြေညာချက်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အတွက် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ယူကောက်ခံပေးနေသည့် ပင်လယ်သွားရေယာဉ်များ၏ မီးပြခွန်များအား ယခုလာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဖြစ်သည့် ၁-၄-၂၀၁၄ရက်မှစတင်၍ အကောက်ခွန်ဦးစီးဌာမှ ကောက်ခံပေးခြင်း မပြုတော့ဘဲ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဌာနမှ ဆက်လက်ကောက်ခံသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မီးပြခွန်ကို ပြည်နယ်/တိုင်းဒေသကြီးများရှိ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးများ (ရန်ကုန်၊ ပုသိမ်၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ မော်လမြိုင်၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း)မှ ကောက်ခံသွားမည် ဖြစ်ပါသည်။

ရေယာဉ်ပိုင်ရှင်များနှင့် ရေယာဉ်ပိုင်ရှင်၏ကိုယ်စားလှယ်များသည် ဖော်ပြပါ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးများနှင့် ဆက်သွယ်၍ မီးပြခွန်များ ပေးသွင်းရန်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(၁၀)ကြိမ်မြောက် မြန်မာ့ရိုးရာစွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲကျင်းပမည်

အားကစားဝန်ကြီးဌာန လမ်းညွှန်မှုနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ၂၀၁၄ခုနှစ် (၁၀)ကြိမ်မြောက် မြန်မာ့ရိုးရာစွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲကို ဧပြီ ၁ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အားကစားနှင့်ကာယပညာသိပ္ပံရှိ ကျိုက္ကဆံအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသော စွန်ဝါသနာရှင်များသည် ၂၈-၃-၂၀၁၄ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး အောင်ဆန်းအားကစားပြိုင်ဝင်း (အထူးတန်း)ရှိ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ရုံးသို့ ကိုယ်တိုင်လာရောက်၍ ပုံစံများဝယ်ယူစာရင်းပေးသွင်းနိုင်ကြသည်။

ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် သိရှိလိုသော အချက်အလက်များကို အဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၃၈၀၉၄၁သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း။

အထက(၁)လမ်းမတော် ယခင်စိန့်ဂျွန်း
(၁၉၈၅-၂၀၁၀) ပညာသင်နှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏

ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

ပူဇာစ ပူဇနေယျာနံ ဧတံမင်္ဂလမုတ္တမံ
ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

အထက(၁)၊ လမ်းမတော်၊ ယခင်စိန့်ဂျွန်းကျောင်းသည် ၁၈၆၄ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၄ မတ်လတွင် နှစ် ၁၅၀ပြည့်မြောက်ပါမည်။ (၁၉၈၅-၂၀၁၀)ပညာသင်နှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအား ကျောင်းနှစ် ၁၅၀ ပြည့် အထိမ်းအမှတ်ပွဲတော်နေ့တွင် မိမိတို့၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပါသောကြောင့် (၁၉၈၅-၂၀၁၀) ပညာသင်နှစ်မှ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၃၀-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၃၀ နာရီ
နေရာ - စွမ်းအားခန်းမ

(၁၉၈၅-၂၀၁၀) ပညာသင်နှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏
ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

မြန်မာ့ရိုးရာ ပျိုးပင်စိုက် မြေအိုးများ ရက်ချိန်းယူ စောင့်ဆိုင်း ဝယ်ယူနေကြ

ကျေးလက်နေပြည်သူများအတွက် ရိုးရာမြေအိုးလုပ်ငန်းမှာ ယခုအချိန်အထိ လုပ်ကိုင်ဆောင်ရွက်နေရဆဲ မိသားစုတစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။

မလှိုင် မတ် ၂၁

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာ၌ သနပ်ခါး ပျိုးပင်စိုက်ပျိုးရောင်းချခြင်း စီးပွားဖြစ်လုပ်ငန်းများ တွင်ကျယ်လာသည်နှင့် အပြိုင် သနပ်ခါးပျိုးပင်များ စနစ်တကျစိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့်ဒေသထွက် မြေအိုးဈေးကွက်မှာလည်း တွင်ကျယ်လျက်ရှိကာ တစ်ပိုင်တစ်နိုင် လုပ်ကိုင်လျက်ရှိပြီး မိသားစုဝင်ငွေ ရရှိလာကြောင်း ဒေသခံများထံမှ သိရသည်။

သနပ်ခါးပျိုးပင်များကို ပန်းအိုင်ကျေးရွာမှ အဓိကစိုက်ပျိုးရောင်းချကြခြင်းဖြစ်ပြီး သနပ်ခါးပင်စိုက်ပျိုးရာ တန်ဆောင်မုန်းနှင့် တပေါင်းလတို့အတွင်း တစ်နှစ်လျှင် နှစ်ကြိမ်ခန့် ပျိုးထောင်နိုင်ခြင်းကြောင့် သနပ်ခါးပျိုးပင်များ စိုက်ပျိုးသည့် ယခုကာလအတွင်း စိုက်ပျိုးမြေအိုးများ ထုတ်လုပ်သူ များပြားလာခြင်းဖြစ်ပြီး အော်ဒါအပ်နှံသူ သနပ်ခါးပျိုးလုပ်ငန်းရှင်များပြားသဖြင့် ရက်ချိန်းများကြိုတင်ရယူစောင့်ဆိုင်းရသည်အထိ လုပ်ငန်းအဆင်ပြေလျက်ရှိသည်။

"အရင်တုန်းကတည်းက မြူအိုးတွေကို ထန်းလျှီးရာမှာ ထန်းရည်ထည့်တဲ့အိုးအဖြစ် အများဆုံးသုံးခဲ့ပါတယ်။ အိုးအပဲ့တွေ၊ အနာတွေကိုသာ သနပ်ခါးပျိုးသူတွေကို ရောင်းချခဲ့ရတယ်။ အခုတော့ သနပ်ခါးပျိုးပင်ရောင်းဝယ်ရေး လုပ်ငန်းတွေ အားကောင်းလာခဲ့လို့ မြူအိုး(မြေအိုး) လုပ်ကိုင်တတ်သူတွေ အဆင်ပြေနေကြပါတယ်"ဟု မြေအိုးဖုတ်သူ ပန်းအိုင်ကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

"လက်လုပ် လုပ်ငန်းဖြစ်တော့ တစ်နေ့ကို အလုံး ၂၅၀ ဝန်းကျင် အများဆုံး လုပ်နိုင်ကြတာပါ။ အလုပ်သမားငှားဖို့လည်း ခက်ခဲပါတယ်။ နံနက်ပိုင်းကို မြေတွေသယ်ယူကြတယ်။ ညကျမှ မြေနယ်မြေထွေးပြီး မိသားစုဝိုင်းလုပ်ကြရတယ်။ အိုးလုပ်မယ့်မြေဆိုတာ စေးပိုင်ညက်လာအောင် မြေထွေး(နယ်)ရပါတယ်။ ထွေးပြီးသားမြေတွေကို ရေဖျန်းပြီး ပုံသွင်းထားရတယ်။ အဆင့်ငါးဆင့်လောက်ကြားမှာ ဖြတ်ကျော်ပြီးတာနဲ့ သုံးရက်အကြာမှာ အိုးဖုတ်ရတယ်။ မြေအိုးတစ်လုံးကို ငွေကျပ် ၅၀ ဝန်းကျင်ရရှိပါတယ်"ဟု အိုးလုပ်ငန်းလုပ်ကိုင်သူ ပန်းအိုင်ကျေးရွာမှ မအုန်းထွေးက ပြောပြသည် ။

အိုးလုပ်ငန်းကို နတ်တော်၊ ပြာသိုလတွင် စတင်လုပ်ကိုင်ပြီး နွေကာလလယ်များတွင် အပူချိန်မြင့်သဖြင့် အိုးများ ကွဲအက်တတ်ခြင်းကြောင့် နွေလယ်မရောက်မီ တန်ခူးလဆန်းနောက်ဆုံးထားကာ လုပ်ကိုင်ကြသဖြင့် ရက်ချိန်းများစောင့်ဆိုင်းကာ ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

ပလတ်စတစ်အိုးများ မြို့ကြီးများတွင် ခေတ်စားလာသော်လည်း သဘာဝနှင့် ကိုက်ညီသည့် ရိုးရာမြေအိုးများသည် ကျေးလက်လူတန်းစားများ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အကူအညီများပေးသည်ကို မြင်တွေ့နေရဆဲပင်ဖြစ်သည်။

အောင်ဌေး(မလှိုင်)

မန္တလေးတိုင်းဒေသကြီးအတွင်း ကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိ

မန္တလေး မတ် ၂၁

မန္တလေးတိုင်း ရမည်းသင်းမြို့နယ်အတွင်း ပညာရေးဝန်ထမ်း ခန့်အပ်ထားမှုတွင် ပြင်ပမှဘွဲ့ရလျှောက်ထားသူများကို အလုပ်ခန့်အပ်မှု နည်းပါးရခြင်းမှာ ဌာနတွင်းရာထူးတိုးမြှင့်ခန့်ထားသူ များပြားခြင်းကြောင့် ဖြစ်ရကြောင်း မတ် ၁၈ ရက် ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် နဝမပုံမှန်အစည်းအဝေး (သတ္တမနေ့)တွင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၏မေးမြန်းချက်အား သက်ဆိုင်ရာအစိုးရအဖွဲ့မှ ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

လုပ်ငန်းလိုအပ်ချက်အရ ဌာနအတွင်း ရာထူးတိုးမြှင့်ခန့်ထားခြင်းများနှင့် ပြင်ပမှခေါ်ယူခန့်ထားခြင်းရှိရာ အခြားမြို့နယ်များနည်းတူ ပြင်ပဘွဲ့ရများအလုပ်ခန့်အပ်ထားမှု နည်းပါးသွားရခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ အစိုးရအဖွဲ့မှ တာဝန်ရှိသူက ပြောကြားခဲ့ခြင်းဖြစ်ပြီး သာစည်မြို့နယ်အတွင်းတွင်လည်း မူလတန်းကျောင်းဆောင်များတည်ဆောက်ရေး အချို့မှာ ရာနှုန်းပြည့်ပြီးစီးပြီးသော်လည်း ကျန်ရှိနေသည့် မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ရန် လျာထားသော ကျောင်းခြောက်ကျောင်းကိုလည်း ရန်ပုံငွေပေါ်မူတည်ကာ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ထို့အပြင် အစည်းအဝေးအတွင်း မြို့နယ်နှင့် ခရိုင်တရားရုံးများမှ တရားခွင်စာရေးများနှင့် တိုင်းဒေသကြီးတရားလွှတ်တော်ရှိ ဌာနခွဲစာရေးများ၊ အကြီးတန်းစာရေးများ ဒီကရီရေးဆွဲမှုဆိုင်ရာများအတွက် မှားယွင်းမှုမရှိစေရေးနှင့် သင်တန်းများပို့ချခြင်း၊ သင်ရိုးအသစ်များ ရေးဆွဲညွှန်ကြားပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း လွှတ်တော်အစည်းအဝေးမှ သိရသည်။

မတ္တရာမြို့နယ်အတွင်း ကျေးလက်လမ်းများ တည်ဆောက်ရေး ရန်ပုံငွေများတောင်းခံထားပြီး စဉ့်ကိုင်မြို့နယ်တွင် ယင်းငိုရိုးတံတားတည်ဆောက်ခြင်း၊ ငါန်းဇွန်မြို့နယ်အတွင်း ကျောက်တစ်လုံးမြစ်ရေတင်မြောင်း သစ်သားလှည်းကူးတံတားခြောက်စင်းတည်ဆောက်ခြင်းကို လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှ သိရှိရသည်။ **ဒီစီအီး(မန္တလေး)**

သန်းခေါင်စာရင်းကောက်ယူရေး ဖျော်ဖြေပွဲ ပြည်သူများအားပေး

ဖျာပုံ မတ် ၂၁

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး အကြိုလှုံ့ဆော်ဖျော်ဖြေပွဲများကို အနုပညာရှင်များက မြို့များသို့ လှည့်လည်ဖျော်ဖြေ လျက်ရှိရာတွင် မတ် ၂၀ ရက်က ဖျာပုံမြို့ အထက(၁)အားကစားကွင်း အတွင်း ဖျော်ဖြေခဲ့ရာ ဒေသခံပြည်သူများ အားပေးခဲ့ကြသည်။ **(ဓါတ်ပုံ)**

အနုပညာရှင်များဖြစ်သော အရိုင်း၊ ဂေါ်ဇီလာ၊ ပန်းသီး၊ ဆီးသီး၊ စိန်သီးတို့က တက်ရောက်လာကြသည့် ပရိသတ်များအား ဥာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်း၊ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး တေးသံရှင် ဘန်နီဖြိုးက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့သည်။

သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လက်ကမ်းစာစောင်များကိုလည်း ပြည်သူများ သိရှိနားလည်စေရန် ရှင်းလင်းဝေငှခဲ့ကြသည်။

သူဇာနွယ်(ဖျာပုံ)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဘိလပ်မြေစက်ရုံ (နေပြည်တော်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘိလပ်မြေစက်ရုံ (နေပြည်တော်)တွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါအမျိုးအစား Backhoe ယန္တရားအသစ်တစ်စီးဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းလိုသည့်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

(က) Equipment - Backhoe (Brand New)
(ခ) Operating Weight - 21000 kg to 28000 kg
(ဂ) Engine Power and Type - 130 HP to 150 HP. Water Cooled, Turbocharged Inter Cooled, Direct Injection, 6 Cylinder
(ဃ) Bucket Capacity - 1.1m ^{3} to 1.4 m^3

၂။ တင်ဒါပုံစံများကို ၂၁-၃-၂၀၁၄ ရက်မှ ၂၆-၃-၂၀၁၄ ရက်အထိ အောက်ဖော်ပြပါနေရာများတွင် ရုံးချိန်အတွင်း ဆက်သွယ်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၁-၃-၂၀၁၄ ရက် ၁၆း၀၀ နာရီတွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်သည်-

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၄၀၂၅၈၁၁၊ ၀၉-၅၁၁၀၃၃၁၊ ၀၉-၄၉၂၁၀၀၈၆၊ ၀၉-၈၃၀၀၁၀၃၊ ၀၆၇-၄၃၂၃၁၂၊ Fax-၀၆၇-၄၃၂၃၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရောင်းရန်

လှိုင်သာယာ၊ နဝဒေးဥယျာဉ်အိမ်ရာ လုံးချင်း တစ်ထပ်တိုက်၊ ဝယ်မည့်သူ သာဆက်သွယ်ရန်။

ဖုန်း-၀၉-၄၂၁၀၅၂၇၃၇၊ ၀၁-၅၀၅၃၉၆

ထိုက်သူရမည်

တောင်/မြောက်လမ်းဆုံအနီး၊ အခန်းကျယ် ထောင့်ခန်း၊ အိပ်ခန်း နှစ်ခန်း၊ အဲကွန်းအသစ် နှစ်လုံး အဆင့်မြင့်ပြင်ဆင်ပြီး ပထမထပ်ဈေးကျောင်း၊ ကားဂိတ်နီး၊ ပိုင်ဆိုင်မှုခိုင်မာသော အိုးအိမ်တိုက်ခန်း၊ ကျပ်သိန်း ၃၉၀။

ဖုန်း-၀၉-၇၃၁၃၅၄၄၄၊ ၂၅၀၂၈၃၁၆၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ (၁၈)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၂၁-၃-၂၀၁၄ရက်မှစ၍ ၂၅-၄-၂၀၁၄ရက် အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု (၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၅-၄-၂၀၁၄ရက်၊ ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း-၀၆၇-၄၃၁၀၂၇သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

အမည်ပြောင်း

လပွတ္တာမြို့နယ်၊ ဆားကျင်းကျေးရွာအုပ်စု၊ ရေဆိုင်ကုန်းကျေးရွာနေ ဦးလှငွေ၏သား လပွတ္တာမြို့ အထက ကျောင်းခွဲ အဋ္ဌမတန်း (ခ)မှ မောင်ကျော်ဟိန်းအား မောင်ခန့်ဇေဟိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်ဇေဟိန်း**

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄အီး၂၊ မြေကွက်အမှတ်၁/၈၉၊ မြေကွက်တည်နေရာအမှတ်၆၊ စပါယ်လမ်းသွယ် ၂လမ်း၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးကိုကိုကြီး ၁၂/တမန(နိုင်)၀၈၀၉၃၉၊ ဒေါ်ဗိုလ် ၁၂/တမန(နိုင်)၀၈၀၉၄၀ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဖခင်ဦးကိုကိုကြီး၊ မိခင်ဒေါ်ဗိုလ် ကွယ်လွန်သဖြင့် (၁)ဦးအောင်သင်း ၁၂/တမန(နိုင်)၀၉၀၈၄၀၊ (၂)ဒေါ်ခင်လှဝေ ၁၂/တမန(နိုင်)၀၈၀၉၄၁၊ (၃)ဒေါ်သန်းသန်း ၁၂/တမန(နိုင်)၀၈၀၉၄၄၊ (၄)ဒေါ်သင်းသင်းယု ၁၂/တမန(နိုင်)၀၀၉၄၅၀၊ (၅)ဦးဝင်းလွင်၁၂/ပဇတ(နိုင်)၀၀၉၄၂၅တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် ဂရန်အမည်ပေါက် ဒေါ်ဗိုလ်နှင့် သေစာရင်းတွင်ပါရှိသည့် ဒေါ်လှရီမှာ တစ်ဦးတည်းဖြစ်ကြောင်း၊ ဒေါ်ဗိုလ်၏သေစာရင်းတိုင်ကြားသူ ဦးချိုချိုမှာ သမီးအရင်း ဒေါ်သန်းသန်း၏ ခင်ပွန်းဖြစ်ကြောင်းကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

တေဇမုနိဓာတုစေတီတော်မြတ်ကြီး ဌာပနာပိတ်ခြင်း၊ ထီးတော်တင်လှူခြင်း မင်္ဂလာအခမ်းအနား

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဇေယျာခေမာလမ်းရှိ တေဇစက္ကီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ ၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၅ ရက်၊ ၄-၄-၂၀၁၄ ရက် (သောကြာနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါကြောင်း သဒ္ဓါကြည်လင်ပါရမီရှင် ကုသိုလ်ရှင်များ စေတနာသဒ္ဓါပွားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

စုံစမ်းရန် ဖုန်း-၀၉-၅၀၈၂၈၆၈၊ ၀၉-၄၅၀၀၁၅၅၂၀

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ် ၅၁၉၊ အမည်ပေါက်ဒေါ်မြင့်သန်း၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးအောင်မိုး ၁၂/လသန(နိုင်)၀၀၇၆၅၅မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့်အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာသည့် ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ် ၁၀၃၊ အမည်ပေါက် ဒေါ်ဌေးဌေး၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးအောင်မိုး ၁၂/လသန(နိုင်)၀၀၇၆၅၅မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့်အရောင်းအဝယ်စာချုပ်(မူရင်း) များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သတင်းဆောင်းပါး

မှော်တောမှ လူငယ်များ၏ အနာဂတ်ဘဝ မူးယစ်ဆေးကြောင့် ပျက်သုဉ်းမည့်အရေး မိဘ၊ ဆရာသမားများ စိုးရိမ်နေ

မြန်မာနိုင်ငံ၏ ကျောက်စိမ်းမြို့တော် ဖားကန့်နှင့် အနီးဝန်းကျင်ရှိ ကျောက်စိမ်းမှော်များအတွင်း ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူ အများဆုံးနေထိုင်ကြပြီး လူတန်းစားပေါင်းစုံနေထိုင်ကြခြင်း၊ နယ်စပ်ဒေသဖြစ်ခြင်းတို့ကြောင့် မူးယစ်ဆေးဝါးဝယ်ယူဖြန့်ဖြူးမှုများလည်း အခြားဒေသများထက် နှိုင်းယှဉ်ပါက များပြားလှပါသည်။ ထို့ကြောင့်ပင် နွေရာသီ ကျောင်းပိတ်ချိန်တွင် ကျောင်းသားလူငယ်များ လမ်းမှားရောက်ရှိမည်ကို မိဘများနှင့် ဆရာများက စိုးရိမ်လျက်ရှိနေကြသည်။

ဝှေခါ၊ နမ့်မော်၊ ဆိုင်းတောင် (ဆိပ်မူ)၊ လုံးခင်း၊ ဖားကန့်၊ တာမခံ၊ ဆယ်ဇင်းတို့တွင် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှုများမှာ ညပိုင်းတွင်သာမက နေ့ပိုင်းတွင်မှာပင် ပြောင်ပြောင်တင်းတင်း ဆောင်ရွက်မှုအချို့ကို ပြုလုပ်လျက်ရှိသည်။ ဆိုင်းတောင် ရှမ်းကုန်းဈေးကုန်းအတက် ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးသုံးစွဲသူများမှာ ဆေးထိုးပြွန်များကို မူးယစ်ဆေး အသင့်ထိုးသွင်းနိုင်ရန် တစ်ချောင်းလျှင် ငွေကျပ် ၅၀၀၀ ဖြင့် လိုက်လံရောင်းချနေမှုများပင် ရှိနေပြီဖြစ်ပြီး ရှမ်းကုန်းဈေးအလွန်တွင် မူးယစ်ဆေးပြားများကို ငွေကျပ် ၅၀၀၀မှ ၃၀၀၀အထိ တန်ဖိုးအမျိုးမျိုးဖြင့် လက်သိပ်ထိုး ဝယ်ယူသုံးစွဲနေကြသည်ကိုလည်း ဈေးသွား ဈေးလာပြည်သူများအားလုံး နေ့စဉ်နီးပါး မြင်တွေ့နေကြရသည်။

ထို့အပြင် အနီးအနားဝန်းကျင်လျှိုများနှင့် တောင်ကုန်းများပေါ်ရှိ ထမင်းဆိုင်၊ မုန့်ဆိုင်စသည့်ဆိုင်များနှင့်အပြိုင် မူးယစ်ဆေးများတရားမဝင်ရောင်းချမှုကိုလည်း ရပ်ကွက်ပြည်သူများက တာဝန်ရှိသူများထံတင်ပြ၍ လာရောက်ဖမ်းဆီးသည့်အခါ ထွက်ပြေးတတ်ကြပြီး ဒေသခံရဲနှင့် ဒေသခံမူးယစ်ဆေး ရောင်းချသူများမှာ ဖမ်းဆီးပါက ထွက်ပြေးခြင်း၊ ဖမ်းဆီးမှုကျဲပါက ပြန်လည်ရောင်းချခြင်းစသည်ဖြင့် သံသရာလည်နေကြကြောင်း ဖားကန့်ဒေသသို့ စီးပွားသွားရောက် လုပ်ကိုင်အခြေချသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အပေါင်းအသင်းမှားမှာ၊လက်တည့်စမ်းမှာမျိုးကို မိဘတွေရော၊ ကျောင်းက ဆရာတွေကပါ အလွန်စိုးရိမ်ကြတယ်။ ဈေးထဲမှာတင် မူးယစ်ဆေးသုံးသူတွေ၊ ဘိန်းဖြူစွဲသူတွေ သွားလာနေကြတယ်။ ပေါ်ပေါ်တင်တင်သုံးနေကြတယ်။ အုပ်ချုပ်ရေးပိုင်းက ဖမ်းဆီးတားမြစ်လည်း ခဏပဲရတယ်။ ပြီးတာနဲ့ ပြန်ပြီး ထင်ရာစိုင်းကြတာရှိတယ်။ အခုနောက်ပိုင်းမှာ အမျိုးသမီးတွေလည်း ပါဝင်သုံးစွဲမှုများလာတယ်”ဟု ရှမ်းကုန်းဈေးတွင် ရောင်းချသော ဆယ်ကျော်သက် သားသမီးများ၏ မိခင်တစ်ဦးက ပြောကြားသည်။

မူးယစ်ဆေးဝါးကို နယ်စပ်ဒေသမို့ အလွယ်တကူဝယ်ယူနိုင် . . . .

“မှော်ထဲဆိုပေမယ့် မိသားစုလိုက်စီးပွားရှာသူတွေရှိတော့ ကျောင်းသူကျောင်းသားတွေ အများကြီးရှိပါတယ်။ ဘော်ဒါဆောင်တွေလည်းရှိတယ်။ တက္ကသိုလ်ကျောင်းသားတွေလည်းရှိတယ်။ ရိုးရိုးသားသားကျောင်းသားတွေကို အတုမြင်အတတ်သင်စရာ မကောင်းမှုတွေကပေါများပါတယ်။ မူးယစ်ဆေးဝါးကို နယ်စပ်ဒေသမို့ အလွယ်တကူဝယ်ယူနိုင်တာကြောင့် မိဘတွေအနေနဲ့ အခြားဒေသကကလေးတွေထက် ကိုယ့်သားသမီးကို ပိုပြီးဂရုစိုက်ဖို့လိုအပ်ပါတယ်။ ဘိန်းဖြူရော၊ စိတ်ကြွရူးသွပ်ဆေးတွေကိုပါ ဖောဖောသီသီ ဝယ်ယူဖောက်ကားနေကြတဲ့အတွက် အခုလို နွေရာသီကလေးတွေ ကျောင်းပိတ်ထားချိန်မှာ ကျော်သက် သားသမီးများ၏ မိခင်တစ်ဦးက ပြောကြားသည်။

လူမျိုးစုံ၊ အတန်းအစားစုံ ရောက်ရှိကာ စီးပွားရှာလျက်ရှိနေသည့် မှော်တောအတွင်း တစ်ဝမ်းတစ်ခါးအတွက် ခက်ခဲကြမ်းတမ်းစွာ စီးပွားရှာဖွေရင်း မိမိတို့၏ ရင်နှစ်သည်းခြာ သားသမီးများအား လမ်းမှားသို့ မရောက်ရှိလိုသည့် စိတ်ပူပန်မှုများကို မှော်တောအတွင်းမှ မိဘများနှင့် ဆရာများခံစားနေရလျက်ရှိပြီး လူငယ်များ လမ်းမှားမရောက်ရှိစေရေး အုပ်ချုပ်သူ၊ မိဘနှင့် လူငယ်များကိုယ်တိုင်ပူးပေါင်းအဖြေရှာ ကာကွယ်သင့်နေပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

မောင်သင်းပျံ့

မူဆယ်ခရိုင် မူဆယ်မြို့တွင် နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့တံဆိပ်တော်များ ရရှိခဲ့ကြသည့် မူဆယ်မြို့မှ မဟာဝန်ကျောင်းတိုက်ဆရာတော်နှင့် စယ်လန့်ကျေးရွာ ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော်၊ မိုးကုတ်ဆရာတော်တို့အား ဂုဏ်ပြုပွဲကို မူဆယ်မြို့ မဟာဝန်ကျောင်းတိုက် လာဘမုနိဓမ္မာရုံတွင် မတ် ၁၉ ရက်ကကျင်းပခဲ့ရာ မူဆယ်ဒေသခံများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အယ်စိုး (ပြန်/ဆက်)

ရမည်းသင်းမြို့၌ သက်တမ်းတိုစပါးမျိုးများ စိုက်ပျိုးခြင်းဖြင့် ဆည်ကန်များမှ ရေကိုထိန်းသိမ်း

ရမည်းသင်း မတ် ၂၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာအနီးရှိ လယ်ကွင်းများအတွင်း ရေလိုအပ်မှုသက်သာသော စပါးမျိုးများ စိုက်ပျိုးခြင်း၊ ဆည်ကန်များမှ ရေကိုစနစ်တကျအသုံးပြုရေး၊ သက်တမ်းတိုသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများအတွက် လက်ငင်းအကျိုးခံစားရရှိပြီး ငွေဝင်လွယ်သည့်သီးနှံများကို ပြောင်းလဲစိုက်ပျိုးကြရန် မတ် ၁၉ ရက်က ဆည်ကြီးကျေးရွာအတွင်း တောင်သူများနှင့် ခရိုင်အုပ်ချုပ်ရေး၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးတာဝန်ရှိသူများတွေ့ဆုံစဉ် တာဝန်ရှိသူများက ပြောကြားသည်။

နွေစပါးသက်တမ်းတိုအထွက်တိုးပုလဲသွယ်စပ်မျိုးစပါးများကိုသာ စိုက်ပျိုးခြင်းဖြင့် ဆောလျင်စွာရိတ်သိမ်းနိုင်ပြီးဈေးကောင်းရခြင်း၊ မိုးစပါးအတွက် ထယ်ရေးပြင်ဆင်ချိန် လုံလောက်ခြင်းအပြင် ဆည်ကန်မှရေကို အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

ယခုနှစ် ကျီးနီကန်မှ ရေသိုလှောင်မှုကောင်း၍ နွေစပါး ဧက ၄၅၀ ကျော် စိုက်ပျိုးနိုင်ပြီး ဒေသခံတောင်သူများ စိတ်အေးချမ်းသာစွာဖြင့် လယ်ယာ၊ ကောက်ပဲသီးနှံ စိုက်ပျိုးရေးများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တောင်သူများထံမှ သိရှိရသည်။

တင်ဦး(ရမည်းသင်း)

ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများ ရွေးချယ်

ဟားခါး မတ် ၂၁

ယူနီဆက်ဖ်မှ ဦးဆောင်ကျင်းပသည့် ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအဆင့်သတ်မှတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၈ရက်မှ ၂၀ရက်အထိ ဟားခါးမြို့ မြို့တော်ခန်းမ၌ကျင်းပခဲ့သည်။ စိုက်ပျိုးရေးနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၊ စီမံကိန်းရလဒ်နှင့် လေ့လာမှုရလဒ်များ ဆွေးနွေးအဖြေရှာခဲ့ကြပြီး ချင်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးက အမှာစကားပြောကြားခဲ့သည်။ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာနှင့် ယူနီဆက်ဖ်မှတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြပြီး ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သတင်းတို

မြန်မာ၊ပအိုဝ်းဘာသာဖြင့် သန်းခေါင်စာရင်း ကောက်ယူရေး လှုံ့ဆော်

သန်းခေါင်စာရင်းဆိုင်ရာဆွေးနွေးပွဲကို တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ်ခွဲ နောင်ပစ်ကျေးရွာ၌ မတ် ၂၀ ရက်က ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး မြို့နယ်လဝက ဦးစီးမှူး ဦးသန်းထွန်းဦးက သန်းခေါင်စာရင်းကောက်ယူရေးနှင့် မေးမြန်းသော မေးခွန်းများကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုကြမှ လူဦးရေစာရင်းများမှန်ကန်ပြီး အနာဂတ်လူနေမှုဘဝ တိုးတက်မြင့်မားမည်ဖြစ်ကြောင်း ပြောကြားသည်။ မြို့နယ်နှင့်ကျေးရွာမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကောက်ကွက်အလိုက် စာရင်းစစ်၊ စာရင်းကောက်များကို တာဝန်ချထားသည်။ မြို့နယ်ပြန်/ဆက်ဦးစီးမှူးက သန်းခေါင်စာရင်း အကြောင်းသိကောင်းစရာများ ဟောပြောခဲ့ပြီး မြန်မာနှင့် ပအိုဝ်းဘာသာများဖြင့် ရိုက်နှိပ်သော သန်းခေါင်စာရင်းဆိုင်ရာ လက်ကမ်းစာစောင်များ ဝေငှခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆင်ဖြူကျွန်းမြို့ မဟာဝိသုတာရာမ ပရိယတ္တိစာသင်တိုက်ကြီး၏ စိန်ရတုသဘင်ပွဲနှင့် ပဓာနနာယကဆရာတော်ကြီး၏ သက်တော်(၉၀)ပြည့် မွေးနေ့အကြို နဝရတ်ရတု

အာစရိယပူဇော်ပွဲ

မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့၊ မဟာဝိသုတာရာမ ပရိယတ္တိစာသင်တိုက်ကြီး၏ (၇၅)နှစ်ပြည့် စိန်ရတုသဘင်ပွဲနှင့် ကျောင်းတိုက်၏ပဓာနနာယကနိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးဘဒ္ဒန္တပညာဇောတ(အဂ္ဂမဟာပဏ္ဍိတ)၏ သက်တော်(၉၀)ပြည့် မွေးနေ့အကြို နဝရတ်ရတု အာစရိယပူဇော်ပွဲကို ပူးတွဲလျက် (၁၃၇၆ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၂၊ ၁၃၊ ၁၄ ရက်) ၂၀၁၄ ခုနှစ် မေ ၂၆၊ ၂၇၊ ၂၈ ရက်များတွင် ကျင်းပမည်ဖြစ်ပါသည်။

ကျောင်းတိုက်အနွယ်ဝင် ဆရာတော်ကြီး၏ တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့အား ကြွရောက်နိုင်ရန်နှင့် အလှူငွေများ လှူဒါန်းနိုင်ရန် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

နာယကဆရာတော်များ ဖုန်း-၀၉-၄၃၀၅၈၂၉၅၊ ၀၆၃-၄၀၁၀၆၊ ၀၉-၄၀၁၅၇၃၀၈၉
ကျင်းပရေးကော်မတီ
မဟာဝိသုတာရာမ ပရိယတ္တိစာသင်တိုက်
ဆင်ဖြူကျွန်းမြို့

အများသိစေရန်ကြေညာချက်

လှည်းကူးမြို့နေ ဒေါက်တာချိုချိုအေး (ဘ-ဦးကြိုင်အေး၊ ကျောင်းဆရာ၊ငြိမ်း) လ/ထကထိက၊ မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် သည် ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းလမ်းမတန်း၊ အမှတ်(၁၂၂)နေဒေါက်တာမိုးအောင်(ဆရာမိုး Ph.D -မြန်မာစာ၊ ဒီမိုး) (ဘ-ဦးသိန်းဟန်၊ မြန်မာ့အသံ-ငြိမ်း) လ/ထကထိက၊ မြန်မာစာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်အား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် (၁၂-၃-၂၀၁၄)ရက်က မှတ်ပုံတင်အမှတ် ၄၃/၁၄ အရ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ဖြင့် ကွာရှင်းပြတ်စဲလိုက်ပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၁၂-၃-၂၀၁၄ရက်မှစ၍ ဒေါက်တာမိုးအောင်(ဆရာမိုး၊ Ph.D -မြန်မာစာ၊ ဒီမိုး)နှင့်ပတ်သက်သောကိစ္စရပ်များအားလုံးသည် ကျွန်မ ဒေါက်တာချိုချိုအေးနှင့် မည်သို့မှ မသက်ဆိုင်၊ မပတ်သက်ကြောင်းနှင့် မည်သည့်ကိစ္စကိုမှ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာချက်ဖြင့် ကြေညာလိုက်ပါသည်။ **ဒေါက်တာ ချိုချိုအေး (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)**

အမည်မှန်

ပုသိမ်မြို့၊ အမက (၉)၊ ဒုတိယတန်း(ဂ) မှ စောဟဲစယ်၏ အမည်မှန်မှာ စောဟဲစယ် သက်လှိုင် (ကျောင်းဝင်အမှတ်-၇၀၃၅) မွေးသက္ကရာဇ်မှာ ၂၄-၃-၂၀၀၆ရက်ဖြစ်ပြီး မိဘအမည်မှန်မှာ ဦးကျော်ဆန်းလှိုင်နှင့် နော်ချိုသက် တို့ဖြစ်ပါသည်။

အိမ်ရောင်းမည်

ဒဂုံအရှေ့(၆)ရပ်ကွက်၊ ပင်းယ(၁) လမ်း၊ မင်းရဲကျော်စွာကျောကပ် ပေ (၄၀×၆၀) ထောင့်ကွက် မြေပိုပါ ရေမီးစုံ။ **ဖုန်း-၀၉-၂၅၄၂၄၉၄၂၇**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၂၄/ဃ၄-က၊ ဧရိယာ ၀ ဒသမ ၂၈၅ဧကရှိ လန/၃၉ရပြီး B အမျိုးအစားမြေပိုင်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် ဧရိယာပေ (၇၃×၁၃၂)ခန့်၊ ၉၆၃၆ စတုရန်းပေခန့်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ ရှေးဟောင်းသုတေသနလမ်းသွယ်၊ အမှတ် ၃၂ Fဟုခေါ်တွင်သည့် ရေ၊ မီး၊အစုံ တစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနှင့်အဆောက်အအုံအား မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်အမှတ် ၃၃၈၁/၂၀၀၄ဖြင့် အမည်ပေါက်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
သင်းကြူစိုး LL.B., LL.M၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၅၆)
အမှတ် ၅၅၊ အခန်း ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၈၇၉၉၊ ၀၉-၅၀၁၆၃၅၂၊ ၀၉-၇၃၁၃၅၀၀၁

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉၄/၂၃၀၂ Farm Truck 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဆမ်မွန်း ၁၃/ကတန(နိုင်)၀၈၁၈၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊ ကျိုင်းတုံ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၁၁၈၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်မောင်အေး(ခ) စလူးသည် မိဘ၏ပြောဆိုဆုံးမမှုကို လက်မခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝ တာဝန်မယူပါ။

မိခင်-ဒေါ်ထွေး

Happy Birthday စုံစုံ

ဘိုးဘိုးကြီး မုံရွာဆရာမိုးရဲ့ တတိယမြောက် မြေးရတနာလေး မောင်မိုးပြည့်စုံဟိန်း(ခ) စုံစုံရဲ့ ၂၂-၃-၂၀၁၄ရက်တွင် ကျရောက်သော (၂)နှစ်ပြည့်မွေးနေ့ မင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၂၀ကျော်တိုင် ဘိုးဘိုး၊ ဖေဖေ၊ မေမေ၊ ကိုကိုတို့နဲ့အတူ တိုင်းပြည်အကျိုးဘာသာ၊ သာသနာအကျိုး သယ်ပိုးထမ်းဆောင်နိုင်သော သားကောင်းရတနာလေးဖြစ်ပြီး ကောင်းသောဆန္ဒများ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ဘိုးဘိုး - **မုံရွာဆရာမိုး**
ဖေဖေ - **ဗိုလ်မှူးဗိုလ်ကြီး ကျော်ကိုကိုရှိန်း**
မေမေ - **ဒေါ်မိုးပြည့်ပြည့်ဖြိုး**
ကိုကို - **မောင်ကျော်ကိုကိုဆက်နိုင် (GRADE -1 အောင်ဆန်းသူရိယလှသောင်းကျောင်းမင်္ဂလာဒုံ)၊**
မောင်သုဝေယံရှိန်း(ခ)သုသု
(BRAIN Champ Aplomp TOTAL Parami)

မေသက်၊ ဖေကြီး-မေကြီး၊ မေမော်၊ ဖေသော်-လေးပိုဆု၊ မေသင်း၊ တီလေး

ပုလဲရတုမင်္ဂလာဆုတောင်းလွှာ

၂၂-၃-၂၀၁၄ရက်တွင် ကျရောက်သော ဖေဖေ ဒုတိယဗိုလ်မှူးကြီး စံဌေး(ငြိမ်း)(ညွှန်ကြားရေးမှူး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန) မေမေ ဒေါ်ခင်မေရီထွန်း (အထပြ-ငြိမ်း)တို့၏ နှစ် (၃၀) မြောက်မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောသား၊ သမီးများနှင့်အတူ သာယာချမ်းမြေ့သောဘဝကို ကျန်းမာပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

သားကြီး-ဗိုလ်ကြီးရဲထက်စံ (BSc., D.S.A.,MSc)
သမီးကြီး-မခင်သီတာစံ (BCSc) Aerospace University of Korea
သမီးငယ်-မသင်းသီရိစံ (BCSc, MCSc Thesis)

အိမ်ငှားမည်

အင်းစိန်လမ်းသစ် လမ်းမကြီးပေါ်ရှိ မြေပေ (၅၀×၅၀) ပေါ်ရှိ နှစ်ထပ်တိုက်၊ Pro 1 Center အနီး၊ ကြမ်းခင်း၊ 1900 sqft ၊ ကြိုးဖုန်း၊ MBR.2,Hall-1, Aircon ပါ၊

ဖုန်း-၆၄၄၆၆၇၊
၀၉-၂၅၀၆၂၂၄၆၇

မဟာဗျူဟာကို စိတ်ဝင်စားသူတိုင်းအတွက်-
ကကြိုးစုံတဲ့
မဟာဗျူဟာ
မင်းလွင်ထူး(မန္တလေးဆောင်)
ရှီးမရိပ်စာပေ-၀၉ ၇၃၀၈၁၉၃၈၊ ၀၉ ၃၆၀၁၄၃၂၀

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် (၉)၊ ဧရိယာ ပေ(၄၀×၆၀)ရှိ အမှတ် (၉)၊ ရာဇာဓိရာဇ်လမ်း၊ (၄၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်များသည် ဒေါ်နုနုလွင် ၁၂/ရပသ(နိုင်)၀၂၈၄၄၅အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်နုနုလွင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၀၈၂/၂၀၁၃ အရ ဒေါ်မိုးမိုးထွန်း ၁၃/တကန(နိုင်)၀၀၃၂၇၄က အထူးကိုယ်စားလှယ်လွှဲစာရယူထားပါသည်။ ဒေါ်မိုးမိုးထွန်းနှင့် ဦးသိမ်းဇော်ဝင်း ၁၂/မဂဒ(နိုင်)၀၈၇၁၁၁ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc, D.A, R.L (စဉ်-၁၀၃၆)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၁၀၁၇၄

ဦးအောင်သန်း AA-၀၅၄၀၁၆သိစေရန် အသိပေးနှိုးဆော်အကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၇၄၁နေ ဦးသိန်းငွေ၏ လွှဲအပ်ညွှန်ကြားချက်အရ ယခင်ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၁၄၂တွင် နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ) ဦးအောင်သန်း AA-၀၅၄၀၁၆သိနိုင်စေရန် သတိပေးနှိုးဆော် အကြောင်းကြားပါသည်။

လူကြီးမင်းအမည်ပေါက်ပိုင်ဆိုင်သည့် ဂရန်မြေနှင့်အိမ်ကို ဦးသိန်းငွေသို့ ရောင်းချခဲ့ရာ မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ဆိုပေးရန်အတွက် ယနေ့သတင်းစာ၌ ကြော်ငြာပါရှိသည့်ရက်မှ ၄ါးရက်အတွင်း အမြန်လာရောက်ဆက်သွယ်၍ ကူညီဆောင်ရွက်ပေးပါရန် သတိပေးနှိုးဆော်အကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရည်နိုင်ထွန်း	**ဒေါ်မျိုးမမခင်**	**ဦးအေးမြင့်ငြိမ်း**
(စဉ်-၃၁၈၂၆)	**(စဉ်-၃၆၅၄၉)**	**(စဉ်-၄၃၆၈၀)**
ဖုန်း-၀၉-၄၂၁၀၈၈၉၀၄	**ဖုန်း-၀၉-၃၁၂၆၄၄၃၉**	**ဖုန်း-၀၉-၃၀၂၆၄၃၂၆**

အထက်တန်းရှေ့နေများ
အမှတ် ၁၃၇၉/က၊ ရွှေယင်းမာ ၃လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (ပေါက်တောတိုးချဲ့)၊ မြေကွက် အမှတ် ၁၂၈၊ မြေကွက်တည်နေရာအမှတ် ၁၂၈၊ လမ်းသွယ် (၄)၊ အင်းစိန်မြို့နယ်၊ ဒေါ်မာမာသင်း အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မာမာသင်း ၁၂/အစန(နိုင်)၀၇၆၀၉၇ က နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၁၊ မြေကွက်အမှတ်၂၄၊ မြေကွက်တည်နေရာအမှတ် ၂၄၊ ပြည်ထောင်စုလမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာ ဒေါ်သောင်းသောင်းမြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်သောင်းသောင်းမြင့် ၁၂/မဘန(နိုင်) ၀၂၁၂၂၉ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၃/သမိုင်း)၊ မြေကွက်အမှတ် (၈/က၁၀)၊ မြေကွက်တည်နေရာအမှတ် ၂၇၊ ရွှေနှင်းဆီကျောင်းလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးရဲမြင့်-ဒေါ်ညိုညိုလှိုင်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးရဲမြင့် (၄-၁၀-၂၀၁၁) ကွယ်လွန်သဖြင့် ဒေါ်ညိုညိုလှိုင် ၁၂/မဂဒ (နိုင်)၀၃၄၆၃၄ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်ဦးဝင်းနိုင် ၁၂/သဃက(နိုင်) ၁၃၂၇၀၇မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်တော်၏သမီးအရင်းဖြစ်သူ မစန်းစန်းကြည် ၁၂/သဃက(နိုင်)၁၂၄၉၄၄သည် ဥစ္စာခိုးကြောင့် ဖခင်အိုကြီးအား ရန်သူသဖွယ်အကြိမ်ကြိမ်ဆက်ဆံနေပါသည်။ ထို့ကြောင့် သွားနုတ္တသမီးအဖြစ် ကြေညာကာ ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

ဦးဝင်းနိုင်
၁၂/သဃက(နိုင်)၁၃၂၇၀၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၆၊ မြေကွက်အမှတ် ၁၀၅၈၊ အကျယ်ပေ (၄၀×၆၀)၊ ပါမစ်မြေပေါ်ရှိ အမှတ် -၁၀၅၈၊ မြဝတီမင်းကြီးလမ်း၊ (၁၀၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးဝင်းမောင် ၁၂/ဗတထ(နိုင်) ၀၁၄၆၆၅ အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၄င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဒေါ်တင်တင်နွဲ့ PBDN -၀၀၄၁၂၅မှ ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကောင်းမြတ်ဇော်	**ဦးဟိန်းသူကောင်း**
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)	**အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)**

အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

၁၅-၃-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဒေါ်ရင်နု ၁၂/လမန(နိုင်)၀၄၄၃၁၆၏ ကြေညာချက်အပေါ်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/က၊ မြေကွက်အမှတ် ၅၇ရှိ အိမ်ခြံမြေအဆောက်အအုံကို ဒေါ်ရင်နုမှ ဒေါ်မြင့်မေအား ၁၀-၈-၂၀၀၉ ရက်၌ အသိသက်သေများရှေ့တွင် တရားဝင်အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး ဒေါ်မြင့်မေထံမှ ငွေများရယူကာ ၄င်းအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအထောက်အထားမူရင်းအားလုံးကို အပြီးအပိုင်လွှဲအပ်ရောင်းချ၍ အထူးကိုယ်စားလှယ်လွှဲစာကို ၁၁-၈-၂၀၀၉ ရက်တွင် စာချုပ်စာတမ်းရုံး၌ ဒေါ်ရင်နုကိုယ်တိုင်ပြုလုပ်ပေးခဲ့ပါသည်။ ဒေါ်ရင်နုသည် အရောင်းအဝယ်အတွက် လိုအပ်ချက်များကို တရားဝင်ကိုယ်တိုင်ဆောင်ရွက်ရောင်းချလွှဲအပ်ပြီးခဲ့သော်လည်း မသမာသောစိတ်ထားဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် အထူးကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်းအား လက်မခံကန့်ကွက်ပါကြောင်းဒေါ်ရင်နုနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင့်မေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းဟန်(စဉ်-၅၇၁၁)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၈၀၀၊ (၁၉)ရပ်ကွက်၊ စည်ပင်လမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

အများသိစေရန်

ကျွန်တော်၏ ဇနီးနှင့်သမီးသုံးယောက်တို့သည် ယနေ့ထက်တိုင် အိမ်ထောင်စုလူဦးရေစာရင်း တစ်ခုအတွင်းသာ ရှိနေခဲ့ကြပြီး ထိုအခြေအနေမှ သီးခြားအိမ်ထောင်စုစာရင်းခွဲထုတ်ခြင်း၊ နေရာပြောင်းလွှဲခြင်းများလည်း မပြုခဲ့သလို ကျွန်တော်၏ဇနီးဒေါ်ညွှန့်ညွှန့်အောင်နှင့်လည်း ယနေ့တိုင် တရားဝင်ကွာရှင်းပြတ်စဲခြင်းလည်းမရှိခဲ့ပါ။ နောင်တွင်လည်း ထိုသို့တရားဝင်ပြတ်စဲရန်ဆန္ဒလည်း ကျွန်တော်ဦးအောင်ကြည်တွင်လုံးဝမရှိပါ။ ထိုသို့သီးခြားခွဲခွာနေသောအခြေအနေတွင် ကျွန်တော်နှင့်အဆက်အသွယ်မပြတ်အသွားအလာရှိနေသည့်မိသားစုနှင့် ကျွန်တော်၏ အကြားတွင် တစ်စုံတစ်ရာအဆင်မပြေထိခိုက်နစ်နာစရာအကြောင်းကိစ္စတစ်ခုခုကို ရည်ရွယ်ချက်ရှိရှိဖြင့် လှုံ့ဆော်ခြင်းဖြစ်စေ၊ ပူးပေါင်းကြံစည်ခြင်းကြောင့်ဖြစ်စေ၊ အားပေးကူညီမှု ဖြစ်မြောက်အောင် ကူပံ့ခြင်းဖြစ်စေ၊ မည်သူမျှ မပြုလုပ်ကြပါရန် အများသိအောင် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ကြည်
၁၂/လမတ(နိုင်)၀၀၅၃၆၄

Sandi Mining Company Limited
(စန္ဒီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်) ၏
ဆက်နွှယ်ပတ်သက်သူများအားလုံးနှင့် အများသိစေရန်ကြေညာချက်

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးအရှေ့ဝါယာလက် ၃ လမ်း၊ အမှတ် ၃၉၃နေသူ ဒေါ်ချိုချို၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

စန္ဒီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၄၅/၂၀၀၂-၂၀၀၃ ဖြင့် ၂၆-၈-၂၀၀၂ ရက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ မှတ်ပုံတင်ခဲ့သည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

ထိုသို့မှတ်ပုံတင်ထားရာတွင် ဦးလွှမ်းဟောင်(အုပ်ချုပ်မှုဒါရိုက်တာ)နှင့် ဦးလှမောင်(ဒါရိုက်တာ)တို့မှာ ဒါရိုက်တာစာရင်းတွင် ပါဝင်သူများဖြစ်ခဲ့ကြပါသည်။

ဦးလွှမ်းဟောင်(မန်နေဂျင်းဒါရိုက်တာ)နှင့် ဦးလှမောင်(ဒါရိုက်တာ)တို့က ကျွန်ုပ်မိတ်ဆွေ ဒေါ်ချိုချိုအား ခဲသတ္တုရိုင်းတန်ချိန် ၇၅၀ကို ကုမ္ပဏီက ထုတ်လုပ်ရောင်းချခွင့်ပြုမိန့်ရရှိထားကြောင်း ခဲသတ္တုရိုင်းလုပ်ကွက်နှင့် ရောင်းချပါမစ်ရရှိထားကြောင်း ငွေကျပ် ၂၂၀၀ ထည့်ဝင်လုပ်ကိုင်လျှင် ကုမ္ပဏီအား လွှဲပြောင်းပေးမည်ဖြစ်ကြောင်း-

စရန်ငွေသိန်း၂၀၀လွှဲပြောင်းပေးစေလိုကြောင်း-

ငွေကျပ်သိန်း ၂၀၀၀ ထပ်မံပေးပါက မန်နေဂျင်းဒါရိုက်တာအဖြစ် လွှဲပြောင်းလုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း-

သတ္တုတွင်းဝန်ကြီးဌာနမှ လုပ်ကွက်သက်တမ်းတိုးခွင့်ပြုမိန့်ကျလာသည့်အခါ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ပြန်လည်မရုပ်သိမ်းနိုင်သော အထူးကိုယ်စားလှယ်စာလွှဲအပ်ပေးမည်ဖြစ်ကြောင်း စသည့်အကြောင်းပြချက်တို့နှင့် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေဒေါ်ချိုချိုက ယုံကြည်လက်ခံပြီး ၁၈-၃-၂၀၀၈ ရက်တွင် စာချုပ်ပြုလုပ်၍ ငွေကျပ်သိန်း ၂၀၀ကို ပေးအပ်ရာ ဦးလွှမ်းဟောင်နှင့်ဦးလှမောင်တို့က အသိသက်သေများရှေ့မှောက်တွင် ရယူသွားခဲ့ပါသည်။

၂၀၀၈ ခုနှစ် မတ်လမှစ၍ စက်တင်ဘာလအထိ ကျွန်ုပ်မိတ်ဆွေဒေါ်ချိုချိုက ဦးလွှမ်းဟောင်နှင့် ဦးလှမောင်တို့ထံ **ကုမ္ပဏီအား လွှဲပြောင်းရရှိမည်ဆိုသော ယုံကြည်ချက်ဖြင့်** ဝန်ထမ်းစရိတ်၊ စက်ယန္တရားဝယ်ယူစရိတ်စသည်တို့အတွက် ငွေအကြိမ်ကြိမ်လွှဲအပ်ပေးပို့ရာ စုစုပေါင်းငွေကျပ် ၂၇၈သိန်းကိုလည်း ဦးလွှမ်းဟောင်နှင့် ဦးလှမောင်တို့က ရယူထားခဲ့ကြပါသည်။

ထို့ပြင် ကျွန်ုပ်မိတ်ဆွေဒေါ်ချိုချိုမှ အကုန်အကျခံကာ တူးဖော်ထားသည့် ခဲရိုင်းတန်ချိန် ၂၀၀ကိုလည်း ဦးလွှမ်းဟောင်နှင့် ဦးလှမောင်တို့က ရောင်းချရယူခဲ့ပြီး ဒေါ်ချိုချို၏ စိုက်ထုတ်ငွေ သိန်း ၈၀နှင့်တကွ ခဲရိုင်းတန်ချိန် ၂၀၀အတွက် ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၆၀၀ စုစုပေါင်းကျပ်သိန်း ၆၈၀ခန့် နစ်နာဆုံးရှုံးခဲ့ရပြန်ပါသည်။

အခြားကုန်ကျမှုများအပါအဝင် ကျွန်ုပ်မိတ်ဆွေ ဒေါ်ချိုချိုတွင် စုစုပေါင်းငွေကျပ်သိန်း ၁၃၀၀ ခန့်နစ်နာဆုံးရှုံးစေခဲ့ပါသည်။

ဦးလွှမ်းဟောင်နှင့် ဦးလှမောင်တို့က တစ်ဖက်တွင် ဒေါ်ချိုချိုကို ယုံကြည်အောင်ပြောပြီး စရန်ငွေအကြိမ်ကြိမ်ပို့ငွေနှင့်တကွ ဒေါ်ချိုချိုပိုင် ခဲရိုင်းတန်ချိန် ၂၀၀ကို ရောင်းချရယူခဲ့ကြသော်လည်း ဒေါ်ချိုချိုနှင့်ထားရှိသည့် ကတိကဝတ်များကို ဖောက်ဖျက်ကြပြီး-

၁၁-၉-၂၀၀၈ရက်တွင် ဦးလွှမ်းဟောင်နှင့် ဦးလှမောင်တို့က ဦးကျန်ကျားမို(ခ)ဦးအောင်မြင့်ဆိုသူနှင့် လုပ်ပိုင်ခွင့်များအတွက် **အကြိုညှိနှိုင်းနားလည်မှုစာလွှာကို** ပြုလုပ်ခဲ့ကြကြောင်း ဒေါ်ချိုချိုနောက်ပိုင်းမှ သိလာရကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ထိုသို့ ဒေါ်ချိုချိုအား ယုံကြည်ရန်ပြောဆိုပြီး ငွေများ၊ အကျိုးခံစားခွင့်များကို ရယူထားသူ ဦးလွှမ်းဟောင်နှင့် ဦးလှမောင်တို့က ဒေါ်ချိုချိုအားအသိမပေးဘဲ ဦးကျန်ကျားမို(ခ) ဦးအောင်မြင့်အား လွှဲပြောင်းပေးခဲ့ကြောင်း သိလာရသဖြင့် ဦးလွှမ်းဟောင်၊ ဦးလှမောင်နှင့်ဒေါ်ချိုချိုတို့ ကြားပေးရန် ရရန်ငွေကြေးများကို ညှိနှိုင်းခဲ့ရပါသည်။

ထိုသို့ညှိနှိုင်းရာတွင် ဦးကျန်ကျားမို(ခ)ဦးအောင်မြင့်ကိုယ်တိုင်ပါဝင်သဖြင့် အဖြစ်မှန်များကိုလည်း သိရှိနေသူတစ်ဦးဖြစ်ပါသည်။

ထို့ပြင် ဦးလွှမ်းဟောင်နှင့် ဦးလှမောင်တို့က ဒေါ်ချိုချိုနှင့် အစုရှယ်ယာများ လွှဲပြောင်းလုပ်ပိုင်ခွင့်အတွက် စရန်ပေးစာချုပ်ပြုလုပ်ထားကြောင်း ဦးကျန်ကျားမို(ခ)ဦးအောင်မြင့် သိရှိနေပါသည်။

နောက်ပိုင်းတွင် ဦးကျန်ကျားမို(ခ)ဦးအောင်မြင့်ကဒေါ်ချိုချိုနှင့်ပတ်သက်၍ မိမိသိရှိနေပါလျက်-

ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာအဖြစ် မိမိကိုယ်မိမိဖော်ပြ၍ ဦးလွှမ်းဟောင်နှင့်ဦးလှမောင်တို့ကို ဒါရိုက်တာများအဖြစ် သက်ဆိုင်ရာဌာနကိုတင်ပြပြီး ကုမ္ပဏီကို ဦးဆောင်ရယူသွားခဲ့ပါသည်။

ထို့ကြောင့် **စန္ဒီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏** မန်နေဂျင်းဒါရိုက်တာ ဦးလွှမ်းဟောင်နှင့် ဦးလှမောင်တို့က ကျွန်ုပ်မိတ်ဆွေ ဒေါ်ချိုချိုထံမှ ငွေကြေးများကို ယုံကြည်ရန်ပြောဆိုရယူ၍ ကတိကဝတ်ဖောက်ဖျက်ကာ ဦးကျန်ကျားမို(ခ)ဦးအောင်မြင့်အား လွှဲပြောင်းပေးခဲ့ခြင်းနှင့် ဒေါ်ချိုချို၏ နစ်နာမှုများကို သိရှိနေပါလျက် ဦးလွှမ်းဟောင်၊ ဦးလှမောင်တို့နှင့် ပူးပေါင်းကာ **စန္ဒီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ကို** ရယူသွားသူ ဦးကျန်ကျားမို(ခ) ဦးအောင်မြင့်တို့ကြောင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ချိုချိုတွင် ငွေကျပ်သိန်း ၁၃၀၀ ခန့် နစ်နာဆုံးရှုံးလျက်ရှိပါသည်။

ထို့ကြောင့် ယနေ့မှစ၍ ၁၀ ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ၊ လူကြီးမင်းတို့သုံးဦးစလုံးက တွေ့ဆုံ၍ ဒေါ်ချိုချို၏ နစ်နာဆုံးရှုံးမှုများကို ညှိနှိုင်းပေးအပ်ရန် တာဝန်ရှိကြောင်း ကြေညာအပ်ပါသည်။

အကယ်၍ ပျက်ကွက်ပါက လူပုဂ္ဂိုလ်များကိုသော်လည်းကောင်း၊ စန္ဒီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ကိုလည်းကောင်း၊ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း ကာယကံရှင်များနှင့်အများသိစေရန် ထပ်ဆင့်ကြေညာအပ်ပါသည်။

ဒေါ်ချိုချို၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဆွေဦး	**ဒေါ်သဲစုမွန်**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် ၁၂၆၊ ပထမထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

နှိုးဆော်တိုက်တွန်းအပ်ပါသည်

စိတ်ဖိစီးမှု ကိလေသာအခိုးမထွက်သော **မီးကို** တရားရေအေးဖြင့် ငြိမ်းအေးစေရန် **ဖော့ကန် ဝါဥုးပရိယတ္တိစာသင်တိုက်မှာ** သင်္ကြန် ခုနစ်ရက်တရားအားထုတ်၍ ဘဝ၏အနှစ်ကို ရယူပါ။ ၁၁-၄-၂၀၁၄ရက် (သောကြာနေ့) ၆း၀၀ နာရီ စခန်းဝင်ရမည်။

လမ်းညွှန် - ရွှေပြည်သာသွား ကားလိုင်းတိုင်းရောက်ပါသည်။ ဖော့ကန်ဈေးမှတ်တိုင်ဆင်းပါ။

ဖုန်း-၀၁-၆၄၅၆၉၆၊ ၀၉-၄၂၀၀၂၉၁၅၁

ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ

(၁၉၈၄-၂၀၀၄ ပညာသင်နှစ်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) ယခင် အလက အောင်မြေယာ ကျောင်း၊ ယခု အလက (၄) ဒဂုံအရှေ့တွင် ပညာသင်ကြားပေးခဲ့သော ဆရာကြီးနှင့် ဆရာ ဆရာမများအား အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြား အပ်ပါသည်။

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

နေ့ရက် - ၂၀၁၄ခုနှစ် မတ်လ ၃၀ ရက် တနင်္ဂနွေ
အချိန် - နံနက် ၉ နာရီမှ ၁၂ နာရီထိ
နေရာ - အလက(၄)၊ ဒဂုံ(အရှေ့)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကမာရွတ်မြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃

ဒေါ်ကြည်ကြည်စိန် **နှင့်** ၁။ ဦးသိုက်ဝင်း ၃။ ဒေါ်သန်းသန်း
၂။ ဒေါ်ကျင်ရှု ၄။ ဒေါ်တင်ရီ

တရားလို **တရားပြိုင်များ**

ယခင်ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ထန်းတပင်အနောက်ပိုင်းလမ်း၊အမှတ် ၅၄(က) (ယခုနေရပ်လိပ်စာမသိသူများ)နေ (၁)ဦးသိုက်ဝင်း၊ (၂)ဒေါ်ကျင်ရှု၊ (၃)ဒေါ်သန်းသန်း၊ (၄)ဒေါ်တင်ရီတို့သိစေရမည်။

သင့်အပေါ်၌ ဒေါ်ကြည်ကြည်စိန်က ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဧပြီ ၉ရက်(၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက် ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

(ရည်ရည်မွန်)
ဒုတိယမြို့နယ်တရားသူကြီး
ကမာရွတ်မြို့နယ်တရားရုံး

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ထားဝယ်ခရိုင်တရားမရုံး၌
၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁
ကွယ်လွန်သူ ဒေါ်မေမေဝင်း၌ကျန်ရှိရစ်သောပစ္စည်းအကြောင်း

အမှတ် ၁၆၅၊ ပေ ၅၀လမ်း၊ ကရပ်ပြင်တောင်ရပ်၊ ထားဝယ်မြို့နေ ဦးစံရှိန်က ကွယ်လွန်သူ ဒေါ်မေမေဝင်း၏ အနီးစပ်ဆုံးဆွေမျိုးအစ်ကိုဖြစ်သည်ဟူ၍ အမှတ် ၁၆၅၊ ပေ ၅၀လမ်း၊ ကရပ်ပြင်တောင်ရပ်၊ ထားဝယ်မြို့နေ ၎င်းကွယ်လွန်သူ ဒေါ်မေမေဝင်းမှာ ကျန်ရှိ ရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံ လက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည် ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်မေမေဝင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဧပြီ ၂၄ရက် (၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော်၁၀ရက်) တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးစံရှိန်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် မတ် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိန်းဝင်း)
ဒုတိယခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း ၁ လမ်း၊ အမှတ် ၄၃(B)၊ ခြေရင်းခန်း/မြေညီထပ်၊ အကျယ်အဝန်း (၁၁.၅×၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသည့်ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူလက်ရောက်ရရှိ ထားသူ ဦးမင်းရာဇာစိုးဝင်း ၉/ပသက(နိုင်)၀၇၆၂၁၅က အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားဖြင့် ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက် အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဝယ်သူ၏ညွှန်ကြားချက်အရ-
ဒေါ်ပပခင် LL.B (စဉ်-၇၂၀၄) တရားလွှတ်တော်ရှေ့နေ
အမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၅၅၂/ခ၊ မြေကွက်တည်နေရာအမှတ် ၅၅၂/ခ၊ လမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်အေးမြင့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအားအမည်ပေါက် ဒေါ်အေးမြင့် S/OKA-၀၅၄၅၇၁က ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ မြို့နယ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ ၆၃ လမ်း၊ ၄၁×၄၂လမ်းကြား၊ အမှတ် န-၅/၅၄၊ မဟာမြိုင် အပိုင်း(၂)နေ ဒေါ်ကြည်ကြည်၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာတင့်တင့် (ဒုတိယပါမောက္ခချုပ်၊ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်)၏ချစ်လှစွာသောဖခင် ဦးအောင်ကြီး အသက်(၈၆)နှစ် (ကထိက-ငြိမ်း၊ သချ်ာဌာန၊ မန္တလေးတက္ကသိုလ်) သည် ၁၈-၃-၂၀၁၄ ရက်(အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မိသားစု

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ချမ်းအေးသာစံမြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၆

ဒေါ်ခင်လေး **နှင့်** ၁။ ဦးမြင့်ဝင်း
၂။ ဒေါ်တင်ဝင်း
၃။ မောင်ဝေဖြိုး

တရားလို **တရားပြိုင်များ**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ကျော်ဇေယျာကျေးရွာ၊ မာလဲတောကျေးရွာအုပ်စု နေ ဦးမြင့်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကစာတ်မြေသြဇာအိတ် ၁၂၉အိတ်၊ တန်ဖိုးငွေ ၂၉၆၇၀၀၀/- (ကျပ်နှစ်ဆယ့်ကိုးသိန်းခြောက်သောင်းခုနစ်ထောင်တိတိ) ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိ သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေ နှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဧပြီ ၁ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထု ချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယင်းမာ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ချမ်းအေးသာစံမြို့နယ်တရားရုံး

(၁)လပြည့် လွမ်းဆွတ်သတိရခြင်း

ကွယ်လွန်သူဖခင်ကြီး ဦးမြင့်စိန်(ခရမ်း)အား ရည်စူး၍ ၁၉-၃-၂၀၁၄ ရက်တွင် ခရမ်းနေအိမ်၌ ပြုလုပ်ခဲ့သော အလှူဒါနနှင့်တကွ နေ့စဉ် နေ့တိုင်း ပြုခဲ့သမျှ ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါသည်။ အေးချမ်းမြင့်မြတ် သော ဘုံဘဝမှ ရရှိခံစားပြီး သာဓုခေါ်နိုင်ပါစေ။

အမျှ အမျှ အမျှ ပေးဝေပါတယ်

ကျန်ရစ်သူဇနီး ဒေါ်စိန်ရီ
ကိုကောင်းမြတ်တင်စိုး-မနှင်းအိဖြူ
ကိုပြည့်ဖြိုးကျော်၊ ကိုအောင်သက်ဇော်-မစုမွန်ရီ၊
ဒေါက်တာစည်သူရ၊ ဒေါက်တာအောင်ခန့်သူ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၃၉၇၊ မြေကွက်တည်နေရာအမှတ် ၃၉၇၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက် ဦးကျော်မြင့် CI-၀၀၀၄၈၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်မြင့်နှင့် ဇနီး ဒေါ်ခင်သန်းနွယ် ကွယ်လွန်သဖြင့် ဒေါ်ပြုံးသက်နွယ် ၁၂/ရကန(နိုင်)၀၅၆၁၆၆က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ဒီ၊ မြေကွက်အမှတ် ၄၇ဒီ/၁အေ၊ မြေကွက် တည်နေရာအမှတ် ၉၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ (J.W Darwood) အမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေ)အား ပြည်ထဲရေးဝန်ကြီးဌာန၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာစိစစ်ရေးအဖွဲ့ ၁၆-၉-၂၀၁၃ရက်စွဲပါစာအမှတ် -၂၀၀/၂-၁၄၃/ ရေး ၃(၉၃၆)အကြောင်းကြားစာအရ ဦးဖုးဇနီး ဒေါ်ခင်မြင့်မြင့်ဖုး၊ ဦးမြင့်ဖုး(သား)တို့အသီးသီး ကွယ်လွန်သဖြင့် ဦးလှမြင့်ဖုး ၁၂/ရကန(နိုင်)၀၂၅၇၂၁၊ ဒေါ်မိမိမြင့်ဖုး ၁၂/မရက(နိုင်)၁၂၆၃၂၅ တို့က သားသမီးတော်စပ်ကြောင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ကတိသစ္စာပြုလွှာ စာချုပ်အမှတ် -၁၂၈၉၁/၁၄-၁၁-၂၀၁၃၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ကတိသစ္စာ ပြုလွှာစာချုပ်အမှတ် ၁၂၁၈၉/၂၉-၁၀-၂၀၁၃၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ အမွေစားအမွေခံကတ္တိမ သားသမီးအဖြစ် မွေးစားစာချုပ်အမှတ် ၄/၆-၁-၁၉၇၁၊ ဦးဖုးသေစာရင်းမိတ္တူ၊ ဒေါ်ခင်မြင့်မြင့် ဖုးသေစာရင်းမိတ္တူ၊ J.W.Darwood နှင့် ဦးဖုးတို့၏ အရပ်ကတိအရောင်းအဝယ်စာချုပ်မိတ္တူ၊ ဦးဖုးထံမှ အထူးကိုယ်စားလှယ်လွှဲပြောင်းခန့်အပ်ခြင်းစာချုပ်အမှတ် -၄၄၀/၂၆-၅-၁၉၇၆တို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်

အေးသာယာမြို့၊ အကွက်အမှတ် ၅၃၊ မြေကွက်အမှတ် ၃၉၊ ဧရိယာ ၀ဒသမ ၁၂၆ဧကရှိ ဦးခင်မောင်မြင့်အမည်ပေါက်မြေကွက်အား ဒေါ်ခင်လှလှမှဝယ်ယူခဲ့ပါသည်။ ၎င်းမြေကွက်အား ဒေါ်ခင်လှလှထံမှ ကျွန်တော်ဦးတင်ဝင်း ၉/မကန(နိုင်)၀၂၁၆၈၅က ၈-၄-၂၀၀၉ရက်တွင် ပြန်လည်ဝယ်ယူထားပြီးဖြစ်ပါ၍ ၎င်းမြေကွက်အား ကျွန်တော် ဦးတင်ဝင်းတစ်ဦးတည်းသာ ပိုင်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးတင်ဝင်း
အမှတ် ၁၀၂၊ အရှေ့မြို့ပတ်လမ်း၊ ညောင်ရွှေဟော်ကုန်းရပ်၊ တောင်ကြီးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ ဒီ၊ မြေကွက်အမှတ် ၃၈-၅-ဒီ၊ မြေကွက်တည်နေရာအမှတ် ၁၀/ခ၊ တင့်ဆန်းလမ်း၊ ဗဟန်းမြို့နယ်(ဒေါက်တာ ဒေါ်ခင်သန်းညွန့်)အမည်ပေါက်ဂရန်ရှိ မြေပိုင် မြေအား အမည်ပေါက် (မိခင်)ဒေါက်တာ ဒေါ်ခင်သန်းညွန့်နှင့် (ဖခင်) ဦးခင်မောင် သော်တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်ဦးမေ ၁၂/လရန(နိုင်)၀၃၀၁၃၇၊ ဦးညွန့်သော် ၁၂/ဒဂန(နိုင်)၀၂၀၈၅၄၊ ဒေါ်ခင်သူအေး ၁၂/ဒဂန(နိုင်)၀၀၇၆၁၂၊ ဒေါ်ခင်မျိုးသွဲ့ ၁၂/ဒဂန(နိုင်)၀၀၇၆၁၃၊ ဒေါ်ခင်နှောင်းအိ ၁၂/ဒဂန(နိုင်)၀၀၉၉၃၈ တို့က သားသမီး အရင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၈B၊မြေကွက်အမှတ် ၁၀၊ မြေကွက် တည်နေရာအမှတ်-၇၊ ရန်ပြီလမ်း၊ စမ်းချောင်း မြို့နယ် ဦးမောင်ငွေ၊ ဒေါ်တင်အေးအမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးမောင်ငွေ ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ကျန်အမည်ပေါက် ဒေါ်တင်အေး ၁၂/စခန(နိုင်)၀၃၉၆၁၉က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းထံမှ ဒေါ်ရင်ရင်နု ၁၂/စခန(နိုင်)၀၄၀၆၅၃ GP-၄၅၁၃/၁၄ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ပါဝါ ရုပ်သိမ်းခြင်းမရှိကြောင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ် ရန်မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက် အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၉၊ မြေကွက်အမှတ် ၁၁၅၊ မြေကွက်တည်နေရာအမှတ်-၁၁၅၊ (၂၉) ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် အမည်ပေါက် ဦးအေးကို CG-၀၆၀၇၀၂ နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဦးအေးကိုထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၂၄၄/၀၉ (၁၄-၈-၂၀၀၉)ဖြင့် ကိုယ်စား လှယ်လွှဲစာရရှိသူ ဒေါ်စမ်းစမ်းမာ ၁၂/ ဥကတ(နိုင်)၀၀၅၉၈၁မှပါဝါပေးသူ သက်ရှိ ထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်း ခြင်း မရှိကြောင်းနှင့် ၂၀၀၉ခုနှစ် အရောင်း အဝယ်မြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန် လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက် အမှတ် ၆၂၉၊ မြေကွက်တည်နေရာအမှတ် ၆၂၉၊ ၃၆ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမည်ပေါက် ဒေါ်ခင်စောရွှေ ၁၂/ ကတတ(နိုင်)၀၁၂၆၄၁ နှစ် ၆၀ ဂရန်မြေ အား အမည်ပေါက်ဒေါ်ခင်စောရွှေ တရားရုံး ကိုယ်စားဘိလစ်ဒေါ်နှင်းဝင့်ဝင့်ဖြူ ၈/ဆဖန (နိုင်)၀၅၁၂၄၃က ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတရားမကြီးအမှု ၅၈၂/၁၃ (၃၀- ၁၂-၁၃)နှင့် ဇာရီမှုအမှတ် ၄/၁၄(၁၄-၁- ၁၄) တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၀၊ မြေကွက်အမှတ် ၃၁/၂-က၊ ဧရိယာ ၀ ဒသမ ၀၅၀၆ဧက၊ မြေကွက်တည် နေရာအမှတ် ၆၊ မြဇေယျာလမ်းသွယ်၊ အမှတ်(၃)ရပ်ကွက်၊ မြေပိုင်မြေ၊ အမည်ပေါက် ဦးကျော်သိန်းမြေအား အမည်ပေါက်ဦးကျော် သိန်းထံမှ ဧရိယာ ၀ ဒသမ ၀၅၀၆ဧက၏ portion (၂၅×၅၀)ပေကို မှတ်ပုံတင်စာချုပ် အမှတ် ၇၈၃/၁၅-၁၀-၇၁ ဖြင့် ဝယ်ယူခဲ့သူ ဦးဘညိမ်း၊ ဇနီးဖြစ်သူ ဒေါ်ခင်အုန်းမြင့်(ခ) ဒေါ်ဝိုင်းတို့ ကွယ်လွန်သဖြင့် ဒေါ်တင်ရီ ၁၄/မမက(နိုင်)၂၉၀၉၇၆၊ ဒေါ်သန်းသန်းမြင့် ၁၄/မမက(နိုင်)၂၆၄၄၁၇နှင့် ကျန် portion ပိုင်ဆိုင်သူ အမည်ပေါက် ဦးကျော်သိန်းနှင့် ဇနီးဒေါ်အေးကြွယ်တို့ကွယ်လွန်သဖြင့် တစ်ဦး တည်းသောသမီး ဒေါ်ခင်ဝင်းမြင့် ၁၂/မဘန (နိုင်)၀၄၈၇၉၀တို့က ပူးတွဲ၍ပိုင်ဆိုင်ကြောင်း နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၂/သမိုင်း၊ မြေကွက်အမှတ် -၂/ယ၁၊ မြေကွက်တည်နေရာအမှတ် (၂/ယ၁)၊ သာယာ အေးလမ်းသွယ် ၃၊ (၃)ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ ဦးမောင်မောင်သန်း အမည်ပေါက် မြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်သူ ဦးကြည်ညွှန့်မှ ဦးသိန်း၊ ဒေါ်သန်း နွယ်၊ ဦးအုန်းကြည်၊ ဦးတင်မောင်အေး၊ ဦးခင် ဝင်း၊ ဒေါ်အမာ၊ ဒေါ်လတ်လတ်ဆွေ၊ ဦးမြင့်ဌေး၊ ဦးထွဋ်၊ ဒေါ်ခင်စုစုအပေါ် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် မရမ်းကုန်းမြို့နယ် တရား ရုံး တရားမမှုအမှတ် ၃၂/၂၀၁၃ဖြင့် တရားစွဲဆို ခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှု အမှတ်၂၇/၂၀၁၃အရ တရားရုံးကိုယ်စား ဆောင် ရွက်ရန်အတွက် တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ (ဘိလစ်) ၁၁/ကတန(နိုင်) ၀၀၀၆၇၄ မှ တရားရုံးအထောက်အထားများ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာတရားဝင်ပိုင်ဆိုင်မှု အထောက် အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀၄၊ မြေကွက် အမှတ် ၄၇၇၊ မြေကွက်တည်နေရာအမှတ် ၄၇၇၊ ၁၀၄ ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ဦးစိန်ချစ် JE-၀၀၃၃၃၄အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိန်ချစ်ထံမှအရပ်စာ ချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်ထားထား ကြူ ၁၂/ကမရ(နိုင်)၀၂၁၅၁၄က ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်၊ ဌာနဝန်ခံ ချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀မြေငှားစာချုပ် ဂရန်သစ်လျှောက် ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ် ၇၈၆၊ မြေကွက်တည်နေရာအမှတ် ၇၈၆၊ သုမိတ္တာ ၂၀လမ်း၊ (၁)ရပ်ကွက်၊ ဒေါ်တင် ညွှန့် အေဒီ-၀၂၀၄၁၀၊ ဦးအောင်သန်း ဘီဂျီအီး-၁၈၀၇၃၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ မိခင်ဒေါ်တင်ညွှန့်၊ ဖခင် ဦးလှဖေတို့ကွယ်လွန် သဖြင့် ဒေါ်အေးအေး ၁၂/ဥကမ(နိုင်) ၁၂၀၅၅၅က တစ်ဦးတည်းသောသမီးတော် စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ ၎င်းနှင့်ပူးတွဲအမည်ပေါက် ဦးအောင်သန်းထံမှ အထွေထွေကိုယ်စား လှယ်လွှဲစာအမှတ် (၄၀၉/၆-၁-၂၀၁၄) ဖြင့် ရရှိသူ ဦးနေအောင် ၁၂/စခန(နိုင်) ၀၁၅၇၄၀က ပါဝါပေးသူ သက်ရှိထင်ရှားရှိ ကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာကိုတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်နေ ဦးဦး တင်အောင်မြင့်၊ အန်တီအေးတို့၏သမီး၊ သူငယ်ချင်း မြင့်မြတ်အောင်မြင့်၊ တိုးတက်အောင်မြင့်တို့၏ညီမ/အစ်မ ဖြစ်သူ မခင်ငြိမ်းချမ်းသာ(ကစ်ကစ်) ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်း မြင့်မြတ်သောဘုံဘဝတွင် နားခိုနိုင်ပါစေ။

ဒေါက်တာဘုန်းမြတ်ဟိန်း၊ စိုးနေခြည်မြတ်(ဆွိုတီ)
ငြိမ်းမြတ်ဟိန်း(ကိုကျား)

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာမ ဒေါ်တင်အေး(ခ)ဘောဘီ

အထက်တန်းပြ(ငြိမ်း)၊ အထက(၁)ကမာရွတ် (မရမ်းခြံ)

အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ ၁၄၄(က)၊ ဦးချိုလမ်းနေ(Rev. ဆရာကြီး ဦးကျော်အေး-ဒေါ်မြသိမ်)တို့၏တတိယသမီး၊ (ဦးစိန်သန်း-ဒေါ်ခင်သိန်း)တို့၏သမီးချွေးမ၊ ဦးခင်မောင်ဆွေ (လ/ထ ညွှန်မှူး၊ ငြိမ်း၊ ရ-သုံး၊ဦးစီး၌ာန)၏ဇနီး၊ ဒေါ်ဇင်နီအေး(ဗဟိုဘဏ်)-ဦးခင်မောင်ထူး၊ ဒေါ်ဆွေမာအေး၊ ဦးသိန်းကျော်မင်း(ခ)သီဟ-ဒေါ်သန့်ဇင်ဝင်းတို့၏မိခင်၊ ဒေါ်မြမြအေး၊ ဒေါ်ခင်ခင်အေး-ဦးကျော်ဝင်းတို့၏ညီမ၊ (ဦးတင်ဝင်း)-ဒေါ်စောန္တဲ့၊ ဦးတင်မောင်အေး-ဒေါ်စိုးစိုးမြင့်၊ ဦးခင်မောင်အေး-ဒေါ်သင်းသင်းမြင့်၊ ဒေါ်ရီရီအေး-(ဦးစိန်ဝင်း)တို့၏အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏အဒေါ်၊ မောင်စည်သူ၊ မောင်ကျော်ကိုကိုဝင်းတို့၏အဘွားသည် ၂၁-၃-၂၀၁၄ရက် နံနက် ၁၀း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၃-၂၀၁၄ရက် (စနေနေ့) ညနေ ၃နာရီတွင် အမှတ် ၁၁(က)၊ ဦးချိုလမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်ရှိ ကမာရွတ်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ဘုရားကျောင်း၌ကားများ စီစဉ်ထားပါသည်။)

ကျန်ရစ်သူမိသားစု

ဦးငွေလှိုင် CDC No-10829

MIRACO MARINE SERVICES

အသက်(၆၂)နှစ်

တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ် ၃၃နေ ဒေါ်တင်မီ၏ခင်ပွန်း၊ Captain အောင်လှိုင်ဦး (Uniteam Marime Ltd.)-ဗိုလ်ကြီးခိုင်သင်းမွန်(ငြိမ်း)၊ ဒေါ်မြတ်စန္ဒာလှိုင်-ဦးဇော်လင်းတို့၏ဖခင်၊ မောင်ပိုင်ကောင်းခန့်၊ မောင်ဘုန်းပြည့်စုံဖြိုးတို့၏အဘိုး၊ (ဦးငွေနိုင်)-ဒေါ်ခင်ခင်လေးတို့၏ညီသည် ၂၀-၃-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၄ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးလှတင် (မော်လမြိုင်)

AG ရပ်ရှင်ကော်ပိုရေးရှင်း(ငြိမ်း)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၆လမ်း၊ အမှတ် ၁၁-စီ၊ လေးလွှာနေ (ဦးစိန်မောင်-ဒေါ်ကြင်မြိုင်)တို့၏သား၊ (ဒေါ်တင်တင်ညွှန့်)၊ ရိုကိုလှတင်၏ခင်ပွန်း၊ (ဦးလင်းကြည်-ဒေါ်သောင်းရွှေ)၊ (ဦးကျော်မြင့်-ဒေါ်အေးကြည်)တို့၏ညီ/မောင်၊ ဦးအောင်ခိုင် (စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း) - ဒေါ်ညွှန့်ညွှန့်စိန်၊ ဒေါ်သန်းသန်းအေး(တိုကျိုဂျပန်)တို့၏ဖခင်၊မြေးသုံးယောက်၊မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၀-၃-၂၀၁၄ရက် ည ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၄ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်ကြည်တင် (မြိတ်)

အသက်(၈၀)

မြိတ်မြို့၊ထားဝယ်စုရပ်နေ(ဦးဘဒွေး-ဒေါ်ခင်သွေ)တို့၏သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ ကျိုက်တော်လမ်း၊ အမှတ် ၄၀ နေ (ဦးဘငြိမ်း - ဒေါ်စောခင်)တို့၏ချွေးမ၊ (ဦးမြတ်စိုး)၏ဇနီး၊ (ဦးလှဦး)-ဒေါ်ရီရီဝင်း၊ ဦးတင့်လွင်(ကာကွယ်ရေးဝန်ကြီးဌာန)၊ (ဦးမောင်မောင်လွင်)-ဒေါ်သန်းသန်းမော်၊ (ဦးဆန်းလှ)-ဒေါ်မိုးမိုးရီ၊ ဦးငွေတိုး-ဒေါ်တင်တင်မာ၊ ဦးလှထွေးတို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည်၂၀-၃-၂၀၁၄ရက်(ကြာသပတေးနေ့) ည ၈နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၂-၃-၂၀၁၄ရက်(စနေနေ့) တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မအေးအေးငြိမ်း

B.A (History)

အသက်(၂၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ ၂လမ်း၊ အမှတ် ၅၀နေ ဦးမောင်လေး-ဒေါ်ရွှေမြတို့၏သမီး၊ မောင်ဇော်လင်းအောင်၏ညီမသည်၂၀-၃-၂၀၁၄ရက်(ကြာသပတေးနေ့)ည ၇နာရီတွင် စံပြဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၄ရက်(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မာရီသန်း (Ecco Turner)

အသက်(၆၄)နှစ်

(ဦးတာနာ - ဒေါ်ခင်ခင်စိန်)တို့၏သမီး၊ (ဦးကျော်မင်းစိုး)-ဒေါ်တင်တင်ဝေ၊ ဦးကျော်ကျော်ဝင်း-ဒေါ်စူးမတို့၏ညီမ/အစ်မ၊ (ဦးအေးမင်းဝင်း)၊ ဦးအာကာ-ဒေါ်ဇင်မာကို၊ ဒေါ်ရူပါရဲဝင်းတို့၏မိခင်၊ ဦးရဲဝင်း (Pinky)၏ဇနီး၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၂၀-၃-၂၀၁၄ရက် ည ၈း၃၀နာရီတွင် အမှတ် ၁၇၈၊ ဇေယျဝတီပတ်လမ်း၊ ၆/၁၁ ရပ်ကွက်၊ ရွှေညာမောင်ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၄ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးတင်လှိုင်(ခ)

ဦးတင်ကြူး (ထားဝယ်)

စက်ဆရာကြီး

အသက်(၅၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ တီတွတ်ပြင်ကျေးရွာနေ (ဦးကျင်လှိုင်) - ဒေါ်ခင်စီတို့၏ သား၊ (ဦးနေဝင်း) - ဒေါ်လှကြူတို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့် စံပြရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၁၀၇၊ မြေညီထပ်နေ ဒေါ်အေးမူ၏ခင်ပွန်း၊ မဆွေဇင်ဖြိုး၊ မဝင့်ဝါဖြိုး၊ မခင်မြတ်နိုးတို့၏ဖခင်၊ (ဦးကျော်အေး)-ဒေါ်မယ်စိန်၊ ဦးထွန်းရှိန် - ဒေါ်ကျင်မွေးတို့၏ အစ်ကိုသည် ၂၁-၃-၂၀၁၄ရက်(သောကြာနေ့)နံနက် ၀၀း၃၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြင့်လွင်(ခ)ဦးလှအောင်

(ကျောက်ပန်းတောင်း)

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ တိုက် N4/1 နေ (ဦးဘသန်း-ဒေါ်ခင်ကျော်)တို့၏သား၊ ဒေါ်ခင်နွဲ့ရီ (အထက၊ သုဝဏ္ဏ)၏ခင်ပွန်း၊ ဒေါ်ခင်ကြည်၊ (ဒေါ်ခင်နှင်းရီ)၊ ဒေါ်ပြုံးပြုံးတို့၏မောင်၊ ဦးမြင့်သိန်း၏အစ်ကိုသည် ၂၁-၃-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁း၃၅နာရီတွင် ဂျပန်ဆေးရုံသစ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးစီ (တောင်ငူမြို့)

အသက်(၉၄)နှစ်

တောင်ငူမြို့၊ ၁၆/၂၁၁၊ အမှတ် ၁လမ်းနေ ဒေါ်မြအေး၏ခင်ပွန်း၊ ဒေါ်ခင်လှ-(ဦးတင်မြင့်)၊ ဒေါက်တာဒေါ်လှဝင်း-ဒေါက်တာဦးအောင်လင်းဦး၊ ဒေါက်တာဦးထွန်းဦး-ဒေါက်တာဒေါ်နုနုအောင်၊ဒေါ်ခင်မြင့်-Charles Calhour (USA)၊ ဒေါ်လှလှ(USA)၊ ဦးစိန်ဝင်း-ဒေါ်မိုးမိုးမြင့်၊ ဒေါ်သန်းသန်းခိုင်၊ ဦးကျော်သန်း-ဒေါ်မော်မော်လွင်၊ ဦးမင်းသူတို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏ အဘိုးသည် ၂၁-၃-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁း၃၇နာရီတွင် တောင်ငူကေတုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူတရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှတင် (တကူကနာ၊ ချောင်းဆုံမြို့နယ်၊ ဘီလူးကျွန်း)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊(၃)ရပ်ကွက်၊ ၁၉လမ်း(အောက်လမ်း)၊ အမှတ် ၃၃၊ မြေညီထပ်နေ (ဦးချစ်မောင်-ဒေါ်စော)တို့၏သမီး၊ (ဦးပါငယ်-ဒေါ်ဖွားကြည်)တို့၏သမီးချွေးမ၊ (ဗိုလ်မှူးဖေအေး-တပ်မတော်လေ)၏ဇနီး၊(ဦးခင်မောင်ဝင်း)-ဒေါ်စန်းစန်းအေး၊ ဦးကိုကိုကြီး(ခေတ္တ-ဂျပန်)၊ ဦးလွင်အောင်-ဒေါ်ခင်ခင်အေး၊ ဦးကိုကိုအောင်(Raffle Singapore)-ဒေါ်တင်မိုးညွန့်၊ ဒေါ်စုစုအေး [ခေတ္တ-တရုတ်(တိုင်ပေ)]၊ ဦးမျိုးမြင့်-ဒေါ်မိုးမိုးအေး(ခေတ္တ-စင်ကာပူ)တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၃-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (၁၉လမ်းနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဂင့်ခန့်ဆွင်

အသက်(၇၄)နှစ်

ဆရာမ ဒေါ်ဇင့်ဇကျိန် B.A. BED အလယ်ပြ၊ အလက(၃)၊ ကလေးမြို့၊ ဆရာမ ကျင်းလျင်းကျိန် B Th.MDive ကလေးမြို့၊ သိက္ခာတော်ရဆရာမ ဒေါ်ကျိန်ရှင်းလွန်၊ ရန်ကုန်ခရစ်ယာန်အသင်းတော် စမ်းချောင်းနှင့် ဦးထန်ခင်းမုန်၊ ဦးကမ်းထွန်းမန်တို့၏ဖခင်၊ ဒေါ်ဂုန်ဇညင်း၏ခင်ပွန်းသည် ၁၉-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၄ရက် (စနေနေ့)တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်တင်မြင့် (ဝါးခယ်မ)

အသက်(၈၉)နှစ်

ဝါးခယ်မနေ သခင်လူမင်း-ဒေါ်ပုတို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျောင်းလမ်း၊ ခြံအမှတ် ၅၊ မရမ်းကုန်းမြို့နယ်နေ (ဦးဝင်း)၏ဇနီး၊ ဦးအေးနိုင်အောင် - Joyce Kimi ၊ ဦးအောင်ဟိန်း - ဒေါ်အေးအေးနိုင်တို့၏မိခင်၊ မောင်ရန်အေး၊ မောင်သက်စံတို့၏အဘွားသည် ၂၀-၃-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၂း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၄ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်စောညွှန့် (မင်းပြား)

အသက်(၇၀)

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ ပြည်ထောင်စုလမ်းနေ ဦးစောလှဦး-ဒေါ်ငွေစိန်တို့၏သမီး၊ (ဦးစောရွှေ)၏ဇနီး၊ ဒေါ်ခင်စောမိုး-ဦးသန်းစိန်မောင်၊ ဒေါ်သိန်းသိန်းစော-ဦးအောင်ဇော်လွန်း၊ ဦးစောမိုးကျော်၊ ဒေါ်တိုးတိုးစော-ဦးမောင်ရွှေသန်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၁-၃-၂၀၁၄ရက် နံနက် ၉း၅၀နာရီတွင် စစ်တွေ အကျဉ်းဦးစီးဝင်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၄ ရက်တွင် အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ကိုသန့်ဇင်ဝင်း(ခ)

ဖိုးတွတ် (မုံရွာ)

(81 စားသောက်ဆိုင်)

အသက်(၃၉)နှစ်

မုံရွာမြို့၊ဆူးလေကုန်းရပ်နေ(ဦးနီ)-ဒေါ်တင်ကြည်တို့၏မြေးကြီး၊ (ဦးဝင်းဆွေ - ဒေါ်သန်းသန်းမြင့်)တို့၏သားကြီး၊ ဦးဗိုလ်လင်း-ဒေါ်သန်းအေးတို့၏သားသမက်၊ မုံရွာမြို့၊ နန္ဒဝန်ရပ်၊ ကျွန်းရွှေဝါလမ်း၊ အမှတ် ၁၃၆နေ မဇာခြည်လင်း(81-စားသောက်ဆိုင်)၏ခင်ပွန်း၊ မသဒ္ဒါသန့်ဇင် (Grade-X)၊ မသံစဉ်ရှင်းသန့်(Grade-II)တို့၏ဖခင်၊ ကိုမျိုးဇင်ဝင်း-မမေသန်းထက်၊ ကိုစိုးဇင်ဝင်း-မခင်မမမောင်၊ ကိုဟိန်းဇင်ဝင်းတို့၏အစ်ကို၊ တူ သုံးယောက်တို့၏ ဦးလေးသည် ၂၁-၃-၂၀၁၄ရက် (သောကြာနေ့)နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၄ရက် (စနေနေ့) ညနေ ၄နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

PI HAU KHUA CIIN (PI KHEKNO)

Zangkong Tonzanglawm

အသက်(၈၃)နှစ်

(Pu Thang Cin Kham-Pi Cing Za Lun)တို့၏သမီး၊ (Pu Sing Pum-Pi Zel Khua Man)တို့၏သမီးချွေးမ၊ (Pi Niang Khan Man-Bo Kam Cin Hang) ၏ညီမ၊ Rev. Sian Cin Thang (Founder of ICC)-Pi Zam Suan Niang) ၏အစ်မ၊ Nu Man Khan Dim - Rev. Thang San Mung,Pa Pum Lam Mang (Grace AG Office)-Nu Man Khan Nuam (Sanggam Media),Pa Kham Lian Mung(ခေတ္တ-မလေးရှား) -Nu Cing Ngaih Lun@Kyi San,Sayama Lun Khan Cing(JAT,Tedim),Pa Do Than Tuang(Hebron Printing Press)-Nu Man Khan Vung,Pa Mung Za Thang - Nu Naw Sei (ခေတ္တ-ထိုင်း)၊ Pa Joseph Thang Lian Khai - Nu Aye Aye Thar (ခေတ္တ-ထိုင်း)တို့၏မိခင်၊ မြေး ၂၂ ယောက်၊မြစ်ငါးယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကျိုက်တော်လမ်း၊ ကျိုက်တော် တိုက် ၃၊ အခန်း ၅၀၅နေ Evan. Peter Gin Khan Do ၏ဇနီးသည် ၁၉-၃-၂၀၁၄ ရက် ညနေ ၃း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၄-၃-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ခန်းမ၌ဝတ်ပြုဆုတောင်းပြီးဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ယုဇနဥယျာဉ်၊ ပိတောက်ကွေ့မှတ်တိုင်၊ ဓမ္မာန္တေလ ဘုရားကျောင်းရှေ့၊ လှိုင်သာယာ မြင်းပျံဂိတ်ဟောင်းနှင့် အထက်ပါနေအိမ်တို့မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာ

ဦးနန်းအောင်

(စစ်မှုထမ်းဟောင်း)

ကြီးကြပ်ရေးမှူး၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး(ပါရမီယာဉ်လိုင်း)

အသက်(၆၇)နှစ်

လယ်ဝေးမြို့နေ (ဦးခင်မောင်-ဒေါ်ကုလားမ)တို့၏သား၊ ဒေါ်အုန်းသွင်၏ခင်ပွန်း၊ရန်ကင်းမြို့နယ်၊(၁၄)ရပ်ကွက်၊ ကျောက်ကုန်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ကြက်ခြေနီအသင်းရုံးနေ ဦးသောင်းထွန်းဦး၊ ဦးအောင်ဆွေဦး - ဒေါ်နန်းကေသီ၊ ကိုအောင်ဝင်း-မမြင့်မာတင်၊ မစုရည်ဝင်း၊ မောင်ကျော်သူရတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၉-၃-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တီဘု (မော်လမြိုင်)

အသက်(၉၂)နှစ်

[စောဘန်နိုက်(ခ)ဦးဘညွန့် (မော်လမြိုင်)]၏ဇနီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ စံပြ ပုသိမ်ညွှန့်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၁၀၊ မြေညီထပ်နေ ဒေါ်စန်းစန်းညွန့်-ဦးကံစိန်၊ ဒေါ်ခင်မြင့်တို့၏မိခင်သည် ၂၁-၃-၂၀၁၄ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၄ရက် နံနက် ၈နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်သက်မြင့်

အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းကတိုးလမ်း၊ အမှတ် ၁၈၈နေ (ဦးအောင်ထူး - ဒေါ်ပို)တို့၏ သမီး၊ ဟသ်္ဘာတမြို့နေ (ဦးညဏ်-ဒေါ်အေးသွင်)တို့၏သမီးချွေးမ၊ (ဦးတင်မောင်ဝင်း)၏ဇနီး၊ ဦးဖြိုးသက်ဝင်း-ဒေါ်အေးအေးမော်၊ ဦးဇော်ငြိမ်းအောင်-ဒေါ်လေးလေးမြင့်တို့၏မိခင်၊ ဦးမြင့်သိန်း၊ ဦးမျိုးခင်-ဒေါ်မြမြနွယ်၊ ဒေါ်ဝင်းမြင့်၊ ဦးတင်ရွှေ - ဒေါ်တင်မျိုးနွယ်တို့၏ အစ်မကြီး၊ မထက်ဦးခိုင်၊ မောင်ညဏ်လင်းထက်၊ မောင်ဘုန်းမြတ်သော်တို့၏ အဘွားသည် ၂၁-၃-၂၀၁၄ရက် (သောကြာနေ့)နံနက်၅နာရီတွင်အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍၂၃-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျင်ဆန်း

လက်ထောက်မန်နေဂျာ(ငြိမ်း)

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဒေါက်တာဦးကြင်ကျွေ-ဒေါ်သဲစု)တို့၏သား၊ (ဦးဘချစ်-ဒေါ်သောင်း)၊ ကလေးဝမြို့တို့၏သားသမက်၊ ဒေါ်ကျင်စု(သူနာပြုအုပ်၊ ငြိမ်း)၊ (ဒေါက်တာဦးမြဝင်း)-ဒေါ်ကျင်ဥတို့၏မောင်၊ ဦးမောင်မောင်ယဉ်-ဒေါ်ကျင်နု(တမူးမြို့)၊ဦးမြင့်ဆွေ-(ဒေါ်ကျင်ရှိန်)၊ ဒေါက်တာဦးကျင်ကင်း-ဒေါ်အေးမြင့်၊ ဦးကျင်ဟင်း-ဒေါ်မြသိန်း၊ ဒေါက်တာဦးထွန်းဇော်-ဒေါ်ခင်မေသန်း (တမူးမြို့)တို့၏ အစ်ကိုကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် ၄၊ ဇင်ယော်လမ်းနေ ကိုရဲဝဏ္ဏငွေး - မနန္ဒာမော်မော်စန်း (ခေတ္တ-စင်ကာပူ)၊ မောင်စိုးလင်းထွန်း (WY Z Pte Ltd.)တို့၏ဖခင်၊ မောင်ရဲချမ်းလင်း၊ မောင်ဘုန်းခန့်ငွေးတို့၏အဘိုး၊ ဒေါ်ခင်မော်မော် (သူနာပြုဆရာမကြီး၊ ဗဟိုအမျိုးသမီးဆေးရုံ၊ ငြိမ်း)၏ခင်ပွန်းသည် ၂၀-၃-၂၀၁၄ရက် ည ၉း၁၀ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၂-၃-၂၀၁၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၄ရက် နံနက်၈နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း

ဟာဂျီဒေါက်တာဦးသက်ဆွေ (ခ)ဟူစိန်အလီ (သံတွဲ)

M.B.,B.S (YGN)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ အမှတ်၄၃၇(A)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်နေ (ဦးအောင်သိန်း-ဒေါ်ညွှန့်ညွှန့်)တို့၏သား၊ ဒေါ်ခင်မေဆက်၏ခင်ပွန်း၊ မောင်သိန်းထက်ဦး၊ မောင်လင်းအောင်သက်တို့၏ ဖခင်သည် ၂၂-၃-၂၀၁၄ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၂-၃-၂၀၁၄ရက် ဇုဟိုရ်နမာဇ်အပြီး မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်၌ ဒါဖနာမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တပညာဝံသ (မဲဇလီကုန်း)

(သာသနဓဇ ဓမ္မာစရိယ)

သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ဣစ္ဆာရာမကျောင်းတိုက် မိုးကုတ်ဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၁၁၃) ပဓာနနာယက ဩဝါဒစရိယ ဆရာတော်ဖြစ်တော်မူသော လဋ္ဌီပေသလ သိက္ခာကာမ ဝိနယဂရုကဖြစ်တော်မူသော ဘဒ္ဒန္တပညာဝံသ (သာသနဓဇ ဓမ္မာစရိယ) သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါသည် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်) ၂၀-၃-၂၀၁၄ရက် (ကြာသပတေးနေ့)ည ၈း၅၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်) ၂၄-၃-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှဆွေတော်မျိုးတော်အပေါင်းနှင့်တကွဒါယကာ၊ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီ၊ ဣစ္ဆာရာမကျောင်း

ဦးပီကျော်ဟန် (ဗိုလ်မှူးကြီး၊ ငြိမ်း၊ သံအမတ်ကြီး၊ ငြိမ်း)

ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၇)

ကြည်း-၆၂၇၇

အသက်(၈၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ဝင်မနားရွာနေ (ဦးဘယူ-ဒေါ်စောမြိုင်)တို့၏သားကြီး၊ (ဒေါ်မြကေသီ)၏ခင်ပွန်း၊ ဦးတင်လှ(ကုန်သွယ်ရေး)၊ ဒေါက်တာထင်မြတ်၊ ဦးဇော်လင်း(ဗိုလ်မှူးကြီး၊ ငြိမ်း)တို့၏အစ်ကို၊ ဒေါက်တာမြင့်သန်းဝင်း - ဒေါ်ကေသီဦး၊ ဦးနေဝင်းဦး၊ MR. Jakrit Satirasatian-ဒေါ်ပပဦး၊ဦးသန့်ကျော်ဦး(Master Mariner F.G)-ဒေါက်တာခင်ယဉ်ယဉ်ထွေးတို့၏ဖခင်၊ မောင်ကောင်းထက်မြင့်၊ မောင်ရဲနောင်နေဝင်း၊ Jimmy ၊ Nicky ၊ Reggie ၊ မောင်သန့်သော်ဟန်တို့၏အဘိုးသည် ၂၀-၃-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၆း၂၅နာရီတွင် အမှတ် ၆၊ ငွေကြာရံရိပ်သာ၊ ဝေဇယန္တာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယကာကြီး

ဦးသက်(ခ)ဦးဖိုးသဲ အသက်(၈၄)နှစ်

အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ ဖြူးကုန်းတောရစာသင်တိုက်၊ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိသေဋ္ဌ (ဒွိပိတကရေ)၏ ဖခမည်းတော်၊ ပဲခူးတိုင်း ဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ (ဦးဘိုးရင်-ဒေါ်အုပ်ကြီး)တို့၏သား၊ (ဦးကွယ်-ဒေါ်သန်းရင်)တို့၏သားသမက်၊(ဦးစံသိန်း)၊ (ဦးစံငြိမ်း-ဒေါ်ကျင်လှ)၊ (ဦးကုလား)၊ (ဒေါ်ငွေရည်)၊ (ဦးဘမြိုင်-ဒေါ်ခင်ယု)၊ [ဦးဝဲ(ခ)ဦးဝင်း-ဒေါ်လှ]တို့၏ညီ/မောင်၊ ဦးခင်မောင်-(ဒေါ်မှီ)၊ [ဦးစိုးရင်(ခ)ဦးစန်းဘို]-ဒေါ်အုန်းမြင့်၊ ဦးစန်းချို-ဒေါ်ညို၊ ဦးအုန်းမြင့်-ဒေါ်ထွေးကြည်၊ ဦးတိုး-ဒေါ်ရင်ကြည်၊ (ဦးကျော်ဝင်း-ဒေါ်စမ်း)တို့၏အစ်ကို၊ ကိုဝင်းကြိုင်-မအေးအေးနွဲ့၊ ဗိုလ်ကြီးသိန်းဆွေမြင့်(မြဝတီရပ်သံ)-မခင်သက်မော်၊ ရွှေပေါက်ကံစက်မှုဇုန်နေ ကိုလှအေး-မမြမြစန်း၊ မသင်းသင်းကြူ၊ မန္တလေးစက်မှုဇုန်(၂)နေ(ကိုဇော်နိုင်စိုး)-မသင်းသင်းမူ၊ ရွှေပေါက်ကံစက်မှုဇုန်နေ ကိုသက်ခိုင်-မခင်စန္ဒာသက်၊ ကိုအေးသန်း-မခင်သန္တာသက်၊ ကိုကျော်ကျော်-မစောသီဂီသက်၊ (ကိုအောင်မိုးကျော်)၊ ကိုအောင်စိုးကျော်တို့၏ဖခင်၊မြေး ၁၅ယောက်တို့၏အဘိုး၊ မြောက်ဥက္ကလာပ စက်မှုဇုန်၊ (င)ရပ်ကွက်၊ အမယာလမ်း၊ အမှတ် ၂၀၅နေ (ဒေါ်မြရီ)၏ခင်ပွန်းသည် ၂၁-၃-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၂း၀၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအုံကြည် (ဟင်္သာတ)

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရှေ့နေချုပ်ရုံး

အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၁၄-အေ၊ ရွှေပင်လုံအိမ်ရာနေ(ဦးကြီးရား-ဒေါ်ငြိမ်းရင်)တို့၏သား၊ (ဆရာကြီးဦးခို-ဒေါ်ငွေစိန်)တို့၏သားသမက်၊ (ဦးလှရွှေ-ဒေါ်မြမြခင်)၊ ဒေါ်ခင်ဆွေ၊ (ဒေါ်ခင်သောင်း)၊ (ဒေါ်လှမြတ်ကြည်)တို့၏အစ်ကို၊ ဒေါ်တင်တင်ဝင်း(မန်နေဂျာ၊ ငြိမ်း၊ စား/ဖျော်)၏ခင်ပွန်း၊ ဦးဖြိုးထွန်းအောင်(Singapore)-ဒေါ်လွင်မူယာဦး၊ ဦးညီထွန်းအောင်-ဒေါ်ဇာဇာမြင့်၊ ဒေါက်တာညီထွန်းနိုင်(USA)-ဒေါက်တာဖြူအေးဟန်(USA)တို့၏ဖခင်၊ မောင်လွင်ဖြိုးအောင်၏အဘိုးသည် ၂၀-၃-၂၀၁၄ရက် နံနက် ၇း၄၅နာရီတွင် ပင်လုံးဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးလှမိုး B.Sc (Botany)

2nd Officer M.V-IVS KWATIO (Miraco Marine Co.,Ltd.)

CDC-18369

အသက်(၄၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် ၅၃နေ ဒေါ်ညွှန့်ရီ၊ ဒေါ်ကြွေတို့၏တူ၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ် ၁၀၈/ကနေ (ဦးတင်အောင်)-ဒေါ်ခင်ခင်တင့် (အထက-၂၊ လသာ၊ ငြိမ်း)တို့၏သားငယ်၊ ဦးသိန်းစိုး-(ဒေါ်ယဉ်ယဉ်စမ်း)၊ ဒေါ်နုရီ၊ ဦးဝင်းမြင့်၊ ဦးဝင်းတင့်၊ ဦးမြဇော်ချို(E/E Marsks Line Shipping Co.,Ltd.)-ဒေါ်တင်တင်မော်တို့၏ညီ/မောင်၊ ဦးနေအောင်(BSM Shipping Co.,Ltd.)-ဒေါ်ဥမ္မာခင်တို့၏ညီ၊ ဒေါ်သီတာအောင်၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေး၊မြေးနှစ်ယောက်တို့၏အဘိုးသည် M.V-IVS KWATIO သင်္ဘောပေါ်၌တာဝန်ထမ်းဆောင်စဉ် စပိန်နိုင်ငံ ALGECIRAS မြို့ဆေးရုံ၌ ၄-၃-၂၀၁၄ရက်(အင်္ဂါနေ့)တွင်ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၁၄ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၅၃၊ ပါရမီလမ်းနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာညွှန့်ညွှန့်အေး(ခ)နိုးနိုး (စလင်း/မကွေး)

ကထိက ဌာနမှူး၊ ဥပဒေပညာဌာန၊ ပင်လုံတက္ကသိုလ်

အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊စမ်းချောင်းလမ်း၊ အမှတ် ၇၂၊ ခြောက်လွှာ(A)နေ ဦးသန်းရှိန်(ပညာရေးမှူး၊ ငြိမ်း)-ဒေါ်ခင်နုနုဝေတို့၏သမီး၊ ဒေါက်တာကိုကိုဦး(UN)-ဒေါ်နန်းဆိုင်ဟွမ်(AZG)၊ ဒေါ်ချိုချိုဖူး(ရိုးမဘဏ်၊ လမ်းမတော်ဘဏ်ခွဲ)၊ ဦးညီညီဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ ဟိုတယ်/ခရီး)-ဒေါ်ချစ်ချစ်သက်၊ ဒေါ်လွင်လွင်ငွေး(မြို့နယ်တရားသူကြီး၊ ဟိုပုံး)၊ ဦးနိုင်ဝင်းကို (Multigate Co.,Ltd.)-ဒေါ်သက်သက်အေး(အထက-၃၊ စမ်းချောင်း)၊ ဒေါ်ခင်သီတာရှိန်(စာရင်းစစ်မှူး၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)တို့၏ညီမ၊ ဦးနောင်ဆန်းလင်း(Kansai Electric Power Co.,Inc)-ဒေါ်ခိုင်မြတ်သူ၊ ဒေါ်ဖြူဖြူရှိန်(REM Co.,Ltd.)တို့၏အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၁၉-၃-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၂၀နာရီတွင် လှိုင်လင်ပြည်သူ့ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မြန်မာ-ကိုရီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr. PARK, Byeong Seung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဒေါက်တာအောင်မြတ်ဦးတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr. LEE Baek Soon နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ခင်ရင်းနှီးမှုပိုမိုတိုးတက်လာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညဏ်ထွန်း ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr. PARK, Byeong Seung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

လေယာဉ်အစိတ်အပိုင်းဟုထင်ရသော အရာဝတ္ထုများ ပင်လယ်ပြင်အောက်နစ်မြုပ်သွားပြီဖြစ်ကြောင်း ဩစတြေးလျအစိုးရကဆို

ဘာသာပြန် ကျော်သဲအိမ်

မတ်လ ၈ ရက်ကတည်းက ပျောက်ချင်းမလှ ပျောက်ဆုံးသွားခဲ့သော မလေးရှားလေကြောင်းအမှတ် MH- 370 ပြန်လည်တွေ့ရှိရေးအတွက် နိုင်ငံတကာအဖွဲ့က တောင်အိန္ဒိယပင်လယ်ပြင်အတွင်း ပိုက်စိပ်တိုက် ရှာဖွေခဲ့ကြသော်လည်း မတ် ၂၁ ရက် ရောက်သွားသည့်တိုင် ထူးခြားမှုမရှိသေးကြောင်း၊ ဩစတြေးလျဂြိုဟ်တုပုံရိပ်တွင် တွေ့ရှိရသော အရာဝတ္ထုနှစ်ခုမှာလည်း ယခုအခါ ပင်လယ်ပြင်အောက် နစ်မြုပ်သွားပြီဟု ယူဆရကြောင်း ဩစတြေးလျ ဒုတိယဝန်ကြီးချုပ်က သတင်းထောက်များကို ပြောကြားသည်။

ကမ္ဘာ့လေကြောင်း သမိုင်းတွင် အထူးခြားဆုံးဟု သတ်မှတ်ထားကြသော မလေးရှားလေယာဉ်ပျောက်ဆုံးမှု၏ ပဟေဠိကိုအဖြေညှိရန် နိုင်ငံပေါင်း ၂၆နိုင်ငံမှ လေယာဉ်နှင့်သင်္ဘောများသည် မွှေနှောက်ရှာဖွေထားပြီးသား နယ်နိမိတ်များကိုကျော်ကာ ထိုင်းနှင့်အိန္ဒိယကြား၌ ကပ္ပလီပင်လယ်ပြင်အတွင်း ထပ်မံရှာဖွေမှုများ စတင်ခဲ့ပြန်သည်။ အတည်ပြုပြီးသဲလွန်စတစ်စုံတစ်ရာရရှိမှု မရှိသေးသော်လည်း အိန္ဒိယပင်လယ်ပြင်အတွင်း နိမ့်ချည်မြင့်ချည်မျှောပါနေသော အရာနှစ်ခုကမူ ဖြစ်နိုင်ခြေအများဆုံးသဲလွန်စအဖြစ် ကျွမ်းကျင်သူများ သုံးသပ်ခဲ့ကြသည်။ သို့သော်လက်တွေ့ ရှာဖွေရေးတွင် ပါဝင်သော ရှာဖွေစုံစမ်းရေးမှူးများကမူ လေယာဉ်အပိုင်းအစများဟု ယူဆရသည့် ယင်းအဖြစ်နိုင်ဆုံးသဲလွန်စများကို ယနေ့တိုင် ရှာဖွေနေကြဆဲပင်ဖြစ်သည်။

ဩစတြေးလျအာဏာပိုင်များက လွန်ခဲ့သော ငါးရက်ကဂြိုဟ်တုပုံရိပ်မှ တွေ့ရှိခဲ့သော သဲလွန်စများကို ရှာဖွေ

စာမျက်နှာ ၁၀ ကော်လံ ၁ ❖

ဒေသခံများဓာတ်အားရရှိစေမည့် အထက်သံလွင်(ကွမ်းလုံ)ရေအားလျှပ်စစ်စီမံကိန်း

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကွမ်းလုံ မတ် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဒေသခံများအတွက် ရေအားလျှပ်စစ်ရရှိရေး စီစဉ်ဆောင်ရွက်နေသည့် သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများအတွက် ဝေဖန်ပြစ်တင်ကန့်ကွက်မှုများလည်း ရှိနေသည်။ ထို့ကြောင့် အထက်သံလွင်(ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်ပြီး တာဝန်ရှိသူများက ဒေသခံများအား ရှင်းလင်းသည့် အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ယခုစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပါက ကျေးရွာခြောက်ရွာမှ အိမ်ထောင်စု ၆၄ စုကို ကျေးရွာသစ်များ ပြန်လည်ဖော်ထုတ်ပေးမည်ဖြစ်သည်။ တစ်ဖန် လယ်ယာမြေ၊ သစ်တောမြေ၊ နှစ်ရှည်သီးနှံစိုက်ပျိုးမြေ စုစုပေါင်း ၁၃၂၅ ဧကခန့်ရှိမည်ဖြစ်ရာ လယ်ယာမြေများ ပြန်လည်ဖော်ထုတ်ပေးမည်ဖြစ်သည့်အပြင် ထိခိုက်နစ်နာကြေးများ၊ ထောက်ပံ့ကြေးများလည်း ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တစ်ဖန် ထိခိုက်ဆုံးရှုံးနိုင်မှုရှိသည့်နေရာများတွင် ကျေးရွာချင်းဆက်လမ်းများ၊ လမ်းသစ်များ၊ တံတားများ၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို ဆောင်ရွက်ပေးမည့်အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အနည်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

